www.burmeseclassic.com

အိမ်သူရွှေမ တပေ




# အရိုး ဖိနပ်ခြောက်ရန်

နှင့်

## အခြားစာစုများ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် ၄၀၀၂၈၆၀၁၁၂

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၄၀၀၁၄၈၀၄၁၂

ပထမ အကြိမ် ၂၀၁၂၊ မေလ

မျက်နှာဖုံးဒီဇိုင်း အံ့ဘွယ်ဇင်

မျက်နှာဖုံးရိုက် အော်ဖ္ဖေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်

၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်၊

၁၂၊ အောက်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ၊

၁၀၊ရတနာမြိုင်လမ်း၊ လှည်းတန်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ ၅၀၀

တန်ဖိုး ၁၈၀၀ ကျပ်

၈၉၅.၈၇

အရိုး

ဖိနပ်ခြောက်ရန်နှင့် အခြားစာစုများ / အရိုး - ရန်ကုန်၊

သင်းစာပေ၊ ၂၀၁၂

၁၁၁ - စာ၊ ၁၃ x ၂၀.၅ စင်တီ

(၁) ဖိနပ်ခြောက်ရန်နှင့် အခြားစာစုများ

## မာတိကာ


၁။ ဖိနပ်ခြောက်ရန် ၁

၂။ Touch Me If You Can ၇

၃။ ပူပါတယ်ဆိုမှ ၁၁

၄။ မူလီ ၁၅

၅။ ဖက်တီးမျက်မှန် ဂျင်နရေးရှင်း ၁၉

၆။ ကြာ ၂၃

၇။ ရှေ့မီနောက်မီ ၂၉

၈။ ငွေနဲ့ပြိုင်တဲ့ လူ ၃၅

၉။ လူနှင့် ရွက်လွှင့်ခြင်း ၄၃

၁၀။ ဒေါ်သထွက်တဲ့လူ ၄၉

၁၁။ တောင်တွေပေါ်မှာ ၅၇

၁၂။ ပိုင်ဆိုင်မှုကျိုးပေါက်ခြင်း ၆၁

၁၃။ ကိုရှိန် Virus ၆၅

၁၄။ ဖိုးသမားဆုံးမနည်းတစ်မျိုး ၇၁

၁၅။ စဉ်းစားခြင်း အနုပညာ ၇၅

၁၆။ ယောက်ျားတစ်ယောက်၏ ချစ်သူ ၈၁

၁၇။ မြို့ပြသကြံန်ယောက်ိန်း ၈၇

၁၈။ နတ်သမီး ၈၉

၁၉။ အချိန်စားခြင်း ၉၁

၂၀။ ဗိုက်ခေါက်ကို အလစ်မပေးနှင့် ၉၇

၂၁။ ဘူ ၁၀၁

၂၂။ သူခိုးတက်တဲ့ည ၁၀၇


www.burmeseclassic.com

www.burmeseclassic.com

# ဖိနပ်ခြောက်ရန်

'အဲဒါကြောင့် သားတို့ သမီးတို့ကို ကမ္ဘာဆန်ဆန် နေကြဖို့ အဘပြော ပြောနေတာပေါ့၊ ဒီနေ့ လူ့အဖွဲ့အစည်းဟာ တစ်ဦးကောင်း တစ်ယောက်ကောင်း၊ ပညာတစ်ခုကောင်းလောက်နဲ့ ကျေနပ်နေလို့ ရပ်တည်လို့ မရတော့ဘူး၊ လူငယ်တွေဆို ပိုတောင် လိုအပ်ချက်တွေ များသေးတယ်၊ အရင်ခေတ်ဟောင်း ခေတ်ဆွေးတုန်းကလို 'တက္ကသိုလ်က ဘွဲ့သာ ရ ငါပညာတတ် ဖြစ်ပြီကွ' လို့မရတော့ဘူး၊ သူများခန့်တဲ့ အလုပ်တွေကို လျှောက်ပြီး လိုက်ဝင်ချင်နေလို့လည်း မရတော့ဘူး၊ လခစား ဘဝဟာ နိုင်မာတယ်၊ မလုပ်မရှုပ်မပြုတ် နေတတ်ရင် ပြီးတာပဲဆိုတဲ့ အယူအဆဟောင်းတွေခေတ် ပြီးသွားပြီ၊ ဒီခေတ်မှာ ဒီလိုတွေ လာ နေ နေလို့ကတော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး၊ ကမ္ဘာဆန်မှရမယ့်ခေတ် ဖြစ်နေပြီကွယ့်'

'ဒါဆို ဘယ်လိုနေရမလဲ အဘ'

'ဆိုကြပါစို့ကွယ်၊ သာမန် အရပ်စကားနဲ့ ပြောရရင် ဘာပညာမှ မတတ်ဘဲ ဖိနပ်ချုပ်စားတဲ့လူပဲ ဆိုပါစို့၊ ဒါတောင် ဘာပညာမှ မတတ်ဘူးဆိုပေမဲ့ ဖိနပ်တော့ ချုပ်တတ်သေးတယ်နော်၊ အရင် [illegible] အရာရာ ရှားပါးတဲ့ခေတ်တုန်းကတော့ လူတွေက ဖိနပ်တစ်ရန်ကနေ နောက် တစ်ရန် ပြောင်းဝယ်စီးဖို့ အတော်ဝန်လေးကြတာကွယ့်၊ ခေါင်းလေးပြုတ်ရုံ လျှာလေးကျွာရုံဆို ပြန်ချုပ်ပြီး စီးကြတယ်၊ ဖိနပ်အမျိုး[illegible] သိပ်များများစားစား ဖောခြင်းသောခြင်း ရှိနေတာ မဟုတ်တော့ ဖိနပ် ချုပ်စားတဲ့လူဟာ ဖိနပ်လေး သက်သက် ချုပ်စားနေရုံနဲ့ [illegible]

www.burmeseclassic.com



တယ်ကွယ့်၊ ဖိနပ်တွေကလည်း ရွေးချယ်ဝယ်စရာ အမျိုးအစားက နည်းတော့ သုံးလေးငါးမျိုး ကောင်းကောင်းနဲ့ သပ်သပ်ရပ်ရပ် ချုပ်တတ်ရင်ကို အတော် အဆင်ပြေခဲ့တာကလားကွယ့်၊ ယာ ခေတ်လည်းပြောင်းလိုက်ရော ဖိနပ်ချုပ်သမားခမျာ တစ်ယောက်ထဲ ကွက်ပြီး ကမ္ဘာပြားတော့တာပဲ'

'ဘယ်လို ပြားတာလဲ အဘရဲ့'

'ပြားတာက ဒီလိုကွယ့်၊ ခေတ်လည်းကောက်ပြောင်းလိုက်ရော ဖိနပ်တွေ အများကြီး ရောက်လာ ဝင်လာရော၊ လူတွေကလည်း တော်ရုံတန်ရုံဆို ဖိနပ်ကို သိပ်ချုပ်စီးချင်ကြတော့တာ မဟုတ်ဘူး၊ အသစ်တွေ အများကြီး ရှိနေပြီကိုး၊ သူ့ဈေးနဲ့ သူ သူ့အမျိုးအစားနဲ့ သူ တန်ရုံ တန်ရုံတွေ နေရာအနှံ့မှာ ရှိနေပြီ၊ အရင်ခေတ်က ရွေးစရာ မရှိဘူး၊ ချုပ်စီးခြင်းသာ တစ်ခုတည်းသော ဖြေရှင်းစရာ နည်းလမ်းလေ၊ အခုကျတော့ တော်ရုံဆို ဝယ်စီးလိုက်ကြကုန်ပြီ၊ ကဲ ဖိနပ်ချုပ်စားတဲ့ငနဲ ဘာလုပ်မလဲ'

'ငုတ်တုတ် ငေါ်ရုံပေါ့ အဘရယ်'

'အဲဒီမှာ စတာပဲ၊ အခုဆွေးနွေးနေတဲ့ ခေါင်းစဉ်ရဲ့ အစက အဲဒီမှာ စတာပဲ၊ သာမန် ဖိနပ်ချုပ်သမား အနိမ့်ဆုံးလူတန်းစားလို့တောင် ပြောလို့ရတဲ့ လူတစ်ယောက်ရဲ့ ဘဝတစ်ခုဟာ အဲဒီမှာစပြီး ခေတ်ရဲ့ ပြောင်းလဲခြင်းကို ရင်ဆိုင်ရတော့တာပဲ၊ လူဟာ ဘယ်လောက်ပဲ နိမ့်ကျ နိမ့်ကျ သူ့ကိုယ်သူ ငတ်သေသွားအောင်တော့ မနေဘူးလေ၊ အဲဒီမှာ အခြေအနေရဲ့ အပြောင်းအလဲကို ရင်ဆိုင် ချဉ်းကပ်ပုံ နည်းလမ်းခြောက်မျိုး ပေါ်လာရော၊ ဖိနပ်ချုပ်သမားကိုသာ ဥပမာပေးထားတာနော်၊ အဘ ဆိုလိုတာက နယ်ပယ်တိုင်းက လူတိုင်းနဲ့ဆိုင်လာတဲ့ ခေတ်အပြောင်းအလဲ၊ အခြေအနေအပြောင်းအလဲနဲ့ ရင်ဆိုင်ရလာတဲ့အခါ လူတွေ ဖြေရှင်းတတ်လေ့ရှိတဲ့ အခြေအနေ ခြောက်မျိုးကို ပြောချင်တာ'

'ခြောက်မျိုးပဲ ရှိတာလား အဘရယ်'

'ဦးထုပ်ခြောက်လုံးကိစ္စ ကြားဖူးလား'

'ကြားဖူးတယ်လေ အဘရဲ့၊ သမီးတို့က အဲဒါတွေသိအောင် လုပ်ခဲ့ကြရတာပဲ ဥစ္စာ'





'အေး ဦးထုပ်ခြောက်လုံးကိစ္စကို ခဏမေ့လိုက်တော့၊ အဘ ပြောပြမယ်၊ ဖိနပ်သမားနဲ့ ဥပမာပေးထားတော့လည်း ဖိနပ်ခြောက်ရန်ကိစ္စပဲ ခေါ် ခေါ်ပေါ့ကွယ်၊ ဆိုလိုချင်တာက အပြောင်းအလဲကို လူတွေရင်ဆိုင်ချဉ်းကပ်နည်း ခြောက်ခုကွယ့်'

'အထူးအဆန်းတွေပါလား အဘ'

'အထူးအဆန်းက နှစ်ခုပဲ ပါတယ်၊ ကျန်တာက တို့အားလုံး မျက်စိမှောက်ပြီး ကျော်သွားခဲ့ကြတဲ့ ရိုးရိုးကိစ္စတွေချည်းပဲ'

'လူတိုင်းဖြစ်ခဲ့ကြတာချည်းပဲလား အဘ'

'အပြောင်းအလဲနဲ့ ကြုံရင် လူတိုင်း ဖြစ်ခဲ့ကြတာချည်းပဲကွယ့်'

'ပြောပါဦး အဘရယ်'

'ဒီလိုကွယ့်၊ တစ်အချက်က **လက်မြှောက် နောက်ဆုတ် စွန့်ခွာခြင်း** တဲ့ ...

အခြေအနေအရ ကိုယ့်လုပ်ငန်းကို လုပ်ကိုင်ဖို့ မဖြစ်နိုင်တော့တဲ့အခါ ကိုယ့်အတတ်ပညာနဲ့ ကိုယ့်လုပ်သက် အတွေ့အကြုံတွေကိုပါ စွန့်လွှတ်ပြီး အရှုံးပေးလိုက်တာ၊ ဒီအလုပ်တော့ လုပ်စားမနေတော့ပါဘူးကွာ ဆိုပြီး မရေရာတဲ့ လောကအသစ်ကို ဝေလေလေ ဝင်ကြည့်သွားချင်တဲ့စိတ်မျိုးနဲ့ လူမျိုး'

'တော်တော်များတဲ့ အမျိုးအစားပဲ အဘရဲ့၊ နှစ်ကရော'

'နှစ်အချက်က **မလှုံလောက်မှုနှင့် တင်းခံခြင်း** တဲ့'

'ဘာသဘောလဲ အဘ'

'သဘောက ဆက်လက်တိုးတက်အောင် မလုပ်ဘဲ ရှိရင်းစွဲ **ဈေး**ရိုးစွဲ အတတ်ပညာ၊ အသိ၊ အတွေ့အကြုံတွေနဲ့ အပြောင်းအလဲကို **တင်း**ခံနေတာ၊ ဂန္ထဝင်နဲ့ အဟောင်းအမြည့်ကို မကွဲတာ၊ ကြာကြာ **တင်းခံလို့**မရဘူး၊ ပြတ်ထွက်သွားနိုင်မယ် ဆိုတာကို သိသိကြီးနဲ့ **မျက်ကွယ်ပြု**နေတတ်တာမျိုး၊ သူတစ်ယောက်ထဲတင် မကဘူး၊ သူ့ကို **မှီခိုနေတဲ့ အသိ**အစည်းအတွက်ပါ အန္တရာယ်ရှိနိုင်တဲ့ အစား'

'တတိယကရော အဘ'

'တတိယက **အရောင်ပြောင်းလွှယ်ခြင်း**တဲ့'



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ'

'ရှင်းတယ်လေ၊ ဘာတွေ ဘယ်လိုပြောင်းလဲလာနေမှန်း မသိဘဲနဲ့ ပြောင်းပြီဟေ့၊ ပြောင်းပြီဟေ့ ဆိုပြီး အတင်းကြီး ခေတ်မီချင်နေတဲ့ အစား၊ ခါတော်မီလှုတန်းစားလို့ ခေါ်တယ်၊ လုံးဝ စိတ်မချရဘူး၊ သူ့မှာ နိုင်မာ တောင့်တင်းတဲ့၊ အခြေခံကို တည်ဆောက်နိုင်တဲ့ အရည်အချင်း မရှိဘူး၊ တောင့်တင်းတဲ့ အခြေခံတစ်ခုကို သူ့ဆီမှာ ဘယ်တော့မှလည်း ရှာတွေ့ နိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ ဘာဖြစ်မလဲ'

'အခြေမှ မခိုင်တာ၊ လဲမှာပေါ့'

'အဲဒါပဲ၊ စတုတ္ထတစ်ခု ဆက်ပြောပြမယ်'

'ဟုတ်ကဲ့ အဘ'

'သံသယလွန်ခြင်း တဲ့'

'ဘယ်လိုလဲ အဘ၊ ဘာကိုမှ စိတ်မချတာလား'

'ဟုတ်တယ်၊ အပြောင်းအလဲတွေ ဖြစ်လာနေချိန်မှာ ဘာကို မှစိတ်မချဘဲ စောင့်နေတတ်တဲ့ အစား၊ ဝင်ရောက် ပါဝင် ပတ်သက်နေရ မယ့်အချိန်မှာ ဒီအတိုင်း နေ နေတာက ငါ့အတွက် မဆုံးရှုံးနိုင်ဘူးလို့ ယုံ ကြည်နေတတ်တဲ့ လူစား၊ သူက တစ်ခု ထူးခြားလာတယ်နော်၊ သူ့ကိုယ် သူတော့ ကာကွယ်ပြီးသား ဖြစ်နေတယ်၊ အပြောင်းအလဲပေါ် မူတည်တဲ့ အကျိုးအမြတ်ကိုသာ သူ မဆုပ်ကိုင်လိုက်နိုင်တာ၊ ဒါပေမဲ့ ကြီးမားတဲ့ ဆုံးရှုံးမှု ရှိသွားတယ်၊ အပြောင်းအလဲရဲ့ ကြီးမားသော အကျိုးအမြတ် မျိုးကိုတော့ သူလိုလူစား ဘယ်တော့မှ ရမှာ မဟုတ်ဘူး၊ သူက စောင့် ကြည့်ရင်း ရပ်တန့်နေတာလေ၊ စဉ်းစားကြည့်'

'အဘ ပြောတော့ အထူးအဆန်း နှစ်ခုပါတယ်ဆို၊ ရှေ့လေးခု က ဆန်းမှမဆန်းတာ'

'နောက်ဆုံး ဆန်းတာနှစ်ခု အဘပြောပြမယ်၊ ရိုးရိုးလေးနဲ့ ဆန်း နေတာနော်၊ ဖိနပ်ချုပ်သမားတင် မဟုတ်ဘူး၊ တော်တော်များများ မေ့နေတဲ့ ကိစ္စ နှစ်ရပ်'

'ဘာလဲ အဘ'

'ယုံကြည်ခြင်းနဲ့ သတိကောင်းခြင်း လေ'





'ဟင် ... လူတိုင်း ပြောနေတာပဲဟာ'

'ပြောနေပေမဲ့ တကယ်လိုက်လုပ်ကြတဲ့လူ ဘယ်နှစ်ယောက်တွေ့ ဖူးလို့လဲ'

'အဲ'

'အဘ ပြောပြမယ်၊ ကိုယ်လုပ်နိုင်တာကို ကိုယ် ယုံကြည်ပါ၊ ချုံ့ထွင်ပြောင်းလဲဖို့ အမြဲ အဆင်သင့် ရှိပါ၊ ကိုယ့်လုပ်ရပ်တိုင်းမှာ သတိ ရှိပါ၊ အပြင်လောကအပေါ်မှာလည်း သတိရှိပါ၊ လောကကြီးမှာ လူတွေ အများကြီး၊ ယုံကြည်မှုနဲ့ သတိကောင်းတဲ့သူတွေသာ အောင်မြင်ခဲ့ကြတာ လေ၊ ရိုးရိုးလေးပါ၊ ကိုယ်လုပ်နိုင်တာ ကိုယ်ယုံကြည်ပါ၊ ကိုယ်လုပ်နိုင်တဲ့ အလုပ်တိုင်းမှာ သတိထားပါ၊ ဟုတ်ပြီလား၊ ဒီနေ့ ဆွေးနွေးတဲ့ကိစ္စ၊ ခြောက်ခုပဲ ခေါင်းထဲမှတ်ထားကြလေကွယ်၊ ဘယ်တစ်ရွေးသားမှ မလွတ် စေရဘူး၊ ကောင်းပြီလား'

'အဘရှိမှ ဖြစ်မှာပါပဲ'

'သမီး စဉ်းစားဦးမယ် အဘရယ်၊ သန်ဘက်ခါမှ တွေ့တော့မယ်'

'လက်စသတ်တော့ အားလုံးသာ လိုက်သင်နေရတာ၊ အခြေခံ က ရှင်းရှင်းလေးကိုးဟ'

'အဘ ကျန်းမာပါစေဗျာ'

ခေါင်းလောင်းထိုးသံ ပေါ်လာလေသည်။

'ဟဲ့ကောင်လေး ..လူကြီးတွေကို လျှောက်ပြောနေပြန်ပြီလား၊ နင်ဟာ စကားပြောချိန်ပေးလိုက်တိုင်း ဒီလိုပဲ'

'သူတို့က လာနားထောင်တာဗျ'

'လာနားထောင်ထောင် မထောင်ထောင် .. အဘိုးကြီး အသွား ကြီးတွေကို နင့်ကို အဘခေါ်ခိုင်းစရာလား'

'သူတို့ဟာသူတို့ လာခေါ်တာလေ'

'အရွယ်သက်နုနုလေးနဲ့ နင်ကမျှားဟယ်၊ ငါ စိတ်ညစ်တာ'

'စိတ်မညစ်စမ်းပါနဲ့ဗျာ၊ အရင်ဘဝက အတွေ့အကြုံတွေပါ ပေါင်းရင် သူတို့ ကျွန်တော့်ကို အဘ ခေါ်ထိုက်ပါတယ်၊ ဟုတ်သွားလား



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်'

'ဟုတ်ကဲ့ပါ ကျေးဇူးရှင် အဘရယ်'

အသက်ငါးဆယ်ကျော် စိတ်ကျန်းမာရေးဆေးရုံမှ နပ်စ်မကြီးသည် မြည်တွန်တောက်တီး၍ ကောင်လေးကို မျက်စောင်းထိုးကာ ထွက်ခွာသွားလေသတည်း။



# Touch Me If You Can

အိုင်ဖုန်း အိုင်ပက်ပ်များနှင့်တကွ Touch ဆိုသော နည်းပညာ လွန်စွာ တွင်ကျယ်လာပြီး၍ နှစ်ပေါင်းများစွာ ကြာလာသော ကာလတွင် ဖြစ်၏။

လူတို့သည် လက်နှင့်ထိ၍ လိုရာပြီးသော အခြင်းအရာ အဖြစ်အပျက်များကို လွန်စွာ နေသားကျပြီးခဲ့လေပြီ ဖြစ်၏။ အကျိုးနည်းအင်အားစိုက်ထုတ်စရာ မလို။ ထိရုံနှင့် ကိစ္စပြီးကြသည်က များခဲ့လေပြီ။ ဤကာလတွင် လူအများ လွန်စွာ နူးညံ့ကုန်ကြလေ၏။ လက်ဆွဲ နှုတ်ဆက်လျှင်ပင် ထိရုံလေး ဆက်ဆံ ပတ်သက်ကြကုန်၏။ နည်းပညာအရလည်း လွန်စွာ တိုးတက်လာခဲ့သည်ဖြစ်၍ ဘတ်စ်ကားမှတ်တိုင်ကို လက်နှင့် ထိပေးလိုက်ရုံနှင့်ပင် ဘတ်စ်ကားမှ ကိုယ့်ကို လာခေါ်သော ခေတ်ဖြစ်၏။ ဒရစ်ပိုက်နှင့် ဒရစ်အိတ်ကို နပ်စ်မမှ လက်နှင့်ထိလိုက်ရုံနှင့်ဝင်အပ်က လူနာ၏အကြောကို သူ့ဟာသူရှာထိုး၍ ဆေးသွင်းပေးသော ခေတ်ဖြစ်လေသည်။ ရဲမှ သူ့လက်ထိတ်ကို လက်နှင့်တို့လိုက်လျှင်ပင် လက်ထိတ်မှ ဖမ်းစရာလူကို သူ့ဟာသူရှာခတ်သော ခေတ် ဖြစ်၏။ ဤကာလတွင် ...

ကိုဒိုးသည် သူခိုး ဖြစ်၏။

ကိုဒိုး သူခိုးဖြစ်ခြင်းသည် မည်သူ၏ ပယောဂကြောင့်မှ မဟုတ်။ သူ့ဟာသူ ခိုးချင်၍ ခိုးရမှနေနိုင်သော သဘောရှိလေသည်။ ကြားရသည်။ ကိုဒိုး သူခိုးဖြစ်ခြင်းသည် ထောင်ထဲမှ သူ့မိတ်ဆွေများ ပြောသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



'ငဒိုး မခိုးရင် သူခိုးမျိုးကန်းတာ ကြာပြီ' ဟူသော အခြေတွင် ရှိလေ၏။ ယခုခေတ်ကို ကိုဒိုး စက်ဆုပ်လေသည်။ ယခုခေတ်ကား ခိုးစရာ ရှားလေပြီ။ ပိုင်ဆိုင်သောပစ္စည်းများကို လုံခြုံရာတွင် ထားကြ၏။ ပိုင်ရှင်များက ရှိသေးသလား ရှိသေးသလားနှင့် Touch မျက်နှာပြင်များပေါ် တို့ကာ ထိကာ မကြာခဏ ကြည့်ရှုကြခြင်းအားဖြင့် အရင်ခေတ်ကို တော်လှန်ထားကြ၏။ ကိုဒိုးမှာ သူခိုးဆိုသော်ငြား အကြီးစားမဟုတ်။ ခပ်သုတ်သုတ် ဝင်ဝက်ခိုးချင်တတ်သော သူခိုးသာ ဖြစ်၏။ လက်ဆုပ်လက်ကိုင် ပြစရာ ရှားသော ဤခေတ်တွင်ကား ကိုဒိုး ခိုးစရာရှားလေပြီ။ သူကား စနစ်တကျ သမား မဟုတ်။ ခပ်သုတ်သုတ် ဝင်လစ်ချင်တတ်သော အလစ်သမား သာသာ သူခိုးဖြစ်၏။ ထောင်မှလွတ်၍ သုံးလခန့်ကြာသော တစ်ရက်တွင် သူ့အမဲကို သူ တွေ့ရှိလေသည်။

ဦးကျော်ထင်ထက်မှာ ဥစ္စာရှိသူ ဖြစ်၏။

ဥစ္စာရှိသည် ဆိုငြား သူ့ဥစ္စာများကို အိမ်တွင် မထား။ ဘဏ်မှာ သွား ထား ထား၏။ သူ့ဥစ္စာများကို မနက်တိုင်း Touch နည်းပညာများနှင့် စစ်ဆေး၏။ ခက်သည် တစ်ခုကား ဦးကျော်ထင်ထက်သည် ရှေးရိုးသမားဖြစ်လေရကား သူ တန်ဖိုးထားသော ဆုံးသွားခဲ့ပြီးသည်မှာ ကြာပြီဖြစ်သည့် သူ့မိန်းမ၏ ဖားဥစွဲနေပြီဖြစ်သော ဘရာစီယာတစ်ထည်ကို အိမ်တွင် မီးခံသေတ္တာထဲထည့်၍ သိမ်းထားခြင်း ဖြစ်လေသည်။

ထိုသတင်းကို ကိုဒိုး ရ၏။

Manual ကိစ္စများကို အလွန် သဘောကျသော ကိုဒိုးမှာ ထိုဘရာစီယာကို ခိုးရန် ကြံလေ၏။ ထိုကိစ္စမှာ သူခိုးအထာနှင့် ပြောရလျှင် လွန်စွာ မရေမရာကျလှ၏။ ဘရာစီယာရခဲ့လျှင်လည်း ဘယ်မှာမှ သွားရောင်းလို့ရသည့် အခြေအနေ မဟုတ်။ သို့သော် ကိုဒိုး ခိုးရန် ကြံလေ၏။

တိုတိုနှင့်လိုရင်းပြောရသော် ကိုဒိုးက ဝင်ခိုး၍ ဘရာစီယာ ရပြီးသည့်နောက် ဦးကျော်ထင်ထက် မိလေတော့၏။ ဘရာစီယာကို လုကြ၏။ နောက်နှစ်ဦးလုံး ပြမှာစိုး၍ ဘရာစီယာကို စားပွဲတစ်ခုပေါ် တင်ထားကာ ငြင်းခုံကြလေသည်။ အချီအချ ပြောကြသည်များကား …

ထက် – 'ရောက်သူခိုး …ငါခွေးတဲ့မှ၊ ဘာမှလုပ်မရတဲ့ပစ္စည်း ဝင်ခိုးရ





အောင် မင်းကဘာတုံး'

ဒိုး – 'ကျုပ်က လူလို ရတာခိုးချင်လို့ ဝင်ခိုးတာဗျာ၊ ဘာဖြစ်တုံး'

ထက် – 'ဟိုမှာ တွေ့လား၊ ငါ တစ်ချက်နှိပ်လိုက်ရုံနဲ့ လက်ထိတ် မင်းအတွက် ရောက်လာမှာ'

ဒိုး – 'အဲဒါ ကျုပ် မကြိုက်တာပေါ့၊ အိမ်ထဲ သူခိုးဝင်ခိုးတာ လုံးထွေးပြီး ဖမ်းပါလား၊ ခင်ဗျားတို့ အခုခေတ်က အားလုံး ရောက်တလွဲချည်းပဲ၊ ကျုပ်က လူဖမ်းတာခံချင်လို့ ဝင်ခိုးတာဗျ'

ထက် – 'လူက ဝင်မဖမ်းနိုင်လို့ အဲဒါတွေ တပ်ထားတာလေကွာ'

ဒိုး – 'ခင်ဗျား ကျုပ်ကို မဖမ်းဘူးလား'

ထက် – 'ဖမ်းပါဘူး၊ Touch နဲ့ဖမ်းလည်း မိတာကို'

ဒိုး – 'လူဖမ်းတာမခံရတာ ဆယ့်ငါးနှစ်ရှိပြီဗျ၊ ကျုပ်က လူဖမ်းတာ ခံချင်လို့ကို ဝင်ခိုးနေတာ၊ ခင်ဗျားဗျာ'

ထက် – 'ဟော့ကောင် သူခိုး'

ပြောရင်းဖြင့် တစ်စုံတစ်ရာ နှိပ်လိုက်၏။ ကိုဒိုးရှေ့တွင် အချုပ်ခန်းပုံ ပေါ်လာလေသည်။ ကိုဒိုးမှာ လွန်စွာ စိတ်ဆိုးလျက်

ဒိုး – 'တစ်သက်လုံး နေလာတဲ့နေရာကို ခင်ဗျား ကျုပ်ကို လာမပြနဲ့၊ ပိုဆိုးတာက တကယ့်ဟာ မဟုတ်တာကြီး လာပြနေတာပဲ'

ထက်– 'ဘာပြောတာလဲ၊ မင်းရောက်မယ့် နေရာလေ'

ဒိုး – 'ကျုပ်ရောက်နေကျဟာက ဒီဟာနဲ့တူတယ်လို့ ခင်ဗျားထင်လို့လား'

ထိုအချိန်တွင် အလစ်ကိုစောင့်နေသော ဦးကျော်ထင်ထက်မှာ သူခိုးကိုဒိုး၏ နဖူးကို ခုန်၍ထိုးလေ၏။ ဤအခိုက်တန့်တွင် အံ့အားသင့်ဖွယ်ကောင်းသော အဖြစ်တစ်ခု ဖြစ်လေသည်။

ဦးကျော်ထင်ထက် ခုန်အုပ်ဖမ်းချိန်တွင် ကိုဒိုးမှာ သူ့ကိုယ်သူ လက်ညှိုးနှင့် ထိုးလိုက်လေရာ သူသည် လူအကောင်အထည် မဟုတ်ဘဲ ဝုံရိပ်သာဖြစ်ကြောင်း အားလုံး သိသွားကြလေသတည်း။

ကိုဒိုး သေဆုံးသွားသည်မှာ (၁၀) နှစ်ကြာခဲ့ပြီ ဖြစ်၏။

Mobile Guide ဂျာနယ်၊ မွန်လ ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

# ပူပါတယ်ဆိုမှ

စက်မှုတော်လှန်ရေး လှိုင်းလုံးခေတ်၊ ထိုမှ နည်းပညာလှိုင်းလုံးခေတ်၊ ထိုသည်မှတစ်ဆင့် အိုင်ဒီယာလှိုင်းလုံးခေတ်တို့ မည်သို့ မည်ပုံဖြတ်သန်းသွားကြလေကြောင်း ယမမင်း မသိသည်ကို ယမမင်းအား အပြစ်ဆိုရန် သိပ်အကြောင်းမရှိလှချေ။ ယမမင်းသည်ကားဟု ဆိုလျှင် ငရဲကြီးရှစ်ထပ်ကို အပတ်လည်အောင် မနည်းအုပ်ချုပ်ကာ နေရှာလေသောကြောင့် ဖြစ်၏။ ခမျာ သနားစရာပင် ကောင်းသေးတော့၏။ ရောရုဝက တစ်မျိုး၊ မဟာရောရုဝက တစ်ဖုံ၊သိဦးငရဲက တစ်မှောင့်၊ ဤကြားထဲ အဝီစိနှင့် မဟာအဝီစိတို့က ထ ထ ပွက်ချင်တတ်ကြသေး၏။ ယမမင်းခမျာ ဟိုငရဲက တစ်မျိုး၊ ဒီငရဲက တစ်ဘာသာနှင့် နှစ်ပေါင်းများစွာအတွင်း မည်သို့သော အပြင်ကိစ္စရပ်များကိုမျှ မလေ့လာအား။ တစ်ခုသတိထားမိသည်ကား ဤနှစ်ပိုင်းအတွင်း ငရဲကျလာကြသူများ ပိုပိုများလာခြင်း ဖြစ်၏။ သို့သော် ကိစ္စမရှိ။ ငရဲကျလာကြသူ ဘယ်လောက်များများ ဆိုင်ရာ ငရဲခန်းများသို့ ပို့လိုက်နိုင်သည်ချည်းသာ ဖြစ်၏။ တလောက အိုစမာဘင်လာဒင်မည်သော မှတ်ဆိတ်တစ်ထောင်ငရဲရောက်လာစဉ်ကမူ အတော် အလုပ်ရှုပ်သွားသေး၏။ အပြစ်တွေ များလှသော နာမည်ကြီး ငရဲသားဖြစ်၍ ရုတ်တရက် ဘယ်ငရဲပို့ရမှန်း မသိ နောက်မှသတိရကာ အဲဒီအကောင် မဟာအဝီစိ ခဏပို့ထား၊ နောက်မှ တော်သလို ငါ ကြည့်စီစဉ်မယ် ဟု ဖြေရှင်းထားရ၏။ လတ်တလောငရဲသားမှ ဆရာသမားရဲ့၊ တာလီဘန်ဆိုတာ အာမီရမ်ထက် [illegible]

www.burmeseclassic.com



နှိပ်စက်ရ မကောင်းလားဟု အကြံပေးသည်ကိုပင် ငါတော်သလို စီစဉ်ဝါ့မယ်ဆိုမှ နင်က တစ်မျိုးဟု ယောက်လိုက်ရသေး၏။

နှစ်ပေါင်းများစွာ အတွင်း ယမမင်း တတ်ကျွမ်းလာသော အခြားဘာသာစကားဟူ၍ ' What the hell ' တစ်လုံးသာ ရှိရာလေသည်။ ဒါတောင် သိုးဆောင်းလူမျိုးများ ငရဲကျဖန်များလာသဖြင့် သူတို့ အော်တတ်သော စကားကို မှတ်သားထားမိလေသောကြောင့်သာ တတ်ထားခြင်း ဖြစ်လေသည်။ ဤမျှ ခေတ်မမီလှသော ယမမင်း ဖြစ်လေ၏။ ယခုတော့ ခက်ချေပြီ။ ဤနေ့ ငရဲကျ၍လာသော အကောင်တစ်ကောင်မှာ ယမမင်း နားမရှင်းသော ကိစ္စနှင့် ငရဲကျလာခြင်း ဖြစ်၏။ ဘာတဲ့။ IT Act ဆိုလား။ ဖြစ်ထားသော အမှုမပြီးခင် ကာလနာတိုက်၍ သေလေသောကြောင့် ငရဲရောက်လာသော အကောင်တစ်ကောင် ဖြစ်၏။ တပည့်တပန်း ငရဲသားများ အတန်တန် တားသည့်ကြားက ယမမင်း ကိုယ်တိုင် စစ်လေသည်။ ထိုအကောင်မှာ သူ့ကိုယ်သူ ဘယ်ရောက်၍ ရောက်နေသည်မှန်းပင် မသိဘဲ ယောင်တောင်တောင် ပြူးကြောင်ကြောင် စပ်ဖြဲဖြဲနှင့် ယမမင်း ပလ္လင်ရှေ့ ဆောင့်ကြောင့်ထိုင်ကာ ယီးတီးယားတား ရှိလေ၏။ ယမမင်းကား ၎င်းအား ခန့်ညားခြင်း ရှိလေအောင် စကားအသုံးအနှုန်း အရပ် သတိထား၍ စစ်လေ၏။

'ဒီမှာ မောင်မင်း ... အသင် ဘယ်ကလာသတုံး'

'အင်တာနက်ကဖီးကပါ'

ခက်ချေပြီ။ သုံးဆယ့်တစ်ဘုံတွင် 'အင်တာနက်ကဖီး' ဟူသော ဘုံကို ယမမင်း မကြားဖူး။ သို့သော် ရှိစေ။ မှင်သေသေ ဆက်စစ်ရမည်က ကိုယ့်အလုပ်ဖြစ်လေ၍

'ကောင်းပြီ မောင်မင်း ...အသင် ဘာကိစ္စ ငရဲကျ၍လာသနည်း'

ထိုအခါမှ သူကောင်းသားသည် သူ့ကိုယ်သူ ငရဲပြည်ရောက်နေမှန်း ရိပ်စားမိကာ မျက်နှာငယ်နှင့် ဖြေရာ၏။

'ကျွန်တော် ကွန်ပျူတာဗိုင်းရပ်စ်တွေ လျှောက်ဖြန့်မိလို့ ထင် .. ထင်တာပဲ ခင်ဗျ'

ခေတ်သိပ်မမီလှသော ယမမင်းကား နားကားလေတော့၏။





ဘာလဲဟ ကွန်ပျူတာဗိုင်းရပ်စ်။ လျှောက်ဖြန့်တယ် ဆိုကတည်းက သိပ်ကောင်းလှသော ကိစ္စတော့ မဟုတ်။ ဘယ်ကိစ္စကို ဘယ်တုန်းက ဘယ်လိုဘာတွေ လျှောက်လုပ်ခဲ့သော အကောင်စားနည်း။ သေချာတာကတော့ ငရဲကျလာပြီ ဆိုကတည်းက မဟုတ်တာ သေချာပေါက် ဖြစ်ခဲ့သော အကောင်တော့ ဖြစ်လောက်၏။ ဤသို့ဖြင့်

'ကောင်းပြီ မောင်မင်း ... အသင်ဖြစ်ခဲ့လေသော ကိစ္စများကို ကျွန်ုပ်အား ရှင်းလင်းစွာ တင်ပြပေတော့၊ အသင်၏ လားရာဘဝသည်ကား ကျွန်ုပ်၏ အဆုံးအဖြတ်တွင် တည်၍ နေလေပြီ၊ အမှန်ကို ပြောပေလော့'

ထိုအခါမှ အနီ သူကောင်းသားသည် ကြောက်ကြောက်နှင့် တံတွေး တစ်ချက် နှစ်ချက် မျိုကာ လျှောက်တင်သည်မှာ ...

'ဒီ ဒီလိုပါ ခင်ဗျာ ... ကျွန် ကျွန်တော်က Internet crazy သာမန်လူတစ်ယောက်ပါ၊ မြန်မာပြည်မှာ Internet ရပြီ ဆိုကတည်းက မလွတ်တမ်း သုံးခဲ့တဲ့သူပါ၊ ကျွန်တော်သိသမျှ Web Site တွေ အကုန်လျှောက် ဝင်ကြည့်ပါတယ်၊ သဘောကျတဲ့ အကြောင်းအရာ အချက်အလက်တွေဆိုရင် မရရအောင် Download ဆွဲ ကြည့်ပါတယ်၊ ဒါ ဒါပေမဲ့ ကျွန်တော် ဆွဲသမျှ Download တွေဟာ ဘယ်တော့မှ File အပြည့် မရပါဘူး ခင်ဗျ၊ တစ်ဝက်တစ်ပျက်တွေပဲ အမြဲ ကျန်ပါတယ်၊ ကြာတော့ ကျွန်တော်လည်း ဒေါသထွက်လာပြီး အဲဒီ File အပျက်တွေကို Email နဲ့ တွေ့ရာလူ လျှောက်ပို့ပစ်ပါတယ်၊ ဒီမှာတင် ကျွန်တော့်ကို Hacker ဆိုပြီး အမှုလုပ်တဲ့လူက လုပ်ပါတယ်၊ အဲဒါ ဖြေရှင်းနေတုန်း တစ်နေ့ စိတ်ညစ်ညစ်နဲ့ အင်တာနက်ကဖီးတစ်ခုက ပြန်အထွက်မှာ အူအတက် ပေါက်ပြီး သေတာပါ ခင်ဗျ၊ ကျွန်တော့် အဖြစ်ကတော့ ဒါအကုန်ပါပဲ ခင်ဗျာ'

ကြောက်ကြောက်နှင့် လျှောက်ထားလေသော ငနဲသားစကားတို့ကို ယမမင်း စဉ်းစားလေ၏။

' Internet '

' Web Site '



www.burmeseclassic.com

www.burmeseclassic.com



**' Download '**

**' File '**

**' Email '**

**' Hacker '**

ဘာတွေလာပြောနေမှန်း မသိရကား ခေတ်မမီသော ယမမင်း အမိန့်ချသည်မှာ ...

'ဘာတွေ လျှောက်ပြောနေမှန်း မသိ၍ မောင်မင်း ရောရှ၀ငရဲ၌ နှစ်တစ်သောင်းကျစေ' ဟူ၏။

လောက၌ ခေတ်မမီခြင်းသည် လည်းကောင်း၊ အတတ်ပညာ မစုံလင်ခြင်းသည် လည်းကောင်း၊ အရည်အချင်း မပြည့်မီဘဲ တာဝန်ယူ နေမှုသည် လည်းကောင်း၊ မဆိုင်တာ လျှောက်လုပ်ချင်တတ်ခြင်းသည် လည်းကောင်း မကောင်းရှိလှတတ်သည်ကို ယမမင်းနှင့် ငရဲသားများ သဘောပေါက်မပေါက်ကိုကား ကျွန်ုပ်တို့ စဉ်းစားကြရန်သာ ရှိတော့ လေသတည်း။

**' What the hell '**

Mobile Guide ဂျာနယ်၊ အောက်တိုဘာလ၊ ၂၀၁၁



# ဗူလီ

မြို့တော်ဝန်ရယ်။ ပြောချင်လွန်းလှလို့ပါဗျာ။ ကောင်းတာလုပ်ပေးသမျှ လူတွေ မေ့ပစ်ကြလွန်းလို့။ မကောင်းတာ ဘာမှ မလုပ်ခဲ့တာ တောင်မှ ဆင်းရဲတော့ မကောင်းတာလုပ်ရင် ဒီကောင်ပဲ ဆိုပြီး လက်ညှိုး ထိုးတတ်ကြလွန်းလို့။ ကျွန်တော့် နာမည် သံမှိုနဲ့ပါ။ အရက်သမားပါဗျာ။ အစောင့် လုပ်စားရပါတယ်။ မီးကင်းစောင့်၊ ကားစောင့်၊ ဂိုဒေါင်စောင့်၊ သံလမ်းစောင့် အကုန်ပေါ့ဗျာ။ အသားမည်းမည်း၊ ရုပ်ကြမ်းကြမ်း၊ အရပ် ကလည်း မြင့်ပြီး ခန္ဓာကိုယ်ကလည်း သူများတွေထက် ပိုကြီးနေတော့ အမေ မွေးကတည်းက အစောင့်လုပ်စားလို့ ရနေတဲ့သဘောမျိုး။ အိမ် ထောင်လည်း မရှိပါဘူး။ ဒီလောက်ကြီးထွားပြီး ရုပ်ဆိုးကြီးနဲ့ မည်းသဲ နေတဲ့လူကို ဘယ်သူကယူမှာတုံး။ ကျုပ်ကလည်း ဘယ်သူ့မှ ယူချင်စိတ် မရှိပေါင်ဗျာ။ လေးဆယ်နား ကပ်လာပြီ။ ဒီလိုပဲ နေလာခဲ့တာပဲ။ ကျုပ် တဲလေးနဲ့ နီးရင် ကျုပ် ပြန်အိပ်တယ်။ ခပ်ဝေးဝေးမှာ အလုပ်ရတော့လည်း ကြုံသလိုပဲ နေလိုက်တာပါပဲ။ အရက်သမား ဆိုတာကလည်း လှတာတာ အခေါ်ပါဗျာ။ ကျုပ်ကိုယ်က အနံ့ထွက်နေပေမဲ့ ဘယ်တုန်းကမှ ကျုပ် တာဝန် မလစ်ခဲ့ဖူးဘူး။ ကျုပ်အလုပ် ကျုပ် ကျေခဲ့တာချည်းဝါပဲ။ သူခိုး တွေ ရိုက်တယ်၊ ထုတယ်၊ ဖမ်းပြီး မီရင် ရဲ ပေးလိုက်တာပဲများ ... သူ့ကိစ္စသူ ဆက်လုပ်မှာပေါ့။ ကျုပ်ကဖြင့် စိတ်ထဲ မရှိပေါင်များ ... တလေ မှောင်ထဲမဲထဲ ဘယ်သူ့ထုပြီး ဖမ်းမိလို့ မိလိုက်ရှန်းအောင် ... တာမျိုး ရှိသေးတယ်။ အမယ်။ အစောင့်လုပ်တာလည်း လွယ်လှတာများ



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ဝန် ခင်ဗျား စဉ်းစားကြည့်။

နှစ်ပြားတစ်ပဲ အစောင့်ခလေးနဲ့ တန်ဖိုးကြီးတာတွေချည်း သွားသွား စောင့်ပေးနေရတာ။ ဘယ်အချိန် ဘာလာဖြစ်မယ်မှန်းလဲ မသိ။ တစ်ခုခုဖြစ်သွားလည်း ကိုယ့်မှာ လျော်နိုင်တာမဟုတ်။ အစောင့်ငှားထားလျက်သားနဲ့ အသုံးကိုမကျဘူးလို့ အပြောခံရသေးတာ။ အစောင့်လုပ်ရတာ မလွယ်ဘူး မြို့တော်ဝန်ရဲ့။ မြို့တော်ဝန်က အစောင့်လုပ်ဖူးမှာ မဟုတ်လို့ နည်းနည်း ပြောပြမယ်ဗျာ။ ဂိုဒေါင် မီးလောင်တာ နှစ်ခါလား ကျုပ်ကြုံဖူးတယ်။ တစ်ခုက အင်္ကျီချုပ်တဲ့ ဂိုဒေါင်လားဗျာ။ ကျုပ် မှတ်မိပါသေးတယ်။ အထဲလည်း ကျုပ် ဝင်ရတာ မဟုတ်။ ဂိုဒေါင်ထဲ သူတို့ဟာသူတို့ ဘာလုပ်ထားခဲ့ကြမှန်းလဲ မသိ။ ကျုပ် အလုပ်ချိန် အလုပ်လာဝင်တော့ ဂိုဒေါင်ကြီးက ပိတ်ထားလျက်ကြီးသား ဖြစ်နေပြီ။ ခြံဝင်းတံခါးသော့တွေပဲပေးပြီး ပြန်တဲ့ကောင်က ပြန်သွားတယ်။ ညကျ မီး ထလောင်ပါလေရော။ ကျုပ်မှာ ဒုက္ခရောက်လိုက်ရတာ မြို့တော်ဝန်ရယ်။ ဘယ်လောက် တန်ဖိုးကြီးတဲ့ပစ္စည်းတွေ အထဲမှာရှိနေမှန်းလဲ မသိ။ မီးခိုးတွေအူမှ ကျုပ်က မြင်ရတာလေ။ အထဲမှာ ဘယ်လောက်ဖြစ်နေမှန်းလဲ မသိ။ ကျုပ်လည်း ဝင်မရ။ အော်လိုက်ရတာ မြို့တော်ဝန်ရယ်။ အသံတွေ ပြာပြီး ကျုပ်မှာ မောက်လျက်တောင်လဲတယ်။ လူသူမနီးတဲ့ ကွင်းပြင်ဝင်းကြီးထဲက ဂိုဒေါင်ကြီး မီး ထလောင်နေတာ ကျုပ် တစ်ယောက်တည်း ဘာလုပ်တတ်မှာတုံး။ တစ်ညလုံး ရသလောက် ဗွက်ရေတွေနဲ့ ကျုပ် ဂိုဒေါင် ကို ပက်တယ်။ တစ်ညလုံးပဲ။ ကျုပ်လည်း တတ်နိုင်တာ ဒါပဲလေဗျာ။ လောင်စရာကုန်တော့ မီးကငြိမ်းသွား ထင်ပါရဲ့ဗျာ။ အရုဏ်တက်တော့ ကျုပ်မှာ ခြေကုန်လက်ပန်း ကျနေပြီ။ မီးခိုးမှိုင်းရိုက်ထားတဲ့ ဂိုဒေါင်ကြီးကို ကျုပ် ကြည့်နေရုံပဲ တတ်နိုင်တော့တာ မြို့တော်ဝန်ရဲ့။ အဲဒီမှာ ရောက်လာတဲ့လူတွေက ကျုပ်ကို ဖမ်းကြတယ်ဗျာ။ ကုမ္ပဏီအပြိုင်ဆီက ငွေယူပြီး ဂိုဒေါင်ကို မီးနဲ့ရှို့လို့ ဆိုပဲ။ သူတို့ပြောတာတွေ ကျုပ် သိပ်နားမလည်ဘူးဗျာ။ ဘယ်သူမှလဲ ကျုပ်ကို ပိုက်ဆံလာမပေးပါဘူး။ ကျုပ် ခံပြင်းတာက ကျုပ် စောင့်ပေးရတဲ့ ဂိုဒေါင်ကြီးရဲ့ သော့ကို ကျုပ်ကို မပေးထားဘူးဗျာ။ ဝင်းသော့ ခြံသော့တွေပဲ ပေးခဲ့တယ်။ သူတို့က





ကျုပ် ခိုးမှာ စိုးလို့တဲ့ဗျာ။ ဂိုဒေါင်ထဲ ဝင်ခိုးမှာစိုးလို့ ကျုပ်ကို ဂိုဒေါင်သော့ မပေးခဲ့တာတဲ့။ ဂိုဒေါင် မီးလောင်တော့ ကျုပ် ထောင်ကျသွားတယ် မြို့တော်ဝန်ရဲ့။ ကျုပ် ဒုက္ခရောက်တယ်ဗျာ။

ထောင်က လွတ်လာတော့ ထမင်းငတ်တယ် မြို့တော်ဝန်ရဲ့။ ကျုပ် တောင်းစားရတယ်ဗျာ။ လူတွေက ထောင်ထွက်ကို အစောင့်မခန့်ချင်ကြဘူး။ မယုံဘူးတဲ့။ ကျုပ် တစ်ယောက်တည်း ဖြစ်ခဲ့ပြီး ရုန်းကန်ခဲ့ရတဲ့ အဖြစ်တွေကို သူများကိုပြောရင် မယုံကြဘူး။ အရက်သမား အောက်တန်းစားက အရက်ပုလင်းပြရင် ဘာမဆိုလုပ်မှာပဲတဲ့ဗျာ။ အဲဒါ မဟုတ်ဘူးဗျ။ ကျုပ်ကိုယ်ကျုပ် သိတယ်။ ကျုပ် အဲလိုမလုပ်ပါဘူးဗျ။ ဒါပေမဲ့ ကျုပ် ရှင်းလည်း မပြတတ်ဘူး မြို့တော်ဝန်ရဲ့။ ကျုပ် ပြောခဲ့တဲ့ ခုနက အဖြစ်လိုအဖြစ်မျိုး ကျုပ် နှစ်ခါကြုံဖူးတယ်။ နှစ်ခါလုံး ကျုပ် ထောင်ကျတယ်။ ပြန်လွတ်လာတော့ ငတ်တယ်ဗျာ။ အတော် ကြာတယ်။ တောင်းစားရတယ်ဗျ။ မြို့တော်ဝန်က တောင်းစားဖူးမှာ မဟုတ်လို့ သိမှာမဟုတ်ဘူး။ သံမှိန် ငတ်လွန်းလို့ တောင်းစားတော့ လူတွေက ပြောတယ်။ ဆင်စားလို့မကုန်တဲ့ ကိုယ်ကြီးနဲ့ တောင်းစားနေရကောင်းလား ဆိုပြီး။ ကျုပ် ငတ်လွန်းလို့ ခဏ တောင်းစားတာပါ။ ပိုက်ဆံ မပေးပါနဲ့။ တစ်နပ်လောက်ပဲ ကျွေးကြပါ ဆိုတာတောင် မကျွေးကြဘူးဗျ။ ထားပါဗျာ။ မြို့တော်ဝန်က မြို့တော်ဝန်ပဲဥစ္စာ။ သံမှိန်က သံမှိန်ပဲ။ လိုရင်းပဲပြောတော့မယ်။

အခု ကျုပ် အစောင့်လုပ်နေတဲ့ ဝင်းကြီးနားမှာ ပိုက်လုံးကြီး တစ်ခု ရှိတယ်ဗျ။ တော်တော် ကြီးတယ်။ အဲဒီပိုက်လုံးကြီးပေါ်ကို ကောင်လေးတွေ ဂစ်တာ လာ လာထိုင်တီးကြတယ်။ ညဘက်ဆို ပြောတာပါ။ ဘာပိုက်ကြီးမှန်းတော့ ကျုပ်လည်း မသိဘူး မြို့တော်ဝန်ရာ။ အဲဒီပိုက်ကြီးအပေါ်မှာ လူဖြတ်ကူးလို့ရအောင် ထိုးထားတဲ့ တံတားတွေဘာတွေတောင် ရှိတယ်။ ဘယ်ကနေဘယ်ကို သွယ်ထားတဲ့ ပိုက်ကြီးမှန်းလည်း မသိဘူး။ ဘယ်လောက် အရေးကြီးမှန်းလည်း မသိဘူး။ ဘာပိုက်ကြီးဖြစ်မလဲ ဒီလောက်ကြီးတဲ့ ပိုက်ကြီး တန်းထားတာကိုက အရေးနည်းနည်းပြီးဖြစ်တဲ့ ထိုလို့ ကျုပ်ထင်သဗျာ မြို့တော်ဝန်ရာ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရရင် သံမှိန်နဲ့ အဲဒီပိုက်ကြီး ဘာမှမဆိုင်လှဘူးဗျ။ မြို့တော်ဝန် စဉ်းစားကြည့်။ ကျုပ်က အဲဒီပိုက်ကြီးကို စောင့်ပေးရတဲ့လူလည်း မဟုတ်ဘူး။ ကျုပ်က ကုန်ဒို ဆိုလားဗျာ။ အဲဒီဝင်းကြီးမှာ အစောင့်လုပ်တဲ့လူ။ ည ည မနေနိုင်လို့ လျှောက်သွားရင်း တွေ့ တွေ့လာတာကို ကျုပ် မှတ်ထားကြည့်တာ။

သုံးလေးငါးခါ ရှိပြီ။ ပိုက်ကြီးရဲ့ အဆက်နေရာတွေမှာရှိတဲ့ မူလီခေါင်းတွေကို လာ လာ ဖြုတ်နေတတ်တဲ့ကောင်တွေ။ ဘာလို့ ဖြုတ်တာလဲမေးတော့ ငါးမျှားတဲ့ပိုက်မှာ တပ်ဖို့တဲ့။ ဒီပိုက်ကြီးက ဘာပိုက်ကြီးမှန်းလဲ မသိဘဲနဲ့ မူလီခေါင်းတွေ လာ လာဖြုတ်နေရင် ပိုက်ကြီး ပြုတ်သွားရင် ဘာလုပ်ကြမတုံးလို့ မေးတော့ မင်းက မြို့တော်ဝန်လားတဲ့။ ခွနဲ့ ရိုက်လိုက်လို့ ခေါင်းကွဲသွားမယ်၊ နောက်တစ်ခါ လာရင် အသိပဲလို့ ကျုပ်ကို မာန်ကြတယ်ဗျာ။

ကျုပ်လည်း သိပ်မသိဘူးဗျာ။ မြို့တော်ဝန် ဘယ်သူမှန်းလည်း ကျုပ် သိတာ မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီကိစ္စက မဟုတ်သေးဘူးလို့တော့ ကျုပ် ထင်သဗျာ။ မူလီတွေ သိပ်မရှိတော့ဘူး မြို့တော်ဝန်ရဲ့။ မူလီတွေ မရှိတော့ရင် မြို့တော်ဝန်အတွက် သိပ်မကောင်းဘူးလို့ ကျုပ် ထင်တာပဲ။

ရေးတော့ ရေးကြည့်တာပဲ မြို့တော်ဝန်ရာ။

သံမှိန်လိုကောင်က ရေးတော့ မြို့တော်ဝန်ဆီ မရောက်ဘဲ အမှိုက်ခြင်းထဲပဲ ရောက်သွားမယ် ထင်တာပါ။

သံမှိန် ပြောချင်တယ်ဗျာ။ ကိုယ်တွေ့ပါ။

ပိုက်လုံးမှာ မူလီတွေ မရှိတော့ဘူးဗျ။

'မူလီ' တွေ မရှိတော့ဘူး။

Joke United မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၂



# ဖက်တီးဗျက်ဗှန် ဂျင်နရေးရှင်း

အရင်က ...

ကလေး ဆိုတာဗျာ ... ကျောင်းအားရက်ဆို လမ်းထွက်ဆော့ကြတော့တာပဲ။ အထွေအထူး ကစားစရာတွေလည်း လိုလှတာ မဟုတ်ပါဘူး။ အုန်းလက်ခြောက်ရှိရင် အုန်းလက်ခြောက် မြင်းလုပ်၊ နွားလုပ်စီးတာပဲ။ သစ်ကိုင်းခြောက် ကောက်ရရင် ဓားလုပ်ပြီး ဗန္ဓုလဆော့တော့တာပဲ။ တာယာစုတ်ရလည်း ခွေလှိမ့်ဆော့နေတာပဲ။ ကျောက်ခဲနှစ်ခဲနဲ့ ဒိုးပစ်ဆော့ရင် ဆော့တာပဲ။ ဘောလုံးတစ်လုံး ရပြီလားဟေ့ ဆိုရင်တော့ တစ်ရပ်ကွက်လုံးကကောင်တွေ လိုက်ခေါ်ပြီး ကန်ကြပါလေရော။ ချော်လဲလို့ ဒူးပြဲတဲ့ကောင်က ပြဲ၊ တံတောင်စုတ်တဲ့ကောင်က စုတ်။ ရန်ဖြစ်ရင်ဖြစ်ကြ။ မနေနိုင်တဲ့ လမ်းသွားလမ်းလာ လူကြီးတွေက ဝင်ဖျန်ဖြေလို့ဖျန်ဖြေရ။ ကိစ္စမရှိပါဘူး။ နောက်တော့လည်း ပြန်မခေါ်ဘဲနဲ့ နေနိုင်ကြတာမှ မဟုတ်တာ။

ကလေးမလေးတွေဆိုလည်း အိစွတ်ကြိုးလေးတစ်ချောင်းလောက်ရလို့ကတော့ တစ်ရပ်လုံးက ကလေးမတွေ ဝိုင်းခုန်ကြတော့တာပဲ။ နှင်းသညစ်တယ် ငါက ညစ်တယ်နဲ့ ဆံပင်ဆွဲပြီး လုံးကြလား လုံးကြရဲ့။ ပြီး ပြန်ခေါ်ပြီး ဆော့ကြတာပါပဲ။ ဖုန်တထောင်းထောင်းနဲ့ မပြီးနိုင် ခေါင်းဆော့လိုက်ကြတာများ ထမင်းမေ့ ဟင်းမေ့။ လူကြီးတွေ အသင့်လိုက်ခေါ်ကြရတဲ့ အထိ။ ချွေးတွေသံတွေ ရွှဲလို့ရယ်။ ပျော်တာတော့ ချေပါကြတာပဲ။ ယောက်ျားလေး မိန်းကလေး ပေါင်းမိလို့ကတော့ဗျာ တိုင်ဦးသာခင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆော့မလား။ ကုန်းလားရေလားတို့၊ ရွှေစွန်ညိုတို့၊ သူခိုးပုလိပ်တို့၊ စိန်ပြေးတန်းတို့၊ မြေကြီးပေါ် စည်း တုတ်နဲ့ ခြစ်ထားပြီး ထုပ်စည်းတိုးတာတို့၊ ကုလားမ စည်းနင်းတာတို့၊ ဖန်ခုန်တာတို့ စုံနေအောင်ကို ဆော့တော့တာ။ ဘာမှမပူနဲ့။ အားလုံး ချွေးမထွက်တာ မရှိဘူး။ တူတူပုန်းတာတောင် တစ်နေရာထဲ ကြာကြာ မပုန်းနေရဲလို့ ဒီကနေ ဟို၊ ဟိုကနေ နောက်တစ်နေရာ ပြေးလွှားပုန်းကြရင်းနဲ့ကိုပဲ ချွေးပြန်နေကြတာ။ အဲဒီလောက် ဖြောင်းဆန်အောင် ဆော့နေမှတော့ စားရင်လည်း ဟပ်တပ်စွဲပေါ့။ ကျုံးတွယ်ကြတာ။ ပြီးရင်လည်း ချက်ချင်း ပြန်ဆော့ကြပြန်တော့ လူကြီးတွေမှာ အူခေါက်ကုန်ကြမှာစိုးလို့ တဟဲ့ဟဲ့နဲ့။ တစ်ခုတော့ အကျိုးထူးပါရဲ့။ ဘာပဲပြောပြော ဘာနည်းနဲ့ပဲ ဆော့နေနေ ပြေးလွှားလှုပ်ရှား ကစားနေရတော့ ခြေတွေ လက်တွေ သန်မာတယ်။ အမောအပန်းဒဏ် ခံနိုင်တယ်။ ကျန်းမာရေးနဲ့လည်း ညီညွတ်နေကြတယ်။ တော်ရုံ မဖျားမနာဘူးဗျာ။ ဟိုတုန်းက ကလေးတွေ ပြောပါတယ်။

အခုတော့ ...

မိုးလင်းတာနဲ့ စားစရာ တစ်ခုခုရှာပြီး ကွန်ပျူတာရှေ့၊ ဂိမ်းစက်ရှေ့ ထိုင်ကြပါလေရော။ တစ်နေကုန် တစ်နေခန်း။ တချို့ဆို မိဘလူကြီးသိအောင် ညလုံးပေါက်တောင် ခိုးဆော့သေး။ အစားနဲ့ ပါးစပ်ကလည်း မပြတ်ဘူး။ အဲဒီကစပြီး ဆယ်ကျော်သက်အရွယ် chatting ထိုင်တဲ့ ခေတ်ထိ ရောက်သွားရော။ကျုပ်တို့ဟာ ကျုပ်တို့နေတာ ခင်ဗျားကြီးအလုပ်ဘာရှိလဲ မေးတော့ ... ဟုတ်ကဲ့ ရှိပါရဲ့ခင်ဗျာ။ ကျုပ်အလုပ်က ခင်ဗျားလေးတို့ နောင်ဖြစ်လာမယ့်အရေးကို တွေးပြီး ရေးပြချင်တာပါ။

ဖန်သားပြင် အမျိုးမျိုးနဲ့ တစ်နေ့တစ်နေ့ မျက်နှာချင်းဆက်ကြတာ ကြာလာတော့ ဖြစ်လာတာတွေ ရှိသဗျ။

ပူးပေါင်း ဆော့ကစားမှု မရှိတော့တဲ့ အတွက် ကလေးချင်း သံယောဇဉ်နည်းလာပြီး အသီးသီး တစ်ယောက်ချင်းရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့စိတ် ကြီးလာတယ်။ အတ္တကြီးလာတယ်။

ပြေးလွှားလှုပ်ရှားမှု မရှိတော့တဲ့အတွက် ခန္ဓာကိုယ်က အပင်ပန်း





ခံနိုင်မှု နည်းလာမယ်။ နည်းလာတော့ ကိုယ်ပင်ပန်းမယ့်ကိစ္စ ဘာမှ မလုပ်ချင်တော့ဘူး။ ဘာမှ မလုပ်ချင်တော့ တာဝန်ယူလိုစိတ် ပျောက်ပါလေရော။ ခေါင်းဆောင် မပြောနဲ့၊ နောက်လိုက်ကောင်းတောင် ဖြစ်မလာနိုင်တော့ဘူး။

ပတ်ဝန်းကျင် အထိအတွေ့ နည်းတော့ ခလုတ်ဆိုတာ တိုက်တတ်ပါလား။ ချော်လဲရင် ဒူးပြဲတတ်ပါလား။ နေပူထဲဆော့ရင် ဖျားတတ်ပါလားတောင် မသိတော့ဘူး။ မသိတော့ နည်းနည်းလေး ကိုယ့်ထိမိနိုက်မိတာနဲ့ သေမလောက် ကဲကဲဆတ်ကြရော။ အဲဒီအကျိုးဆက် စိတ်ပိုင်းဆိုင်ရာက လောကဓံ အထုအထောင်း မခံနိုင်တဲ့ဘဝ၊ ဒုက္ခသေးသေးကို ကြီးကြီးထင်ပြီး စိတ်ဓါတ်တွေကျ။ စိတ်မခိုင်မာတော့တဲ့ ဘဝ။

ဖန်သားပြင် အမျိုးမျိုးရှေ့မှာ နေ့စဉ် တစ်ခုပြီးတစ်ခု စားရင်းထိုင် ထိုင်နေမှတော့ သေချာပေါက် ဝလာမယ့်အပြင် ဖန်ပြင်ကထွက်တဲ့ radiation ခေါ်တဲ့ အလင်းပျက်ရောင်ခြည်တွေက မျက်စိကို ကြာတော့ ထိလာစေရော။ ဘာဖြစ်လာမလဲ ဆိုတော့ကာ ...။

တစ်ကမ္ဘာလုံးမှာ အပင်ပန်းမခံနိုင်တဲ့၊ အရေးအကြောင်းဆိုလွယ်လွယ် လှုပ်မရတဲ့ အပြင် တာဝန်ယူစိတ်နည်း၊ နာကလည်း ထစ်ဆိုအင်မတန်နာတတ်၊ ဘာမှမလုပ်ဖူးတော့ သတ္တိက မရှိ၊ စိတ်ဓါတ်ကျလွယ်တဲ့ ကိုယ်၊ စိတ်နဲ့ မျက်စိကလည်း အရွယ်နဲ့မလိုက်အောင် မှုန်နေသေးတဲ့ ' ဖက်တီးမျက်မှန် ' လူနုလေးတွေ များလာပါလေရော။

ဖက်တီးမျက်မှန် generation တွေသာ အများကြီး ဖြစ်လာရင် ကမ္ဘာကြီးလည်း အလကား အလုံးကြီး ဖြစ်ရော။

တစ်ကမ္ဘာလုံးက ရုပ်ရှင်တွေမှာ အမြဲ ပါတတ်ပါတယ်။

'ကလေး' ဆိုရင် 'ပြေး' ဆိုတာနဲ့ အမြဲ တွဲပြတတ်တာ သတိထားမိကြမှာပါ။ ဘာမှ မဟုတ်ဘူး။ သဘာဝကို ပြတာပါ။ ကလေးတွေဟာ နောင်အနာဂတ် ကိုယ် စိတ် ကြံ့ခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှား ကစားပေးရတယ်။ လူမှ မဟုတ်ဘူး။ လောကသဘာဝမှာ သတ္တဝါလေးတွေ ငြိမ်လို့တုံး။ ခွေးကလေး၊ ကြောင်ငယ်ကလေး၊ ဆိတ်ငယ် ဆူးပေါက်လေးတွေက အစ တစ်ချိန်လုံး ဆော့နေ လှုပ်ရှားနေကြတာပဲ။ ဟိုအခ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စမို့ သဘာဝအရ ဖြစ်နေကြတာ။ ကလေးဆိုတာ ဂနာမငြိမ်ဘူး ဆိုတာ အားလုံးသိရဲ့။

ထိန်းရသက်သာအောင် တီဗီရှေ့၊ ကွန်ပျူတာရှေ့ သွားမစွပ်ပေးလိုက်လေနဲ့ အရပ်ကတို့။

ကိုယ့်သားသမီးတွေ ဘာမှသုံးမရတဲ့ **'ဖက်တီးမျက်မှန် ဂျင်နရေးရှင်း'** ဝင်တွေ ဖြစ်ကုန်မယ်။

**နည်းပညာဆိုတာ သေချာတွေးရင် စီးပွားရေးပဲဆိုတာ သတိတော့တစ်ဆိတ်ထားကြစမ်းဝါဗျာ။**

သူတို့ဟာသူတို့ စီးပွားရှာနေကြတဲ့ ကွန်ရက်ကြီးထဲ ကိုယ့်သားသမီး ဝင်သွားပြီး သုံးမရတော့တဲ့ ဖက်တီးမျက်မှန်လေးတွေအဖြစ် ပြန်ထွက်လာရင်တော့ ဘယ်သူ့တာဝန်မှ မဟုတ်ပေဘူး။ ကျွန်တော်တို့ ခင်ဗျားတို့ တာဝန်ပေပဲကိုးဗျာတို့။

Mobile Guide ဂျာနယ်၊ မေလ၊ ၂၀၁၁



# ကြာ

ဒီဘက်ကို စောင်းအိပ်၍ အဆင်ပြေစပြုသည်နှင့် ဟိုဘက်ကို စောင်းပြီး အိပ်တာက ပိုများကောင်းမလားဟု စဉ်းစားတတ်သူမှာ သတ္တဝါတွေ အနက်မှ လူသတ္တဝါ တစ်မျိုးတည်းတွင်သာ ရှိတတ်သော အကျင့်မျိုးဟု သူ ယူဆ၏။ လောကဦ မကောင်းဆုံးသတ္တဝါမှာ လူသာဖြစ်သည်ဟု သူဆိုပါက မည်သို့ဖြစ်မလဲဟု သူ တွေးကြည့်၏။ သေချာတာကတော့ ဘယ်လူတစ်ယောက်နှင့်မျှ အဆင်ပြေတော့မည် မဟုတ်ဟု ယူဆ၏။ ယုတ်စွအဆုံး သူ ယခုထိုင်သော သစ်ပင်ရိပ်များလာ၍ သူ့ရှေ့ ကြာကန်ကျယ်ကြီးထဲမှ တစ်စုံတစ်ရာသော ငါးတစ်ကောင်ကောင်တို ဖျင်းရိပျင်းတွဲ လာ ထိုင် မျှားနေသော ဦးထုပ်စုတ်နှင့် 'လူ' တစ်ယောက်သည်ပင် သူနှင့် အဆင်ပြေတော့မည် မဟုတ်။ အမြင်အရ ငါးမျှားနေသည်ဟု ယူဆရသော ထိုလူ၏ မျှော်လင့်ချက်သည် ငါးတစ်ကောင်ကောင် ရနိုးလောက်ပဲလား။ ထိုထက်နည်းသော ဒါမှမဟုတ် ထိုထက် ပိုသော မျှော်လင့်ချက် တစ်စုံတစ်ရာများ ရှိနေလေမလား။ စဉ်းစားတွေးတောခြင်းတို အနည်းငယ်မျှသော လူတို့သာ စိတ်ဝင်စားကြသည်ဟု သူ [illegible]သည်။ သူ ထိုင်နေရာ သစ်ပင်ရိပ်ရှေ့မှ ရေကန်ကျယ်ကြီးထဲတွင် [illegible] များလှစွာသော ကြာပင်တို့ ကျပ်ခဲပြွတ်သိပ်စွာ ပေါက်နေကြသည်တို့ [illegible] တွေ့နေရ၏။ သူ့နာမည်မှာ ကြာညွန့် ဖြစ်လေသည်။ ထိုထက်ပို၍ [illegible] အသေးစိတ်ပြောရလျှင် ကြာညွန့် ဆိုသည်မှာ လူတစ်ယောက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြာရိုး၊ ကိုကြာရွက်၊ ကိုကြာပန်း၊ ကိုကြာမြစ်၊ ကိုကြာပွင့်၊ ကိုကြာငုံ၊ ကိုကြာသီး၊ ကိုကြာနွယ်၊ ကိုကြာဖြူ … များလှစွာသော ကြာပင်တစ်ပင်နှင့် ပတ်သက်သမျှ လူယောက်ျားတစ်ယောက်ကို မှည့်ခေါ်၍ ရသလောက် နာမည်တွေထဲကမှ ' ကြာညွန့် ' ဟူသော နာမည်ကို သူ့မိဘနှင့် ဆွေမျိုးသားချင်းများက သူ့အပေါ် ဘာကြောင့် မှည့်ခေါ်သွားခဲ့ကြမှန်း ခုအချိန်အထိ သူ မသိပါ။ ကြာပင်တစ်ပင်တွင် အညွန့်ရှိသည် မရှိသည်ကိုလည်း သူ ဘယ်တုန်းကမှ စိတ်ဝင်စားခဲ့ခြင်း မရှိ။ ထို့အပြင် ကြာပင်တစ်ပင်သည် သူနှင့် မည်သို့ပတ်သက်ခဲ့၍ သို့တည်းမဟုတ် ကြာနှင့် ပတ်သက်သော တစ်စုံတစ်ရာသည် သူ့မိဘဆွေမျိုးများအတွက် မည်မျှ အဓိပ္ပာယ်ရှိခဲ့၍ သို့တည်းမဟုတ် ကြာပင်တစ်ပင်သည် မည်မျှ လေးနက်သော ဒဿန တစ်စုံတစ်ရာကို ပေးနိုင်ခဲ့၍ သူ့နာမည်ကို 'ကြာညွန့်' ဟု မှည့်ခဲ့ကြတာလဲဟု တစ်ခါတစ်ရံ သူ ဖျင်းလျှင် တွေးခဲ့ဖူးပါသည်။ သို့သော် ထိုကိစ္စသည် သိပ်လေးနက်ခြင်း မရှိလှဟု အမြဲတစေ သူ ယူဆခဲ့၏။ ထို့အပြင် သူ့နာမည်ကို ကြာညွန့်မှ အခြားတစ်ခုခုသို့ ပြောင်းလဲလိုက်ရန်လည်း တစ်ခါမှ စိတ်မပါခဲ့ဖူးပါ။ ဤသည်မှာ ခင်ဗျားနာမည်က ဘာအဓိပ္ပာယ်နဲ့ မှည့်ထားတာလဲ။ ခင်ဗျားက တနင်္လာ သား မို့ ကြာညွန့်လို့ မှည့်ထားတာလား စသည်ဖြင့် မေးလာသူ သူ့တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ အမေးမခံရခြင်းနှင့် ဆိုင်ကောင်း ဆိုင်လောက်ပါသည်။ ကြာညွန့် ဟူသော သူ့နာမည်နှင့် တိုက်ဆိုင်ခြင်း တစ်ခုကတော့ သူသည် ကြာသပတေးသား တစ်ယောက် ဖြစ်နေခြင်းသာ ရှိပါ၏။

သူ လူ့လောကထဲသို့ ရောက်၍ နှစ်နှစ်မြောက်သော အချိန်တွင် သူ့မိဘများမှာ သူ့ကိုထားကာ တစ်ယောက် တစ်နေရာစီသို့ ထွက်သွားခဲ့ကြလေသည်။ ဤသည်မှာ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြလို့ဟု သူ့အဘွားက ပြောပြ၍ သူ သိရ၏။ နည်းနည်းမှ မစဉ်းစားကြဘူးဟု သူ အနည်းငယ် ကြောက်ရသော သူ့အဘိုးက ဒေါနှင့်မောနှင့် တစ်ခါတလေ ပြောဖူး၏။ စဉ်းစားတယ်ဆိုတာ ကောင်းသလားဘိုးဘိုး ဟု သူ မေးစဉ်က အလွန် ကျေနပ်ကာ သူ့ခေါင်းကို ပွတ်၍ 'စဉ်းစားတွေးခေါ်တယ်ဆိုတာ အကောင်းဆုံး အကျင့်ပေါ့ ငါ့မြေးရ၊ လူဆိုတာ ဘာလုပ်လုပ်





မလုပ်ခင် အရင် စဉ်းစားရတယ်'ဟု အားရပါးရ ပြန်ဖြေခဲ့ဖူးလေ၏။ ထိုအခါမှစ၍ အမြဲတစေ သူ တွေးနေတတ်သော အကျင့်ကို ရခဲ့လေသည်။ သူ၏ ရှည်လျားသော အတွေးပေါင်း များစွာကို ညပေါင်း များစွာတွင် အဘွားကို သူပြောပြတိုင်း ဒါတွေက စိတ်ကူးယဉ်ကွယ့် ဟူသောအဖြေသာ အမြဲ သူ ပြန်ရခဲ့၏။ အတွေးဆိုတာ အခု ဖြစ်နေတာတွေနဲ့ သိပ်မဝေးရဘူးဟု သူ့အဘိုးက ဆုံးမပြီး မကြာမီမှာပင် သူ နေသောအိမ်ကို သူ မီးရှို့ခဲ့သောကြောင့် သူ့အဘွား သွေးတက်၍ ဆုံးပါးကာ သူ ကိုယ်တိုင်လည်း ဘာမှန်းမသိသော တစ်နေရာသို့ ရောက်ရှိသွားခဲ့လေတော့၏။ ထူးဆန်းသောလူများ၊ အတွေ့အကြုံများနှင့် ထူးဆန်းသော အတွေးပေါင်း များစွာအားရပါးရ သူ စုဆောင်းနေဆဲ များမကြာမီပင် သူ့အဘိုးသည် သူ့အား ဝမ်းသာအားရ လာ ပြန်ခေါ်ခဲ့၏။ သူ မီးရှို့၍ လောင်သွားသော အိမ်ခေါင်တိုင် ထုပ်တန်းများ ကြားမှ မြောက်မြားလှစွာသော ဘိုးဘွားပိုင် စိန်ရွှေရတနာများ ရှာတွေ့ခဲ့ခြင်းကို သူ့အဘိုးမှ ဝမ်းသာအားရ ပြောပြနေချိန်တွင် ဘိုးဘွားများသည် ဤအရာများကို ဘာကြောင့် အိမ်ခေါင်တန်းများကြားတွင် ထားခဲ့ရသလဲဟု သူ တွေးနေခဲ့သည်။ ဒါကြောင့် အရင်တုန်းတွေ သောင်သောင်သာသာ နေခဲ့ကြရတာပေါ့ကွဟု အားရပါးရ ပြောနေသော အဘိုးကို သူ ငေးကြည့်နေခဲ့၏။ ထိုသို့ဖြင့် ကြာညွန့် အိမ်ပြန်ရောက်ခဲ့သည်။ ထိုသို့ဖြင့် ' မင်းအသက် ဆယ့်လေးနှစ်ပြည့်ပြီကွ ' ဟု ပြောပြီး သိပ်မကြာလိုက်သော ကာလတွင် အဘိုးသည် အဘွားနောက် လိုက်သွားလေ၏။ တစ်ချိန်က သူ မီးရှို့ခဲ့၍ ပြန်ပြင်ဆောက်ထားသော အိမ်ပေါ်တွင် သူ ဘာကြောင့် တစ်ယောက်ထဲ ကျန်ခဲ့သည်ကို တွေးရင်း ရောက်လာသမျှသော စပ်ဖြဲဖြဲမျက်နှာနှင့် လူများကို သူ ခပ်တည်တည်ငြိမ်ငြိမ် ကြည့်နေခဲ့လေသည်။ သူ ခေါင်းညိတ်ပြခြင်းကို အလွန်အမင်း လိုလားသော လူတို့သည် သူ ခေါင်းခါပြသောအခါ ဘာကြောင့် အလွန်အမင်း စိတ်ဆိုးသွားတတ်ကြကြောင်းကိုသာ အချိန်ပေါင်းများစွာတို့တွင် သူ တွေးတောနေတတ်ခဲ့လေသည်။

စိန်ရွှေရတနာများကို လူတွေ ဘာကြောင့်အလွန်အကျွံ မက်မောကြရပါသနည်းဟု သူ အတွေးလွန်သော ကာလများကြားမှာပင် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ရောက်မှုဖြစ်မည် ဟူသောစကားနှင့် သူ့အဖေ ဖြစ်သည် ဆိုသော လူတစ်ယောက် သူ့အိမ်ပေါ်သို့ ရောက်လာခဲ့လေသည်။ ထိုလူနှင့်အတူ အရက် ဖဲနှင့် မိန်းမဆိုသော အရာများ ဘာကြောင့် အတူတူ ပါလာခဲ့ရပါ သလဲဟု သူ တွေးနေသော သို့မဟုတ် အိပ်မပျော်သော်လည်း လဲလျောင်း နေတတ်သော ညပေါင်းများစွာတွင် ထိုလူသည် မူးယစ်ရီဝေစွာနှင့် တစ်ခန်းဝင် တစ်ခန်းထွက် တစ်စုံတစ်ရာကို ဘာကြောင့် ရှာဖွေနေရပါ သနည်း ဆိုသည်ကို သူ မတွေးတတ်ခဲ့ပါ။ ထိုနည်းတူစွာပင် မူးယစ် ရီဝေသော၊ မသေချာမရေရာသော၊ အေးဆေးငြိမ်သက်ခြင်း မရှိသော အရာများကို လူတွေ ဘာကြောင့် စွဲလမ်း နှစ်သက်ကြောင်းကိုလည်း သူ မတွေးတတ်ခဲ့ပါချေ။ ထိုနည်းတူစွာပင် သူ့အိမ်ပေါ်ရောက်နေသော သူ့ အဖေဆိုသူသည် သူ မေးသမျှသော ဆွေမျိုးသားချင်းတို့၏ နာမည်နှင့် တော်စပ်ပုံကိုပင် အကြိမ်ကြိမ် လွဲမှားစွာ ဖြေဆိုနေလျက် 'အဲဒါ မင်း အမေဘက်က အမျိုးတွေ၊ ငါ ဘယ်လိုလုပ် သိမှာလဲ'ဟု ဘာကြောင့် ဒေါသတကြီး အော်ဟစ်နေတတ်ကြောင်းလည်း သူ မတွေးတတ်ခဲ့ပါ။ ထို့အတူ ထိုလူ တစ်ဖက်ခန်းတွင် အမူးလွန်လျက် ဦးနှောက်ကြောပြတ် တာ သေဆုံးသည်ဆိုသောညက ထိုလူနှင့်အတူ ပါလာနေကျ မိန်းမသည် သူ့အိပ်ရာပေါ်သို့ ဘာကြောင့် အတင်းဝင်ရောက် အိပ်စက်ခဲ့သည် ဆို သည်ကိုလည်း သူ မတွေးတတ်ခဲ့ပါချေ။

ကြာကူလီဟု ခေါ်ဝေါ်သမုတ်လာသော လူအများကို ကျွန်တော့် နာမည် ကြာညွန့်ပါဟု အေးဆေးစွာ ပြန်ပြောမိတိုင်း မယုံကြည်နိုင်အောင် အံ့အားသင့်သွားမှုမျိုးကို သူ အကြာကြီး ဘာကြောင့် ရင်ဆိုင်ခဲ့ရမှန်း သူ တွေးခဲ့ဖူးပါသည်။ ကြာကူလီ ဆိုသော နာမည်တစ်ခု၏ အဓိပ္ပာယ်ကို အချိန်အတော်ကြာ စုံစမ်းခဲ့သော်လည်း ဘာကြောင့် လူတွေထံမှ မရဘဲ တအုပ်များထဲမှသာ သူ ရှာဖွေရခဲ့ကြောင်း သူ သိပ်မတွေးဖြစ်ခဲ့ပါ။ လူ့ ဝတ်ဝန်းကျင် အသိုင်းအဝိုင်းကြားတွင် လွန်စွာ အရုပ်ဆိုးလှသော ထိုနာမည် ကို သူ့အား ဘာကြောင့် ခေါ်ဝေါ်ကြပါသနည်းဟု သူ စဉ်းစားရင်း အိမ် ပြန်လာသော တစ်ညက သန်းအောင်ဟုခေါ်သော ရေထမ်းသည့်သူငယ် သည် သူနှင့် အတူနေထိုင်လျက်ရှိသော မိန်းမနှင့် ကုတင်ပေါ်တွင် အတူ





အိပ်စက်လျက်ရှိသည်ကို သူ တွေ့ရှိခဲ့လေသည်။

'ကြာသမားပါကွာ၊ နာမည်ကိုက ကြည့်ပါလား၊ ကြာညွန့်တဲ့၊ ကြာခိုတာတောင် အညွန့်မှ'

'ဒါကြောင့် သူ့အဖေမယား သူ ကြာခိုတာပေါ့'

"ကြာကူလီသာ ပြောတယ်၊ မရှုးမကောင်းနဲ့"

"မိန်းမနယ် … ကြာကူလီမယား ပီသပါ့အေ၊ မျက်နှာကလည်း ပြောင်ပါ့၊ ကြာပစ်တိုင်းလည်း အောင်ပါ့ '

အိပ်စက်နေသူနှစ်ယောက်ကို ကြည့်၍ သူ ကြားဖူးသမျှ စကား အချို့၏ ရည်ရွယ်ရာကို တွေးတောရင်း ခံတွင်းချဉ်လာ၍ သန်းအောင်ဆို သော သူငယ်အား မီးခြစ်တောင်းမိခဲ့သော ထိုညက ထိုသူငယ်သည် ဘာကြောင့် အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေခဲ့ကြောင်းကို သူ တွေး၍ မရခဲ့ပါ။ ထို့အတူ သူနှင့်အတူ နေထိုင်သော မိန်းမသည်လည်း ဘာကြောင့် ငိုယိုကာ သူ့ကို အကြိမ်ကြိမ် ထိတ်လန့်တကြား တောင်းပန်နေခဲ့ကြောင်း ကိုလည်း သူ မတွေးတတ်ခဲ့ပါ။ သို့သော် မကြာမီ ကာလ၌ ထိုမိန်းမသည် ထမင်းစားပွဲတွင် သူ့ကို အဆိပ်ခတ်သတ်ရန် ကြံစည်ရင်း ကိုယ်တိုင် မှားယွင်းစားမိကာ သေဆုံးသွားခဲ့လေသည်။ ထို့နောက် အချိန်ကာလ ကြာ မြင့်စွာ အတွေးများနှင့် သူ တစ်ယောက်တည်း ရှိနေခဲ့လေသည်။

ဦးထုပ်စုတ်နှင့်လူသည် ဒုတိယမြောက်ငါးတစ်ကောင်ကို ဖျတ်ခနဲ ဆွဲတင်လိုက်၏။ ငါးသည် ထိုင်နေသော သူ့ရှေ့သို့ကျလာကာ တဖျပ်ဖျပ် ခုန်နေလျက် ခဏကြာသော် ငြိမ်သက်သွားလေသည်။ ဦးထုပ်နှင့်လူသည် ငါးကို လာကောက်ရင်း သူ့ကို တစ်ချက် လှမ်းကြည့်ကာ ဖြူးဖြူး ညစ်ထပ်ထပ် သံပုံးစုတ်ထဲသို့ ငါးကို ပစ်ထည့်လိုက်ရင်း သူ့ထံ လျှောက် လာလေသည်။

'အကြာကြီးမျှားမှ ငါးနှစ်ကောင်ပဲ ရတယ်ဗျာ၊ မတိုက်ပါသွား ဒါ့ထက် မီးတစ်တို့လောက် ပါရင် တစ်ဆိတ်လောက်ဗျာ'

အိတ်ထဲမှ ဂက်စ်မီးခြစ်ကို သူ ထုတ်ပေးလိုက်သော အခါ ဆေးလိပ်တိုကို မီးတို့၍ ကျေးဇူးပဲဟု ပြောရင်း ငါးများတိုင်း စုံနုတ် ထိုယူကာ ထွက်သွားလေသည်။ လူတစ်ယောက်၊ ငါးနှစ်ကောင်နှင့် ရုံးသော



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်သော အချိန်သည် သူ့အတွက် နှစ်ငါးဆယ်ကျော် ဖြတ်သန်းခဲ့သော ဘဝတစ်ခုကို တွေးတောရန် ဘာကြောင့် လုံလောက်နေရပါသနည်း ဟု တွေးရင်း သူ့ဘေးမှ ချထားသောစာအုပ်ကို ကောက်ကာ ထိုင်ရာမှ ထ လိုက်ချိန်တွင် ဒီဘက်ကိုစောင်းအိပ်၍ အဆင်ပြေစပြုသည်နှင့် ဟိုဘက် ကိုစောင်းပြီး အိပ်တာက ပိုများကောင်းမလားဟု စဉ်းစားတတ်သူမှာ လူသတ္တဝါ တစ်မျိုးတည်းတွင်သာ ရှိသောအကျင့်မျိုးဟု သူ တွေးမိပြန်၏။

ငါးနှစ်ကောင်သာ ရခဲ့သော ဦးထုပ်စုတ်နှင့် သန်းအောင်မှာ အဝေးသို့ပင် ရောက်သွားလေပြီ ဖြစ်သည်။

လက်ထဲမှ စာအုပ်ကို သူ တစ်ချက်ကြည့်မိ၏။ ထိုစာအုပ်မှာ စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားသော ကြာ ဆိုသည့်စာအုပ် ဖြစ်လေ သည်။

ကန်ထဲတွင် ကြာပင်များ ကျုပ်ခဲစွာ ပေါက်ရောက်နေကြ၏။

ဦးကြာညွန့် အိမ်ပြန်သွားချိန်၌ နေဝင်သွားခြင်း မရှိသေးပါ။

သရဖူမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၁၀



# ရေဗွီနောက်ဗီ

ဆုံလည်ကုလားထိုင်ဟောင်းကြီးသည် လူသူတစ်ဦးတစ်ယောက် မှ မရှိဘဲ ခြောက်ကပ် တိတ်ဆိတ်နေသော ဆံသဆိုင်ထဲတွင် လေးတိ လေးကန်နှင့် ငူငူကြီး ထိုင်နေလေ၏။ သူသည် လမ်း၏တစ်ဖက်မှ အသစ် စက်စက် ဗြူတီဆလွန်းငယ်ကို ကြည့်၍ နေလေသည်။

ဗြူတီဆလွန်း အသစ်သည် မှန်များနှင့် ကာရံထား၏။ သစ်လွင် အဖိုးတန်သော ပစ္စည်းများနှင့် တည်ဆောက်ထား၏။ လှပသော အသုံး အဆောင် ပစ္စည်းများနှင့် တန်ဆာဆင်ထားသေး၏။ မှန်တံခါးများမှ ဖောက်၍ မြင်နေရသော ဆိုင်ထဲတွင်လည်း လင်းလင်းထိန်ထိန်နှင့် လှ တသောသော ရှိလေ၏။ ဆုံလည်ကုလားထိုင်ကြီး မမြင်ဖူးသေးသော ပစ္စည်းပစ္စယများလည်း ရှိလေသည်။

ဘဲဥကို သုံးပုံတစ်ပုံခန့် ထိပ်မှ ဖြတ်၍ထားသည်နှင့် တူသည့် ဖန်အုပ်ဆောင်းနှင့် ရှည်မျောမျော တစ်ကောင်ကို မိုးတိုးမတ်တတ် တွေ့ ရ၏။ လက်ဆေးဘေစင်ကို ဦးခိုက်၍ လဲနေသော ဆိုဖာတပ်ထားသည့် ကွပ်ပျစ်မကျ ကုတင်မကျ နှစ်ကောင်လည်း ရှိ၏။ ယန်တာအလက်တို အလုံးသုံးလုံးကို ဦးထိပ်ပန်ဆင်ကာ ထောင့်တစ်ထောင့်တွင် ငြိမ်နေသည့် ရှည်တရှည် အကောင်တစ်ကောင်ကိုလည်း မြင်ရ၏။ သူ့[illegible] ထည်သော်လည်း သူ့ထက် အမြင့်ဆန့်၍ ပေါ့ပါးသော [illegible] ဆုံလည်ကုလားထိုင်ငယ် သုံးလေးကောင်ကတော့ သူတို့ခေါ်တွင်အလှည့် ကျ လူထီး လူမများကို တင်လိုက် ချလိုက်နှင့် တလည်လည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များ နေကြကုန်၏။ သူနှင့်အတူ နှစ်ပေါင်းများစွာ ညားလာခဲ့သော ဖားဥစွဲနေပြီဖြစ်သည့် သူ့မိန်းမ ပိတ်ဖြူစကြီးလိုပင် ဟိုကောင်တွေ ကိုယ်စီတွင်လည်း အလှပြင် ဆံပင်ညှပ်ဆိုင်မှ ဆုံလည်ကုလားထိုင် များစွာ အဝိုင်း ရှည်းစားပိတ်စ ကိုယ်စီ ရှိနေကြရလေသည်။ သို့သော် လူတကာ လည်ပင်း တက် တက်စွပ်နေကြရသော ဟိုကောင်တွေရှည်းစား ပိတ်စမကလေးများကတော့ သူ့မိန်းမ ပိတ်ဖြူစထူကြီးလို ဖားဥမစွဲသည့် အပြင် ပိုးသားဖဲသားရောင် တပြောင်ပြောင်နှင့် ဖြစ်၏။ လေထဲတွင် ဝဲကာပျံကာနှင့် လာသမျှလူ လည်ပင်း ပတ်၍သာ မြူးတူးနေကြပုံရလေသည်။

ဆုံလည်ကုလားထိုင်ကြီးသည် သူ့လက်ရန်း တစ်ဖက်ပေါ်တွင် ခေါက်လျက်သားလေး အိပ်ပျော်နေရှာသော နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သည့် သူ့မိန်းမ ပိတ်ဖြူစကို သနားစွာ ကြည့်မိရှာ၏။ သင်းခမျှာ အလုပ်မလုပ်ရတာ ကြာခဲ့လေပြီ။ ဆုံလည်ကုလားထိုင်အိုကြီးသည် ရှည်လျားသော သက်ပြင်းကြီး တစ်ခုကို သူ့မိန်းမ မသိအောင် ခိုး၍ မှုတ်ထုတ်လိုက်လေတော့၏။ မျက်နှာကြက်မှ ပင့်ကူမျှင်များသည် လေမှုတ်ချက် အရှေ့တွင် တလှုပ်လှုပ်နှင့် တွဲလောင်းခိုကာ ဖုန်များပင် တက်ပြနေလိုက်ကြသေးသည်။ အဝင်အဝ တံခါးနား သံနှင့် ကပ်ရိုက်ထားခံရလေသော သားရေပတ်ပြားထံမှ သင်တုန်းဓားသွေးသံ တရှပ်ရှပ်ကို မကြားရတာ ကြာပြီ။ ဆံပင်ကို ညှပ်ညှပ်မညှပ်ညှပ် သူ့ဆရာလက်ထဲ တချပ်ချပ်နှင့် ရှုပိုးထိုးနေတတ်သော ကတ်ကြေး တစ်ကောင်လည်း ဘယ်ချောင်ရောက်နေပြီ မသိ။ အံဆွဲထဲမှ ခန့်ခန့်ကြီး ထွက် ထွက်လာတတ်၍ သူ့အလုပ် သူလုပ်ကာ ပြန် ပြန် ဝင်သွားတတ်လေသော စက်ကတ်ကြေးကိုဝင် မတွေ့တာ ကြာပြီ။ သေပဲ သေပြီလား မသိ။ စက်ကတ်ကြေးဆိုမှ သွားသတိရ၏။ ဆံသဆရာ သုံးနေကျ ကတ်ကြေးတစ်ဖက် ဘီးတစ်ဖက်နှင့် ဗုံကျေပတ်မကျ ခွကတ်ကြေးသည် လည်းကောင်း၊ တစ်ဖက်ကအစိပ် တစ်ဖက်ကအကျဲနှင့် ငါကဂျာမနီမိတ်ကွဟု မကြာခဏ ပြောတတ်သော ပိန်ရှည်ရှည် သံဘီးသည် လည်းကောင်း၊ ဝက်မှင်ဘီး၊ ပေါင်ဒါဘူး၊ ဆပ်ပြာမြှုပ်ဘူးတို့သည် လည်းကောင်း မတွေ့ရတာ အတော် ကြာခဲ့ပြီ။ ဗာကော မာကြသေးရဲ့လား မသိ။ ဆိုင်အတွင်းနံရံများတွင် ကပ်ထားသည့်





ခေါင်းပေါင်းစုံ၊ လူပေါင်းစုံနှင့် ဆံပင်ပုံစံပေါင်းစုံ ပါသော ပိုစတာများမှာလည်း အရောင်လွင့်သည်က လွင့်၊ ကွာကျသည်က ကျ၊ ပြဲသည်ကပြဲနှင့် ဖြစ်နေကြလေပြီ။ ဆုံလည်ကုလားထိုင်ဟောင်းကြီးသည် အတိတ်ကို သွားသတိရ၏။

ယခင်က ဆံပင်ညှပ်ဆိုင်သည် လွန်စွာ စည်ကား၏။ နေ့စဉ်နေ့တိုင်း ဆံသဆရာသည်လည်း လက်မလည်အောင် မိုးလင်းမိုးချုပ် လုပ်ရ၏။ ဆံပင်မညှပ်ဘဲ လေလာပန်းကြသူ၊ ကျားလာထိုးကြသူ၊ မယ်ဒလင်လာခေါက်ကြသူများလည်း ဆိုင်ရှေ့တရုန်းရုန်း ကိုယ့်သဘောကိုယ်ဆောင်ကြကုန်၏။ရှေ့တွင် လူအယောက်နှစ်ဆယ်ခန့်မျှရှိပြီး စိတ်ရှည်လက်ရှည် ထိုင်စောင့်သူလည်း ရှိ၏။ မျက်စောင်းထိုး လက်ဖက်ရည်ဆိုင်သွားထိုင်၍ လူအရှင်းကို ဂျာမန်စစ်သား ကင်းပုန်းဝပ်သကဲ့သို့ အလစ်မပေးဘဲ အကဲခတ်နေသူများလည်း ရှိ၏။ခပ်တည်တည် အလှည့်ကျော်ချင်တတ်သူများလည်း မကြာခဏ ပေါ်၏။ ဆိုက်ကားဆရာမှ မင်းသားကေ လာညှပ်သည်လည်း ရှိ၏။ ရေထမ်းရောင်းသူမှ ပိုစတာပုံတွေ အကြာကြီး လျှောက်ရွေးကာ ဘယ်ပုံအညှပ်ခံရပါ့ဟု ဝေခွဲမရ ဖြစ်နေသည်လည်း ရှိ၏။ အင်တာဗျူးလေး ဖြေစရာရှိလို့ ကျွန်တော့်ကို အရင် ညှပ်ပေးပါလားဗျာဟု အလုပ်ဝင်ခါနီး အသနားခံလာသူလည်း ရှိ၏။ အဆိုးဆုံးကား ပေကပ်ကပ်နှင့် မနားမနေ ဂျီကျသောင်းကျန်းတတ်သော ကလေးမျိုးတည်း။ ထိုအချိန်ကား ဆိုင်တွင် ငရဲပွက်သည်ထက် ဆိုးတော့၏။

ကလေးကငို။ အမေက ရိုက်။ စောင့်နေရသူများက ပွစိပွစိလုပ်ကြ။ ခေါင်းကို ငြိမ်ငြိမ် အကိုင်မခံသဖြင့် ဆံသဆရာလည်း [illegible] မအေလုပ်သူကလည်း လူကြားထဲ ပြောဆိုမရ၍ အရှက်ကွဲသဖြင့် အမှတ်မထင် လာ လာ ဆိတ်ဆွဲတတ်သေး၏။ အဆိတ်ဆွဲခံရသဖြင့် [illegible] က ပိုသောင်းကျန်း။ ဤသို့အားဖြင့် ဘယ်တိုညာရှည် ပုံပန်းမကျ [illegible] ပြီး၍ ပြန်သွားကြသည်သာ များ၏။ ပွဲလမ်းသဘင်များရှိလျှင် [illegible] တာလသားများ အုပ်လိုက် ရောက်လာကာ ထင်ရာပုံတွေ [illegible] ခိုင်းတတ်၏။ အမှန်တော့ ဆံသဆရာ ညှပ်တတ်သည်မှာ ဝုံ [illegible] သာ ရှိ၏။ ဤသည်ကို သိပြီးဖြစ်သော်လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောကြည့်ကြခြင်းသာ ဖြစ်၏။ နောက်တော့လည်း ဒီပုံ ဒီပုံနှင့်ပင် ကျေနပ်သွားကြရသည်သာ ဖြစ်၏။ အတိတ်သည် စည်ကားလေစွတကား။ ပျော်ဖွယ် ကောင်းလေစွတကား။ ယခုတော့ဖြင့် …

တစ်ရက်တော့ ဆံသဆရာသည် အခြားသောမြို့မှ ကြီးပွားနေပြီဖြစ်သော သူ့မိတ်ဆွေ ဆံသဆရာနှစ်ဦးနှင့် ပေါင်းကာ ဆိုင်ကို အကြီးစား ပြင်ဆင်မွမ်းမံ၏။ ပြင်ဆင်မွမ်းမံရုံ မဟုတ်။ တစ်ဆိုင်လုံး ဖြိုချကာ အစက ပြန်ဆောက်ခြင်း ဖြစ်၏။ ဆုံလည်ကုလားထိုင်ဟောင်းကြီးနှင့်တကွ သူ့မိတ်ဆွေ ပစ္စည်းပစ္စယများမှာ ဆံသဆရာ၏ အိမ်သို့ ခဏရွှေ့ထားခြင်း ခံရလေသည်။ ဤတွင် သူတို့ ပူပန်ကြလေ၏။

ငါတို့ဟာ အသုံးရော ဝင်ကြပါဦးတော့မလား။ ပြန်ရော သုံးကြပါဦးတော့မလား။ တကွဲတပြားစီပဲ ရောင်းစားခံကြရဦးမှာလား။ ဝယ်သွားရင်လည်း ဝယ်သွားတဲ့လူတွေက ငါတို့ကို အရည်ပဲ ကြိုပစ်မလား။ ဤကြားထဲ ဆံသဆရာမှာ ညဘက် ပြန်ရောက်လာတိုင်း သူတို့ကို ပြောင်လက် သန့်စင်အောင် တိုက်ချွတ် ဆေးကြောနေသေး၏။ ဆုံလည်ကုလားထိုင်ဟောင်းကြီးပင် ဆေးအသစ် ပြန်သုတ်ခံရခြင်း၊ ဆီအထိုးခံရခြင်း၊ ဆိုဖာနှင့် ကျောမှီအပေါက်အပြဲများ ပြန်လည် ဖာထေးခံရခြင်းများ ဖြစ်လာသောအခါ သူတို့၏ သံသယများသည် လွန်စွာ သေချာသွားတော့၏။ ငါတို့တွေကို ရောင်းစားဖို့ လုပ်နေကြပြီ။ အဆိုးဆုံးတစ်ရက်ကို ရောက်လာ၏။ ဆုံလည်ကုလားထိုင်ကြီး၏ မိန်းမ ပိတ်ဖြူစကို ဆံသဆရာမိန်းမမှ မပြောမဆို လာယူသွားခြင်း ဖြစ်၏။ စိတ်ဒုန်းဒုန်းကျလေပြီ။ ငါတို့ထဲက ဘယ်သူ အရင်လိုက်သွားရမလဲဟုသာ စောင့်၍နေကြရှာတော့၏။ ဆုံလည်ကုလားထိုင်ကြီးမှာ လှုပ်ရှားမှု မရှိတော့ချေ။

သုံးလမျှကြာသောအခါ ကြီးစွာသော အပြောင်းအလဲ တစ်ခုကို ကြုံကြရ၏။

ဆုံလည်ကုလားထိုင်ကြီးနှင့်တကွ သူ့မိတ်ဆွေ စက်ကိရိယာပစ္စည်းအားလုံးတို့သည် ဆိုင်၏ နောက်နား ခပ်ကျကျ အခန်းတစ်ခုထဲတွင် အားလုံး ပြန်ရောက်နေကြကုန်လေ၏။ သူတို့ရောက်နေသော အခန်းမှာ သာမညသောင်ည မဟုတ်။





ကြမ်းပြင်တွင် ကော်ဇောအထူကြီး ခင်းထား၏။ အခန်းနံရံများကို မှန်အနောက်တစ်ဝက် အကြည်တစ်ဝက်များဖြင့် ကာရံထား၏။ အခန်းမှာ လင်းကျင်းနေ၍ လေအေးစက်ကြောင့် အေးစိမ့်နေ၏။ အဝင်အထွက်တံခါးမှာ တံခါးရွေ့ လူလာရပ်သည်နှင့် အလိုအလျောက် ပွင့်သော ဆွဲမှန်တံခါး ဖြစ်၏။ ဆုံလည်ကုလားထိုင်ကြီးကိုတော့ ငါးပေပတ်လည်ခန့် ကြွေပြားများ ခင်းထားသည့် စက်ဝိုင်းပုံကန့်ငယ်တစ်ခု၏ အလယ်တွင် ထား၏။ ဆံပင်ညှပ်ခံသူ၏ ဆံစဆံနုများမှာ ထိုကန့်ထဲသို့ကျ၍ လှည်းကျင်းရန်ပင် မလို။ ရေဆွဲချလိုက်သည်နှင့် ချက်ချင်း သန့်ရှင်းသွားနိုင်၏။ အဝင်အထွက်တံခါးတွင်တော့ ရွှေရောင်ဆိုင်းဘုတ်ငယ်တစ်ခု ရှိလေသည်။

' Classic room '

' Since 1932 '

ဟူ၍ ဖြစ်လေ၏။

ဆံသဆရာနှင့် အပေါင်းပါများသည် အဟောင်းကို ဂန္ထဝင် ဖြစ်အောင် ကြံခဲ့ကြလေပြီ။ စီးပွားဖြစ်ကြလေ၏။

ဆုံလည်ကုလားထိုင်ကြီးမှာ သူ့ထံ ဖြူဖွေး တောက်ပစွာ ပြန်ရောက်လာသော သူ့မိန်းမ ပိတ်ဖြူစကို အံ့သြကာ နေ၏။ သူ့မိန်းမမှ သူ့အား ပြန်ပြောသည်မှာ ယခင်ကကဲ့သို့ ကုလားမမှ သူ့ကို တုတ်နှင့်ရိုက်၍ လျှော်ခြင်း မဟုတ်ကြောင်း။ ဝေးလှသော တစ်နေရာသို့ ပို့ကာ စက်ကြီးများနှင့် အလျှော်ခံခဲ့ရခြင်း ဖြစ်ကြောင်း။ ဆပ်ပြာတစ်မျိုးတည်းဖြင့် မဟုတ်ဘဲ အဆီအရည်ပေါင်း များစွာနှင့် အလျှော်ခံခဲ့ရခြင်း ဖြစ်ကြောင်း။

မည်သို့ဆိုစေ ဆုံလည်ကုလားထိုင်ကြီးသည် ကျေနပ်၍သာ နေလေ၏။ သူနှင့် သူ့အပေါင်းပါတစ်သိုက်သည် အရင်ကလို လူ[illegible]သောက်နှင့် မကြုံကြရတော့။ ဤမြို့မှ လူကြီးလူကောင်း သူဌေးသူကြွယ်ဝိုက်ဆံဝါလား လူတန်းစားများနှင့်သာ ဆက်ဆံနေကြရတော့သောကြောင့် ဖြစ်၏။ ခေတ်မီပစ္စည်းအချို့ ထပ်ရောက်လာကြသော်လည်း သူတို့ ကသိကအောက် မဖြစ်ကြတော့။ ဆုံလည်ကုလားထိုင်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲတွင် ခန့်ညားသစ်လွင်နေသော သူ့ကိုယ်သူကြည့်ကာ ကျေနပ်နေလေတော့၏။

သူတို့ဆိုင်နာမည်အသစ်ကိုကား ‘ရွှေမီးနောက်မီဂန္ထဝင် Saloon’ ဟု ရှည်လျားစွာ မှည့်ခေါ်ထားကြလေသတည်း။

Eternal Light မဂ္ဂဇင်း၊ မတ်လ၊ ၂၀၁၂



# ငွေနဲ့ပြိုင်တဲ့လူ

ဒီဝတ္ထုမှာ ရှင်းစရာ သုံးခု ရှိသဗျာ။ ပထမတစ်ခုက လူ …။ ဒီထဲမှာပါမယ့် ‘လူ’ဟာ ဘယ်သူမှ မဟုတ်ဘူး။ လူပဲ။ အထီးရယ် အမရယ် မဟုတ်ဘူး။ ကမ္ဘာ့အရှေ့ခြမ်း အနောက်ခြမ်း တောင်ခြမ်း မြောက်ခြမ်းကရယ် မဟုတ်ဘူး။ ဘာအလုပ် လုပ်တယ်၊ ဘယ်မှာ ဘာအဆင့်အတန်းရယ်၊ နာမည် ဘယ်သို့ရယ် မဟုတ်ဘူး။ လူ ပဲ။ လူမှ ခြေနှစ်ချောင်း ရှိမယ်။ လက်နှစ်ဖက် ရှိမယ်။ ကိုယ်တစ်ခု ခေါင်းတစ်လုံးထဲမှာ ဦးနှောက်တစ်ခု ရှိမယ်။ ဒီလောက်ပဲ …။ သူဟာ လူ ပဲ။ သူ လူ လုပ်လိမ့်မယ်။

နောက်တစ်ခုက ငွေ …။ ငွေကလည်း ခုနက လူလိုပဲ။ ရိုးရိုးငွေပဲ။ ပိုက်ဆံခေါ်ခေါ် ဘာခေါ်ခေါ် ကိစ္စမရှိဘူး။ ကျပ်လား၊ ဒေါ်လာလား၊ ယွမ်လား၊ ယမ်းလား၊ ပေါင်စတာလင် ဒူးစတာလင်လား ယူရိုလား ငြင်းနေစရာ မရှိဘူး။ ငွေ ပဲ။ တရုတ်တွေစသုံးတဲ့ ငွေစက္ကူလား၊ အခါ ထုတ်စောတဲ့ ခရုခွံတို့ ဘာတို့လား။ Credit Card ထဲကလား။ ချက်လက်မှတ်ထဲကလား။ ဘဏ်စာအုပ်ထဲကလား။ အိတ်ဆောင်ထဲက --- ပိုက်ဆံအိတ်ထဲကလား။စဉ်းစားနေရင် ရှုပ်တယ်။ ငွေဟာ ငွေပဲ။ သူက ငွေ လုပ်လိမ့်မယ်။

နောက်ဆုံးတစ်ခုက ပတ်သက်တဲ့ကိစ္စ …။ လူတစ်ယောက်ဟာ သူတစ်ယောက်ထဲ သက်သက်နဲ့ဆိုင်တဲ့ ငွေပမာဏတစ်ခု ရှိတယ်။ ဘာလို့လဲဆိုတော့ လူဟာ တန်ဖိုးတစ်ခု ရှိကိုရှိတာတိုး။ ငွေနဲ့တာက



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးတစ်ခုခုရဲ့ အတိုင်းအတာကိုပြတဲ့ စံတစ်မျိုး …။ ဥပမာ ထောင်တန်တဲ့လူ ရှိမယ်။ သောင်းတန်တဲ့လူ ရှိမယ်။ သိန်း သန်း ကုဋေကနေ ကုဋေပေါင်းများစွာ တန်တဲ့လူလည်း ရှိမယ်။ တစ်ပြားမှမတန်ဘဲ သေသွားတဲ့လူ ရှိမယ်။ အဲ …တစ်ကမ္ဘာလုံး ပုံပေးတာတောင် တန်ဖိုးမမီသေးတဲ့ အဖိုးမဖြတ်နိုင်တဲ့ လူမျိုးလည်း ရှိနိုင်၊ ရှိခဲ့၊ ရှိလာဦးမှာပဲ။ သေချာတာကတော့ လူဟာ မွေးလာပြီး သေသွားတဲ့အထိ ကြားထဲမှာ သူ ဘယ်လောက်တန်သလဲဆိုတာ သူ့ဟာသူ တန်ဖိုးသင့်ပြပြီး သေသွားကြတာပဲ။ ဒါပေမဲ့ ရှင်နေတဲ့ ကာလအတွင်း လူဟာ သူ ဘယ်လောက်တန်မလဲ ဆိုတာတော့ သူ့ဟာသူ တိတိကျကျ မသိနိုင်ရှာဘူး။ ဒီကိစ္စဟာ အသက်ကြီးတာငယ်တာနဲ့လည်း မဆိုင်ဘူး။ အချိန်တွေ ခေတ်တွေ ရာစုနှစ်တွေနဲ့လည်း မဆိုင်ဘူး။ လူ ဆိုတာနဲ့ ငွေ ဆိုတာနှစ်ခု ရှိနေခြင်းဆိုတာ သက်သက်နဲ့ပဲ ဆိုင်တယ်။ ဘယ်ခုနှစ်က ဘယ်သူဖြစ်ဖြစ် ဘာတွေပဲ လျှောက်လုပ်နေနေ လူဟာ လုပ်နေတုန်းမှာတော့ သူ့တန်ဖိုးသူ ဘယ်လူတစ်ယောက်မှ မတွက်နိုင်ဘူး။ သေလည်းသွားပြီးရော သူ့တန်ဖိုး သူ ဖြတ်ပြီးသားပဲ။ အဲဒါ ဘယ်လူတစ်ယောက်မဆို အဲလိုချည်းပဲလို့ ကျုပ် ထင်သဗျာ။ ခင်ဗျားတော့ သိမသိ မပြောတတ်ဘူး။ ကျုပ်တော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်တန်မှန်း မသိသေးဘူး။ သေမှ မသေသေးပဲကိုး။ ထားပါ။ ပြောနေကြတယ် ဇာတ်လမ်းစမှ။

လူတွေလည်း ရှိနေပြီးပြီ။ ငွေဆိုတာလည်း ရှိနေပြီ။ အဲဒီအချိန်မှာ လူတစ်ယောက် မွေးလာတယ်။ အဲဒါ ဇာတ်လမ်းရဲ့ အစပေါ့ …။

မွေးလာတာနဲ့ လူဟာ သူနဲ့ဆိုင်တဲ့ ငွေပမာဏတစ်ခု ရှိလာရော။ အဖျင်းဆုံးပြောရရင် ဝမ်းဆွဲသည်ကို ပေးရတဲ့ လက်ခမျိုး၊ အနီးဖိုးမျိုးနဲ့မွန့်ဖိုးမျိုးပေါ့။ လူဆိုတာက မွေးပြီး ဒီအတိုင်းရပ်နေတာမျိုးမှ မဟုတ်တာ။ လူ မွေးပြီးတာနဲ့ တဖြည်းဖြည်း ကြီးလာသလို သူနဲ့ဆိုင်တဲ့ ငွေကလည်း ပြိုင်တူထွားလာတာပဲ။ အဲဒီလိုနဲ့ သူ ကျောင်းစနေလို့ ရလောက်တဲ့အရွယ်ကျ သူနဲ့ဆိုင်တဲ့ငွေ၊ သူ့အတွက် ကုန်ထားတဲ့ငွေဟာ သူ့ထက်တောင် ထွားနေသေးတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ လူ က ကလေးလေးလေ။ သူနဲ့ဆိုင်တဲ့ငွေ သူ မတွေ့ဘူး။ သူနဲ့မဆိုင်တဲ့ ငွေတွေပဲ သူ သိတာ။





ဥပမာ သူ ရပြီး ပြန်ပေးလိုက်ရတဲ့ မုန့်ဖိုးလိုဟာမျိုးပေါ့။ ‘တကယ့်ငွေ’ ကို သူ မတွေ့ဘူး။ ‘အမြင်ငွေ’ ပဲ သူ သိသေးတာ။ အဲလိုနဲ့ပဲ သူ ကျောင်းသွားရင် သွား၊ တခြားဟာ လျှောက်လုပ်ရင်လုပ်နဲ့ နေတာပဲ။

အဲလို လိမ်ဖယ် လိမ်ဖယ်နဲ့ လူရော ငွေရော အတူတူ ဆက်ကြီးလာလိုက်တာ လူလည်း အရွယ်ရောက်ရော သူနဲ့ဆိုင်တဲ့ သူ့ငွေက အရွယ်ရောက်ပြီးလို့ အတော်တောင် လည်နေပြီ။ ဒီနေရာမှာ အပြောင်းအလဲတစ်ခု ဖြစ်တယ်။

ချုပ်းချက်တွေကို ဖယ်ထားလိုက်ရင် လူဟာ အရွယ်လည်းရောက်ရော မှီခိုသူကနေ အမှီခိုခံ ဖြစ်လာတာ။ အရင်က လူဟာ သူနေတဲ့ကမ္ဘာကို လုံးဝမှီခိုရတယ်။ ကလေးလေးကိုး ဗျ။ အခုကျ သူက ကမ္ဘာကို တစ်ခုခု လုပ်ပေးနိုင်လာတယ်။ လူကြီး ဖြစ်ပြီလေ။ ဒီနေရာမှာ လူနဲ့ဆိုင်တဲ့ ငွေကလည်း ပြောင်းပြန် ဖြစ်သွားတယ်။ အရင်က သူနဲ့ဆိုင်တဲ့ သူ့ငွေဆိုတာ သူ့အတွက် ကုန်ကျတာ။ အခုကျတော့ သူနဲ့ဆိုင်တဲ့ ငွေဆိုတာ သူက ရာလို့ရတဲ့ဟာ။ ပြောင်းပြန် ဖြစ်သွားတယ်။ ဒီနေရာမှာ လူတွေဟာ သူတို့နဲ့ဆိုင်တဲ့ တကယ့်ငွေကို တချို့က အရွယ်ရောက်တာနဲ့ တွေ့တယ်။ တချို့ကျတော့ သေသာသွားတယ် တွေ့မသွားဘူး။ ဒီဇာတ်လမ်းထဲက ကျုပ်ဇာတ်လိုက် လူ ကတော့ အရွယ်ရောက်ပြီး သိပ်မကြာခင်ဘဲ သူ့ငွေ သူ တွေ့သွားတယ်။

ဘယ်လူမဆို သူနဲ့ပဲ သီးသန့် ပတ်သက်တဲ့ သူ့ငွေ သူတွေ့တာနဲ့ သူ့ငွေက လူကို စိန်ခေါ်တော့တာပဲ။ စိန်ခေါ်ပုံကလည်း ဘယ် လူ အတွက်မဆို တစ်မျိုးထဲပဲ။ ငွေနဲ့လူ လိုက်တမ်းပြေးတမ်း လုပ်ရတာ။ ဆော်တော်များများမှာ လူ ရှုံးတာချည်းပဲ။ ဘာလို့လဲဆိုတော့ လူက သူနဲ့ သက်သက်ဆိုင်တဲ့ သူ့ငွေသူ သတိထားပြီး မှတ်ထားလေ့ မရှိဘူး။ သူက အချင်းချင်း လူ(၁) လူ(၂) ဆိုပြီးတော့လည်း ခွဲတတ်သေးတယ်။ ငွေကျတော့ မခွဲဘူး။ အားလုံး ငွေပဲ။ ပုံစံတူတွေ။ နောက်တစ်ခုက လူ(၁) နဲ့ ငွေ(၁)၊ လူ(၂) နဲ့ ငွေ(၂) ဆိုပြီး ခွဲထားလို့ ရတာမဟုတ်ဘူး။ လူအများကြီးနဲ့ ငွေအများကြီး လိုက်တမ်းပြေးတမ်း လုပ်နေကြတဲ့ထဲမှာ စိန်ခေါ်ခံရပြီး ဝင်ဆော်ရတာဆိုတော့ လူတွေအတော်များများက သူတို့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သက်သက်ဆိုင်တဲ့ငွေကို သူတို့ မမှတ်မိတော့ဘူး။ လူဟာ အားနည်းချက်တစ်ခုလည်း ရှိတယ်။ သူ့လူ ကိုယ့်လူသာ ကွဲတာ။ သူ့ငွေ ကိုယ့်ငွေ ထူး သိပ်ကွဲအောင် သိကြတာ မဟုတ်ဘူး။ ကိုယ့်ငွေကို သူ့ငွေ ထင်ပြီး သူ့ငွေကို ကိုယ့်ငွေ မှတ်ကုန်ကြတာနဲ့ပဲ ငွေကို အမြဲရှုံးတာများတယ်။ ကျုပ်ဓာတ်လိုက် လူ ကျတော့ …။

ကျုပ်ဓာတ်လိုက် လူဟာ သူ့ငွေသူ တွေ့သွားရော။ တွေ့သွားတာနဲ့ သူ့ငွေကလည်း သွက်တယ်။ ကျုပ်လူကို စိန်ခေါ်ပြီး ရှုးခနဲ ရေ့က ပြေးချသွားတာ ကျုပ်လူကို ပြိုင်ပွဲနဲ့ ပတ်သက်တာ ဘာတစ်ခုမှတောင် မပြောသွားဘူး။ ကျုပ်လူခမျာ အစပိုင်းမှာ ဘာလုပ်ရမှန်း မသိဘဲ ယောင်နနဲ့ ဖြစ်နေသေးတယ်။ ဒါပေမဲ့ ကျုပ်လူက တစ်ခုတော့ လျင်သဗျ။ သူ့ငွေ … သူနဲ့သက်သက်ပဲ ဆိုင်တဲ့ ငွေကိုတော့ သေချာမှတ်ထားလိုက်တယ်။ ဒီလိုနဲ့ပဲ ကျုပ်လူဟာ လူအများကြီးနဲ့ ငွေအများကြီး ပြိုင်နေတဲ့ ပြိုင်လမ်းပေါ် တက်ရပ်လိုက်ပြီး သေချာစပြေးတယ်။

သူ ရှေ့ကို မျှော်ကြည့်တယ်။ သူ့ငွေသူတော့ မတွေ့ရတော့ဘူး။ ရှေ့ကပြေးသွားနှင့်ပြီ။ ငွေတချို့နဲ့ လူတချို့တော့တွေ့တယ်။ သူ စိတ်မဝင်စားဘူး။ ဖြေးဖြေးမှန်မှန် စပြေးတယ်။ ပြေးရင်းပြေးရင်းနဲ့ သိပ်မပြေးတတ်သေးတော့ ကျုပ်လူခမျာ ချော်လဲပါလေရော။ သူ့ငွေနဲ့ သူ ပိုဝေးသွားတယ်။ လူတချို့နဲ့ ငွေတချို့ကလည်း သူ့ကို ကျော်တက်သွားကြတယ်။ သူ နည်းနည်း စိတ်ညစ်သွားတယ်။ ပြန်ထဖို့ လုပ်တယ်။ အဲဒီအချိန်မှာ တခြား လူတစ်ယောက်နဲ့ဆိုင်တဲ့ ငွေနည်းနည်းက သူ့ကို လာရပ်ကြည့်ပြီး ထူပေးဖို့ လက်ကမ်းတယ်။ ကျုပ်လူ အဲဒီငွေကို ကြည့်တယ်။ သူ ဘာလုပ်သလဲ။

ပထမတော့ အဲဒီငွေ ထူတာနဲ့ သူ ထဖို့ စဉ်းစားတယ်။ ဒါပေမဲ့ သူ သတိရတယ်။ အဲဒီငွေက သူ့ငွေ မဟုတ်ဘူး။ သွားပတ်သက်ရင် ကိစ္စတွေရှုပ်လာနိုင်တယ်။ အဲဒီငွေကို သူ ဂရုမစိုက်တော့ဘူး။ သူ့ဟာသူ ရအောင်ပြန်ထပြီး ရအောင် ဆက်ပြေးတယ်။

ကျုပ်လူဟာ ပြေးရင်းပြေးရင်းနဲ့ နည်းနည်း ပြေးတတ်လာတော့ မြန်လာတယ်။ လူတချို့နဲ့ ငွေတချို့ကို သူ ကျော်တက်လာနိုင်တယ်။ သူ





ကျော်တက်လာတဲ့ လူတွေက သူ့ကို မနာလိုသလို ကြည့်တယ်။ သူ ကျော်တက်လာတဲ့ ငွေတိုင်းကတော့ သူနဲ့ပတ်သက်ချင်သလို ကြည့်ကြတယ်။ ဒါပေမဲ့ သူ ဘာမှဂရုမစိုက်တော့ဘူး။ ရှေ့ကိုလှမ်းကြည့်ရင်း သူနဲ့ဆိုင်တဲ့ သူ့ငွေကိုပဲ ရှာရင်း ဆက်ပြေးတယ်။

ဟိုးရှေ့အဝေးမှာ သူ့ငွေ ပြေးနေတာကို ပြပြလေး မြင်ရပြီ။ ကျုပ်လူ တော်တော် ဝမ်းသာသွားတယ်။ အားစိုက်ပြီး အရှိန်မြှင့်လိုက်တယ်။ နည်းနည်း လောသွားလို့ ကျုပ်လူ လဲပြန်ရော …။ သူ့ငွေလည်း ပြန်ပျောက်သွားတယ်။ ဒါပေမဲ့ ဒီတစ်ခါ ထူးတာက သူနဲ့မဆိုင်တဲ့ ငွေတွေက သူ့ကို ဝိုင်းထူဖို့ အုံလာကြတယ်။ ဒါပေမဲ့ ကျုပ်လူက အကူအညီ မခံတော့ဘူး။ တောက်တစ်ချက် ခေါက်ပြီး ကုန်းရုန်းထလို့ ဆက်ပြေးတယ်။ ငွေတွေ အံ့သြကျန်ခဲ့ကြတယ်။ တချို့လူတွေက အရူးလို့ မကြားတကြား ပြောတယ်။ သူ ဘာမှ ဂရုမစိုက်တော့ဘူး။ လဲရာက တစ်ခါပြန်ထဖူးတော့ ဒီတစ်ခါ ပြန်ထပြေးတာ သူများတွေထက် ပိုသပ်ရပ်တယ်။ ဒီလိုနဲ့ ကျုပ်လူဟာ ဆက်ပြေးလာတယ်။

လမ်းမှာ ငွေတွေ အစုလိုက်နားနေပြီး သူတို့ကို လိုက်မမီတော့တဲ့ လူတွေအကြောင်း ဟားနေတာကို ကျုပ်လူ တွေ့တယ်။ သူ ကျော်ပြေးသွားတော့ အဲဒီငွေတွေ အံ့သြကျန်ခဲ့ကြတယ်။ လူတစ်ယောက် နှစ်ယောက် လမ်းမှာ စိတ်ပျက်ပြီး မှိုင်နေတာလည်း ကျုပ်လူ တွေ့တယ်။ ဒါပေမဲ့ သူ မရပ်တော့ဘူး။ ဆက်ပြေးတယ်။ ရှေ့မှာ ကျုပ်လူ သူ့ငွေသူ လှမ်းတွေ့နေရပြီကိုး။ သူ့ကိုချစ်လို့ သူ့နောက်လိုက်လာတဲ့ ငွေတချို့နဲ့ အဲဒီငွေတချို့နောက်ကို ဘာမှန်းမသိ ပြေးလိုက်နေတဲ့ လူတချို့လည်း ကျုပ်လူ နောက်မှာ ပါလာတယ်။ ဒါပေမဲ့ ကျုပ်လူဟာ ရှေ့က သူ့ငွေကိုပဲ မီအောင် ကြိုးစားတော့မယ်။ မီလုပြီလေ။

ဒီလိုနဲ့ပဲ ကျုပ်လူဟာ သူ့ငွေကို မမီမကမ်း နေရာ ရောက်လာတယ်။ ကျုပ်လူ တစ်ချက် အားစိုက်လိုက်တော့ သူ့ငွေနဲ့ သူ ရင်ပေါင်တန်းလျက်သား ဖြစ်သွားတယ်။ ကျုပ်လူဟာ သူ့ငွေကို ပြေးရင်း ငေးကြည့်တယ်။ သူ့ငွေကလည်း ကျုပ်လူကို ပြန်လှည့်ကြည့်ပြီး ပြုံးမိပြုံးရာ ဖြစ်သွားတယ်။ ကျုပ်လူက သူ့ငွေလောက် အစွမ်းအစ ရှိနေပြီလို့ ငွေဟာ



www.burmeseclassic.com

www.burmeseclassic.com



အတင်းပြေးတယ်။ ကျူပ်လူဟာ ခုချိန်မှာ သူ့ငွေသူဖမ်းဖို့ မကြိုးစားတော့ဘူး။ အနိုင်ယူဖို့ပဲ လုပ်နေပြီ။

ရုတ်တရက် လမ်းခွဲတစ်ခု ပေါ်လာပြီး ကျူပ်လူရဲ့ ငွေဟာ ပေါ်လာတဲ့ လမ်းမြောင်ထဲ ပြေးဝင်သွားတယ်။ ကျူပ်လူဟာ ဘာလုပ်ရမှန်း မသိဘဲ လမ်းဆုံမှာ ခဏ ရပ်သွားတယ်။ ရှေ့က လမ်းနှစ်ခုကို သူကြည့်တယ်။ သူ ဆက်ပြေးမယ့် တည့်တည့်လမ်းမှာ ဘာမှမရှိဘူး။ ပြောင်ရှင်းနေတာပဲ။ သူ့ငွေ ပြေးဝင်သွားတဲ့ လမ်းမြောင်ထဲမှာ လူသံ ငွေသံတွေ အများကြီး ကြားနေရတယ်။ ကျူပ်လူနောက်က ပြေးလာကြတဲ့ လူ့တွေ ငွေတွေကလည်း အဲဒီလမ်းမြောင်ထဲကိုပဲ ဝင်ပြေးသွားကြတာ များတယ်။ ကျူပ်လူဟာ ရှေ့က လမ်းနှစ်ခုကို ကြည့်တယ်။ တစ်ခုက သူ ပြေးမယ့်လမ်း။ ကန္တာရလိုပဲ ဘာမှမတွေ့ဘူး။ နောက်လမ်းမြောင်တစ်ခုက မှောင်ကုပ်ကုပ် တောအုပ်တစ်ခုထဲ ဝင်သွားတယ်။ တစ်စုံတစ်ရာ သူ ဆုံးဖြတ်လိုက်တယ်။ ဖြောင့်သောလမ်းကို တစ်ယောက်ထဲ ဆက်ပြေးသွားပြီ။

ကျူပ်လူဟာ သူ့လမ်းမှာ သူ တစ်ယောက်တည်း ပြေးနေတယ်။ ရှေ့မှာရော နောက်မှာရော ဘယ်လူ ဘယ်ငွေမှ မရှိဘူး။ ဒါပေမဲ့ သူ ဂရုမစိုက်တော့ဘူး။ သူ့ယုံကြည်မှုနဲ့ သူ ပြေးနေတဲ့ လမ်းဖြောင့်အတိုင်းပဲ အရှိန်အဟုန်ပြင်းစွာ ဆက်ပြေးသွားတယ်။ တောအုပ်လမ်းမြောင်အကြောင်း သူ မစဉ်းစားတော့ဘူး။

တောင်တစ်တောင်ကို ကျော်ပြီးတဲ့အချိန်မှာ သူ့ပန်းတိုင်သူ အဝေးမှာတွေ့လာတယ်။ သူ့ပန်းတိုင်ကို သူ လှမ်းမျှော်ရင်း ကျူပ်လူ ဆက်ပြေးသွားတယ်။ ရုတ်တရက် လမ်းတစ်ခုက ကျူပ်လူ ပြေးနေတဲ့လမ်းနဲ့ လာဆုံတယ်။ လမ်းခွဲတုန်းက တွေဝေခဲ့ပေမဲ့ လမ်းဆုံမှာတော့ သူ ရပ်မနေတော့ဘူး။ ကျူပ်လူ ကျော်ပြီး ဆက်ပြေးသွားတယ်။

လမ်းဆုံကို ကျော်ပြီးတာနဲ့ ကျူပ်လူဟာ သူ့နောက်ကနေ ခဏစောင့်ဖို့ တောင်းပန်တဲ့အသံတွေ အများကြီး ကြားရတယ်။ သူ လှည့်ကြည့်လိုက်တော့ ...

ငွေတွေ ...။ မရေမတွက်နိုင်တဲ့ ငွေတွေ။ အများကြီးမှ တကယ့်အများကြီး။ ဖွေးဖွေးလှုပ်နေတာပဲ။ သူ့ဆီ လာနေကြပြီ။ သူ ကျော်လာခဲ့တဲ့လမ်းဆုံမှာ သူ့ကိုလာဆုံဖို့ စောင့်နေကြတာ။ သူ ခဏရပ်ကြည့်တယ်။ အဲဒီထဲမှာ မထင်မရှား သိမ်ငယ်နေတဲ့ သူ့ငွေကို တွေ့တယ်။ သူ့ငွေဟာ ကျူပ်လူဆီ အတင်း ပြေးလာနေတယ်။ တောင်းပန်တဲ့ မျက်နှာထားနဲ့။ ကျူပ်လူ ပြုံးပြပြီး လက်ပြလိုက်တယ်။ ငွေတွေကို သူ မစောင့်တော့ဘူး။ သူ့ပန်းတိုင်ကို သူ ပြေးဝင်ပြီး လမ်းဖြောင့်ကလာတဲ့လူ ပျောက်သွားတယ်။





ဟုတ်တယ်။ ကျူပ်လူ သေသွားပြီ။

မရေမတွက်နိုင်တဲ့ တန်ဖိုးရှိတဲ့ငွေတွေ အများကြီးနဲ့ လူတချို့က ဝါ ကျူပ်လူကို လိုက်ရှာနေကြတယ်။ တွေ့ရင် ကျွန်ခံဖို့တဲ့။

ကျူပ်လူ သူ့တန်ဖိုးသူ သင့်ပြသွားပြီလေ။

အဖြစ်အပျက်က သိပ်မြန်တယ်။ တကယ့်ကို ခဏလေး။ ဘယ်လောက်တောင်မြန်လဲဆို နှစ်ပေါင်းခုနှစ်ဆယ်လေးပဲ ကြာတာ။ တကယ့်မျက်စိတစ်မှိတ် အတွင်းမှာ ရေပွက်ပမာလေး ဖြစ်သွားတာ။

ဘယ်တုန်းကလဲ ဆိုတော့ ဟိုတုန်းကလည်း ဟုတ်တယ်။ အခုလည်း ဟုတ်တယ်။ နောင်လဲ ဟုတ်နေဦးမှာ။

ဇာတ်လိုက် ကျူပ်လူက ဘယ်သူလဲဆိုတော့ ခင်ဗျားဆိုလည်း ဟုတ်တယ်။ ကျူပ်လည်း ဟုတ်တယ်။ အခြားသူလည်း ဟုတ်တာပဲ။

တစ်ခုတော့ ရှိတယ်။

ကျူပ်ဇာတ်လိုက် လူ က အနိုင်နဲ့ ပန်းဝင်သွားပြီးပြီ။

ကျူပ်တို့က ဘယ်နေရာမှာလဲ။

ပထမဆုံး စပြေးတာလား။ ပထမဆုံး လဲတဲ့ နေရာလား။ ဒုတိယမြောက် တောက်ခေါက်နေတာလား။ လမ်းမြောင်လမ်းခွဲထိပ်မှာ ရပ်နေလား။ လမ်းဖြောင့်မှာပဲ တစ်ယောက်ထဲ ဖြစ်နေလား။ လမ်းမြောင်ထဲမှာ တရုန်းရုန်းလား။

ဒါမှမဟုတ် ...

ကိုယ့်တန်ဖိုး ကိုယ်မသိသေးတဲ့ ကလေးလေးတွေပဲလား ---

ပြေးရင်း စဉ်းစားကြတာပေါ့ ...။

သရဖူမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

# လူနှင့် ရှက်လှင့်ခြင်း

ရှက်လှင့်ခြင်း အတတ်ပညာကို လူတို့သည် မည်သည့်အချိန် မည်သည့်ခေတ်ကတည်းက တတ်မြောက်နေခဲ့ကြကြောင်းကို ကိုစံကျော် ကောင်းကောင်း မသိပါ။ ကိုစံကျော် သိသည်မှာ သူသည် နှစ်ပေါင်းများစွာ တစ်နည်းအားဖြင့် သူ့ဘဝသက်တမ်း တစ်လျှောက် သူ အရွယ်ရောက်ပြီး သည်မှစ၍ သူ့ကိုယ်သူ ဘဝတွင် ရှက်လှင့်နေခဲ့ကြောင်းသာ ဖြစ်လေသည်။ သို့သော် ထိုကိစ္စကို သူ ဂုဏ်ယူလေ၏။

## လူနှင့် ရှက်လှင့်ခြင်း။

မည်သူမဆို ရှက်လှင့်ခွင့်ရဖို့အတွက် အနည်းဆုံး လေ့တစ်စီးနှင့် ရှက်ဖျင် တစ်လိပ်၊ ကြိုးအချို့တို့ကို လိုအပ်ကြောင်းကိုတော့ ကိုစံကျော် ကောင်းကောင်း လက်ခံပါ၏။ လှေမလှော်တတ်၊ ရေမကူးတတ်သော လူတို့သည်ပင်လျှင် သူတို့ဘဝအတွက် သူတို့ကိုယ်တိုင် ရှက်လှင့်နေခဲ့ ကြရကြောင်း ကိုစံကျော် မကြာခဏ ပြောနေတတ်လေ့ရှိသည်။ ဘဝ တွင် မကြာခဏ ကြုံတွေ့ရတတ်သော ကံကြမ္မာများနှင့် အပြောင်းအလဲ များတို့သည် မသေချာမရေရာ တိုက်ခတ်လာတတ်သော လေနှင့်တူသည် ဟု ကိုစံကျော်၏ ဒဿနဘုတ်အုပ်တွင် ရေးတန်းတင်ထားလေ၏။ လေ သည် အမြဲတစေ မဟုတ်သော်ငြား မကြာခဏတော့ တိုက်ခတ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် ပြင်းပြင်းထန်ထန်။ တစ်ခါတစ်ရံကျ ငြိမ်ငြိမ်လေးတိုက်သတဲ့။ ကိုစံကျော် ဘာလဲဟု မေးလျှင် ကိုစံကျော် ဘာမှမဟုတ်ပါ။ ထိုစံကျော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲဟု မေးလျှင်တော့ ကိုစံကျော်သည် ကိုစံကျော်သာဖြစ်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကို သက်သေပြ၍ ကိုစံကျော်ကိုယ်တိုင် သူသည် သူသာဖြစ်ကြောင်း ဖြေရှင်းပါလိမ့်မည်။ ထို့အတူ ဘဝတွင် လူတိုင်းသည် တက်၊ ရှက် အပြည့်အစုံနှင့် လေ့တစ်စီး ပိုင်ဆိုင်ထားကြပြီးဖြစ်ကြောင်း ကိုစံကျော် ဆက်ပြောပါလိမ့်မည်။ စကားမစပ် ကမ္ဘာ့နိုင်ငံရေးအကြောင်း ကိုစံကျော်နှင့် ပြောကြည့်စေချင်ပါသည်။

အမေရိကန်တွေ ဘာလုပ်နေသနည်းဟု မေးအံ့။ 'လေကြောင်းရှာနေကြသည်' ဟု ကိုစံကျော် ဖြေပါလိမ့်မည်။ တရုတ်တွေ ဘာလုပ်နေကြကုန်သနည်းဟု မေးပြန်အံ့။ 'လေကြောင်းမိလို့ အချင်းချင်းရောသူများတွေနဲ့ပါ ဝင်တိုက်နေကြတာ' ဟု ကိုစံကျော်အဖြေကို ကြားကြရပါလိမ့်မည်။ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကမှာ ဘာကြားတုံး ဆိုပါက 'ထမင်းချက်စရာ ထင်းမရှိလို့ ရက်ရက်စက်စက် ကိုယ့်ရှက်တိုင် ကိုယ်ချိုးနေကြတယ် ကြားတာပဲ' ဟု ဖြေပါလိမ့်မည်။ ဒါဆို ဂျပန်ကရောဗျ ဆိုလျှင်တော့ တိုတိုတုတ်တုတ် 'ဂျပန်တွေ လေ့ပေါက်နေတယ်ဗျ' ဟု ဝမ်းလည်းမသာ ဝမ်းလည်းမနည်းသော လေသံဖြင့် ကိုစံကျော် ပြန်ဖြေပါလိမ့်မည်။ အရှေ့တောင်အာရှကိုတော့ ကိုစံကျော် နည်းနည်း ပိုစိတ်ဝင်စား၏။ ဘယ်နိုင်ငံကတော့ လေမလာလို့ ကုန်းရုန်း လှော်နေကြရတယ်၊ ဘယ်နိုင်ငံကတော့ ရှက်ဖျင် ပြန်ဖာနေတာ၊ ဘယ်နိုင်ငံကတော့ ပိုကြီးတဲ့ လေ့ လိုက်ဝယ်နေတယ် ကြားတာပဲ၊ ဘယ်နိုင်ငံကတော့ လေကြောင်း ရုတ်တရက် ပြောင်းသွားလို့ ဒရောသောပါး ဖြစ်နေကြတယ် စသည်ဖြင့် ရှက်လွှင့်ခြင်းနှင့် မလွတ်စေရဘဲ ဆွေးနွေးပါလိမ့်မည်။ ဒါဆို ကျွန်တော်တို့နိုင်ငံကရောဟု မြန်မာ့နိုင်ငံရေးကို ထပ်ဆွေးနွေးအံ့။ ကိုစံကျော် အမြင်မှာ တစ်မျိုး။ သက်ပြင်းချ၍ ကျွန်တော်တို့နိုင်ငံက လေကြောင်း မိနေလျက်သားနဲ့ ရှက်ဖျင်တချို့ မလုံချင်ဘူးဗျ။ နောက်ပြီး လေ့သားတွေက လေ့ကောင်းကောင်းလည်း မလှော်တတ်ဘူး ထင်တယ်ဟု သူ့အမြင် သူပြောနေတတ်လေ၏။ ဒါဆို ကိုစံကျော်ကရော ဆိုရင်တော့ ကျွန်တော့်လေ့က ငယ်ပါတယ်ဗျာ၊ သေးသေးဗျ ဟု ရယ်ကျဲကျဲ ပြန်ဖြေတတ်လေ၏။





## လူနှင့် ရှက်လွှင့်ခြင်း။

'တချို့လူတွေက အံ့သြဖို့ ကောင်းတယ်ဗျ၊ လှော်တက်လည်း တစ်ချောင်းမှ လေ့ပေါ်မပါလာဘဲနဲ့ အမြဲ လေကြောင်းမိနေကြတာဗျ'

ဘဝတွင် မကြာခဏ ကံကောင်းတတ်သောသူတို့နှင့် ဆုံမိတိုင်း ကိုစံကျော် ဝမ်းသာအားရ ပြောနေကျစကား ဖြစ်၏။ သူများတွေ အဆင်ပြေတာကြားလျှင် ကိုစံကျော် ဝမ်းသာနေတတ်၏။ တကယ်တော့ ကိုစံကျော်သည် သူ့လေ့ပေါ် လူတကာ တင်ခေါ်၍ ရှက်လွှင့် သွားချင်တတ်သော လူစားမျိုးသာ ဖြစ်လေသည်။ သို့သော် ကိုစံကျော်လေ့မှာ သူ ပြော ပြောနေခဲ့သလို ခပ်သေးသေးသာဖြစ်ပြီး လေလည်း သိပ်မရလှ၍ ရှက်ဖျင်များလည်း အမြဲဖောင်းကား မနေတတ်သလို ကိုစံကျော်မှာ လှော်တက်အပြားကြီးကြီး တစ်ချောင်းနှင့် လှော်၍ သွားနေရသည်သာ များ၏။ သို့သော် အခုအချိန်အထိ လူသုံးလေးဆယ်ထက် မနည်းကိုတော့ ကိုစံကျော် အလီလီ တင်ခေါ်ခဲ့ပြီးပြီ ဖြစ်၏။ ထိုသူတို့မှာလည်း သူတို့ လေ့များကို ကိုစံကျော်လေ့နှင့် ကပ်ချည်၍ အားမနာလျှာမကျိုး တက်ထိုင် လိုက်ခဲ့ကြဖူး၏။ လေလာသော အချိန်ရောက်မှ ကိုစံကျော် လေ့ပေါ်မှ ကိုစံကျော်ကိုမျှ နှုတ်တောင်မဆက်ကြဘဲ သူတို့လေ့ပေါ် သူတို့ ပြန်တက်၍ ရှက်လွှင့် ထွက်ခွာသွားကြသူချည်း ဖြစ်၏။ အချို့က ကိုစံကျော်ထက်ပင် ပိုမြန်ကြဖူး၏။ 'ကိုစံကျော်ကြီးက ရှက်လွှင့်တယ် ရှက်လွှင့်တယ်နဲ့ လှော်ချည်းနေရတာပဲ တွေ့တာပါဗျာ' ဟု တစ်စုံတစ်ယောက်က စနောက်ခဲ့လျှင်လည်း ကိုစံကျော် ဒေါသမထွက်။ 'လှော်တဲ့အခါ လှော်၊ လွှင့်တဲ့အခါ လွှင့်ပေါ့ဗျာ၊ ကျွန်တော့်လေကလည်း အလာ နည်းသကိုးဗျ' ဟု ပြန်ပြောတတ်၏။ ကိုစံကျော်သည် အခုအချိန်အထိ လေကို အားကိုးခြင်း သိပ်မရှိခဲ့ကြောင်းကိုတော့ လူအတော်များများ လက်ခံကြလေသည်။ ကိုစံကျော် ရှက်လွှင့်နေခြင်း ကိစ္စသည် ကမ္ဘာကျော်ခြင်း မရှိပါ။ ကိုစံကျော့်လေ့မှာလည်း ခမ်းနား ဆန်းပြားလှသည် မဟုတ်ပါ။ သို့သော် ကိုစံကျော်သည် လေ့ မဆွေးမြည့် မပေါက်ပြဲအောင်၊ ရှက်များ [illegible] အောင်၊ သူ့လှော်တက်သူ မကျိုးပဲ့အောင်တော့ အမြဲတစေ သတိ[illegible]ခဲ့သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## လူနှင့် ရှက်လွှင့်ခြင်း။

ဘဝ ဟူသည် လှေပိုင်ရှင် မိမိကိုယ်တိုင် ဖြစ်၏။ လှေသည် ကျွန်းမာသန်စွမ်းစွာ ဦးတည်ရာသို့ သွားနိုင်သည့် ခန္ဓာကိုယ် ဖြစ်၏။ ထိုလှေတွင် ရှက်တိုင် ရှိ၏။ အချို့တွင် ရှက်တိုင်တစ်တိုင်၊ အချို့တွင် ရှက်တိုင်အများ။ ဤသည်များကား မျှော်လင့်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် စိတ်ဓါတ်၏ အလံတိုင်များ။ ထိုတိုင်များတွင် အရေးကြီးလှသော သိနားလည်မှု ရှက်ဖျင်များ တပ်လိုက်ခြင်းအားဖြင့် လှေသည် ခရီးစ လေတော့၏။ ဤတွင် ဦးတည်ရာသို့ ခရီးနှင်ရန် ပဲ့ လိုလာ၏။ ရေတိမ် ရေနက်၊ ဥာဏ်ရည်တိမ် ဥာဏ်ရည်နက်အရ ပဲ့သည် လမ်းပြလေတော့၏။ ဘဝ၏ ကံကြမ္မာသည် 'လေ' ဟူ၏။ လေသည် အစိုးမရ။ အားကိုး အားထားပြုဖို့ မလွယ်။ ထိုအခါ လှေလှော်တတ်ခြင်းနှင့် ရှက်ထိန်းတတ်ခြင်း အတတ်ပညာများ လိုလာတော့၏။ ဤတွင် ဘဝ၌ လှော်တတ်သော သူနှင့် မလှော်တတ်သောသူ ပေါ်လာတော့၏။ လေမလာလျှင် လှော်ခတ်ရမည်။ လေလာလျှင် ရှက်လွှင့်တတ်ရမည်။ မည်သို့ဆိုစေ ရှက်ကြိုးများသည် ချည်ထားနှင့်ပြီး ဖြစ်ကြောင်းကိုတော့ ကိုစံကျော် ကောင်းကောင်း သိခဲ့လေသည်။

## လူနှင့် ရှက်လွှင့်ခြင်း။

တစ်ခါက ကိုစံကျော့်လှေပေါ်ကို အတင်း တက်ထိုင် လိုက်လာခဲ့သော အားနွဲ့သူတစ်ယောက် ရှိခဲ့ဖူး၏။ ထိုအားနွဲ့သူသည် လှေမလှော်တတ်ခဲ့ပါ။ ထို့အတူ တက်ကို မကိုင်တတ်ခဲ့ခြင်းသည် လည်းကောင်း၊ ရှက်ကို မတင်တတ်ခဲ့ခြင်းသည် လည်းကောင်း၊ ရေမခပ်ထုတ်တတ်ခဲ့ခြင်းသည် လည်းကောင်း၊ ထို့ထက်ပို၍ ဆိုးရွားစွာ လေမည်သည့်ဘက်က တိုက်လာခဲ့သည်ကို မသိခဲ့ခြင်းသည် လည်းကောင်း ထိုအားနွဲ့သူထံတွင် အပြည့်အစုံ ရှိခဲ့လေ၏။ ကိုစံကျော်သည် လှေလှော်ခဲ့ရလေ၏ (ထုံးစံအတိုင်း)။ တက် ကိုင်ခဲ့ရလေ၏ (ထုံးစံအတိုင်း)။ ရှက်တင်ခဲ့ရလေ၏ (ထုံးစံအတိုင်း)။ ရေခပ်ထုတ်နေရင်းမှ လေဘယ်က တိုက်လာမလဲ ကြည့်ခဲ့ရလေ၏ (ထုံးစံအတိုင်း)။ ကိုစံကျော် ငြိုငြင်ခဲ့ခြင်း မရှိပါ။ သို့သော်





ထိုအားနွဲ့သူထံတွင် ကိုစံကျော်အတွက် အသုံးမဝင်လှသော ပြောစရာ စကားပေါင်း မြောက်မြားလှစွာ ရှိ၍နေခြင်းသည် ကိုစံကျော်အတွက် ဦးတည်ရာသွားဖို့ ပဲ့ကိုင်ရန် လွန်စွာ အနှောင့်အယှက် ပေးလေ၏။ ကိုစံကျော့်လှေ နှေးကွေးလေတော့သည်။ ထိုသို့ဖြင့် ကိုစံကျော်လှေထက် မိုမြန်ဆန်စွာ ရှက်လွှင့်သွားနိုင်သော လှေတစ်စီးပေါ်သို့ ထိုအားနွဲ့သူ ခုန်ကျော် တက်လိုက်သွားချိန်တွင် ကိုစံကျော် တစ်ဦးတည်းသာ လှေပေါ် ၌ လက်ပြနေရစ်ခဲ့၏။ ကိုစံကျော် ကြာကြာ လက်မပြနိုင်ခဲ့ပါ။ အကြောင်းမှာ တစ်တိုင်တည်းသာရှိသော ကိုစံကျော့်လှေ၏ ရှက်တိုင်အောက်၌ လှေ များ ချီး၍ ဖိုသွားခဲ့သော အားနွဲ့သူ၏ အကျီအခြောက်လှန်းရန် မီးဖို အား ရှက်တိုင်မီးမလောင်ရန်အတွက် ကိုစံကျော် မီးငြိမ်းနေရသောကြောင့် ဖြစ်လေ၏။ မီးဖိုမှ မီးငြိမ်းသွားခဲ့ချိန်တွင် ကိုစံကျော် တွေဝေခဲ့လေသည်။ လှေပေါ်တွင် မီးဖိုခြင်းသည် ကောင်းသလား၊ မကောင်းသလား။ အခု လေ လာနေသည်။ လေလာနေတုန်းမှာတော့ ဘာပဲဖြစ်ဖြစ် ကိုစံကျော် ရှက်တင်လိုက်လေသည်။

## လူနှင့် ရှက်လွှင့်ခြင်း။

ကိုစံကျော် အားကုန်လှော်နေ၏။ သူသည် တကယ် လှော်ခတ် နေခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် တကယ် ရှက်လွှင့်နေခြင်း ဖြစ်လေသည်။ ပြိုင်ပွဲတစ်ခုအတွင်းသို့ ရှက်လှေတစ်စင်းနှင့် သူရောက်နေခြင်း ဖြစ်၏။ ကိုစံကျော်၏ ရှက်လှေမှာ အဖြူရောင်ချည်းသက်သက် ဖြစ်၏။ သို့သော် ကိုစံကျော်မှာ ရေငုပ်သမားများ ဝတ်ဆင်သော အမည်းရောင် ရေငုပ်ဝတ်စုံ ကို ဝတ်ဆင်ထားလေသည်။ လေလာနေပါ၏။ ဖြူဖွေး တောင့်တင်းသော ရှက်များမှာ တဆတ်ဆတ် ခါနေလေသည်။ နိုင်ခံ့သော ရှက်ကြိုးများက 'ကိုစံကျော် ... ခင်ဗျား ရှက်တင်တော့လေဗျာ' ဟု ပြောနေကြလေ၏။ အကောင်းဆုံးအနေအထားမှ လေများ တိုက်ခတ်လာလေသည်။ ကိုစံကျော် ရှက်တင်ရန် သတိမရ။ အကျင့်ပါနေပြီဖြစ်၍ (တစ်နည်းအားဖြင့်) နှစ် ပေါင်းများစွာ အသားကျလာခဲ့ပြီဖြစ်၍ လှော်တက်ကောင်းနေသည့် ရှိ ချိန်တွင် လှော်တက်နှင့် သူကိုယ်သူသာ အားကိုးလျက် ကျုံးလှော်နေတော့



www.burmeseclassic.com

www.burmeseclassic.com



၏။ ကိုစံကျော်နှင့် သူ့ရွက်တိုင်နှင့် ရွက်ဖျင်များကို အားကောင်းသော လေများ အကြိမ်ကြိမ် ဖြတ်သန်း တိုက်ခတ်သွားကြ၏။ ကြိုးများလျော့နေသော ရွက်ဖျင် အသစ်စက်စက်များမှာ လေတွင် တလှုပ်လှုပ်။ ကိုစံကျော် ကျုံးလှော်နေဆဲ။

**လှေနှင့် ရွက်လွှင့်ခြင်း။**

ကိုစံကျော် အင္ဂမမြောက် ယန်းဝင်သွားလေသည်။

လေသည် တိုက်ခတ်ဆဲ။

ပြိုင်ပွဲပြီးမှ ကိုစံကျော်သည် သူ့ရွက်များကို လေနှင့်အတူ စွင့်စွင့်ကားကား တင်လိုက်ကာ ရွက်လွှင့်သွားလေသည်။ ဤသည်မှာ ကိုစံကျော် ကိုယ်တိုင် ပြောပြသော သူ့ဒဿန ဝတ္ထုတိုတစ်ပုဒ်သာ ဖြစ်လေတော့၏။

Life Style မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၂



# ဒေါသထွက်တဲ့လူ

ညနေခင်း ထိုင်နေရင်း အကောင်းကြီးမှ ကိုဖြုတ်စသည် ရုတ်တရက် ဒေါသထွက်လာလေ၏။

ဘယ်ကိစ္စကနေ ဘယ်လိုစ၍ ဒေါသထွက်လာသည် မသိ။ သူ့အတွက် ဒေါသထွက်ရလောက်စရာ ခြေခြေမြစ်မြစ် အကြောင်းတစ်စုံတစ်ရာလည်းမရှိ။ အရာရာတွင် ဒေါသထွက်ချင်စရာ ကောင်းနေသော ဘဝတွင် ရောက်နေသူ လူစားမျိုးလည်း မဟုတ်။ အလကားနေရင်း ဒေါသကြီးနေတတ်သူ လူစားမျိုးလည်း မဟုတ်။ ညနေခင်း အိမ်ပြန်ရောက်၍ ကော်ဖီလေးတစ်ခွက် ဖျော်ကာ ဝရံတာတွင် ထွက်ထိုင်နေရာမှ အလကားနေရင်း ဒေါသထွက်လာခြင်း ဖြစ်၏။

ကိုဖြုတ်စသည် လူပျိုကြီး ဖြစ်၏။ အရောင်းအဝယ်လုပ်ကာ မြို့ထဲမှ တိုက်ခန်းတစ်ခုတွင် တစ်ဦးတည်းနေသူ ဖြစ်၏။ လူပျိုကြီး ဖြစ်သည့်အပြင် တစ်ယောက်တည်းနေသူ ဖြစ်လေရာ သူ့ဝင်ငွေနှင့် သူ့ဘဝမှာ ပိုပိုလျှံလျှံပင်ဖြစ်၍ နေသေး၏။ ပင်ကိုအားဖြင့် အနေအထိုင်အေးဟာ ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင် နေတတ်သဖြင့် လူချစ်လူခင်လည်း များသေး၏။ သဘောကောင်းသူလည်း ဖြစ်၍ အေးအေးနေတတ်သူမို့လည်းဖြစ်ရာ ကိုဖြုတ်စအတွက် စိတ်ဆိုးဒေါသထွက်ခြင်း ဟူသော ထိုမှာ ဘဝတွင် မရှိခဲ့သည်မှာ ကြာပြီ ဖြစ်၏။ ဤညနေ အလုပ်မှ ပြန်လာ၍ ထိုင်နေရင်း အကောင်းကြီးကနေ ရုတ်တရက် ဒေါသထွက်လာသည်ကြောင့် ကိုဖြုတ်စမှာ သူ့ကိုယ်သူ အံ့သြ၍ပင် နေသေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက်ကို ကြမ်းပေါ် ဆောင့်ချလိုက်မိချိန်မှ စ၍ ကိုဖြူတ်စသည် သူ စိတ်ဆိုးနေကြောင်း သူ့ကိုယ်သူ စသတိထားမိတော့သည်။

ပထမသော် အမယ် ငါ ဒေါသထွက်နေပါလား ဟု အံ့သြသွား၏။ ငါ ဘာကို စိတ်ဆိုးနေသလဲ ဟု တွေးကြည့်၏။ မယ်မယ်ရရအကြောင်းကား ဘာမှရှာမတွေ့။ အလုပ်ထဲသို့ စိတ်ရောက်သွားပြီး လုပ်ငန်းကိစ္စများလားဟု တွေးကြည့်၏။ သူ့အလုပ်ထဲတွင်လည်း စိတ်ဆိုးလောက်စရာကိစ္စ ရှာမတွေ့ပြန်။ အခုတလော သူ့အလုပ်အကိုင်မှာ အရင်ကထက်ပင် အဆင်ပြေနေသေးတော့သည်။ ပေါင်းရသင်းရ လုပ်ရကိုင်ရ ကောင်းသော လုပ်ဖော်ကိုင်ဖက်များနှင့်ချည်း ဆက်တိုက် တွေ့ကြုံ လုပ်ကိုင်ခဲ့ရသည်ချည်း ဖြစ်၏။ အလုပ်အကိုင်များလည်း များသောအားဖြင့် အောင်မြင် မြတ်စွန်းခဲ့သည်သာ များလေသည်။ လူညစ်လူကပ်များ၊ လူလိမ်လူကောက်များနှင့်လည်း သိပ်မတွေ့ရခဲ့။ ဒါဖြင့် ပိုက်ဆံကြောင့်လားဟု ငွေရေးကြေးရေးဘက် စိတ်ရောက်သွားပြန်၏။

ပြောရလျှင် ကိုဖြူတ်စသည် ပိုသောပိုက်ဆံ ဘဏ်မှာပင် သွားအပ် အပ်ထားရသောလူစား ဖြစ်၏။ သောက်စား သုံးဖြုန်း မလုပ်တတ်သူဖြစ်၍ သူ့တွင် သူရှာသောပိုက်ဆံ ပို၍ နေတတ်သည်သာ များသည်။ ဤခေတ်ကြီးထဲ ရှားရှားပါးပါး ငွေပိုနေတတ်သူ လူဗိုလ်ကြီးကိုဖြူတ်စထံမှ လုပ်ငန်းကိစ္စ လိုအပ်လာလျှင် မိတ်ဆွေများမှ မကြာခဏ ငွေတောင်လာလာလှည့်ရတတ်သေးသည်။ ဤနေ့တွင်လည်း အရောင်းအဝယ်တစ်ခု ဖြစ်၍ မိတ်ဆွေတစ်ဦးမှ အမြတ်ငွေများ လာပေးသွားသေး၏။ ကိုဖြူတ်စကို အမြတ်ပေးရခြင်းထက် အရောင်းအဝယ် ဖြစ်မြောက်သွားသဖြင့် ထိုမိတ်ဆွေက ကိုဖြူတ်စကိုပင် ကျေးဇူးများ တင်သွားသေးတော့သည်။ ဤသို့ဆိုလျှင် သူ ဒေါသထွက်နေသော ကိစ္စသည် ငွေကြောင့်လည်း မဖြစ်နိုင်။ သူ ဒေါသထွက်နေသောကိစ္စသည် ငွေကြောင့်လည်း မဟုတ်၊ လုပ်ငန်းကြောင့်လည်း မဟုတ်ကြောင်း တွေ့ရှိသော် ကိုဖြူတ်စသည် ပိုဒေါပွလာလေ၏။ ဒေါသထွက်စရာ မရှိဘဲ ဒေါသထွက်နေခြင်းကို ဒေါသထွက်လာခြင်း ဖြစ်၏။ ငါ မိန်းမမယူမိလို့ အနေအထိုင်ကြောင့် ဒေါသထွက်နေသလားဟု စဉ်းစားပြန်၏။





ရှင်းရှင်းဆိုရသော် ကိုဖြူတ်စသည် မိန်းမယူသောကိစ္စ၊ အိမ်ထောင်သားမွေး ကိစ္စများကို လုံးလုံး စိတ်မဝင်စားသော လူစားဖြစ်သောကြောင့် လူပျိုကြီး ဖြစ်နေသူ ဖြစ်၏။ သူ့အတွက် တစ်ယောက်တည်း ထင်သလို နေရသောဘဝကို ကြိုက်လွန်း၍ ဤအတိုင်း နေထိုင်ခဲ့ခြင်း ဖြစ်သည်။ နှစ်လတစ်ခါမျှ ဆိုင်ပြောင်း၍ ထမင်းလခပေးစား၏။ အလျှော်အဖွပ်ကိစ္စအတွက် လောင်ဒရီ အပ်၏။ အိမ်ခန်းသန့်ရှင်းရေးအတွက် ကုလားလေးတစ်ယောက်ကို တစ်ပတ်တစ်ခါ ခေါ်ရှင်းနိုင်း၍ လခ ပိုပိုသာသာ ပေးထား၏။ သွားရေးလာရေးအတွက် ကားကောင်းကောင်းတစ်စီး ဝယ်ထား၏။ ဤအတိုင်း စခန်းသွားလာသည်မှာ ကြာပြီ။ ဘာပြဿနာမှ မရှိ။ အနေအထိုင် အစားအသောက်အတွက်လည်း ဘာမှ စိတ်ဆိုး ဒေါသဖြစ်စရာ ရှာမတွေ့။ ဘဝနှင့်ချီ တွေးရလျှင်လည်း ကိုဖြူတ်စ ဘဝသည် ဘာမှ စိတ်ဆိုးဒေါသထွက်နေစရာ အကြောင်းမရှိ။ ကြီးကြီးကျယ်ကျယ် အကြောင်းများကြောင့် ဒေါပွလာခြင်း မဟုတ်သော် အသေးအမွှားကိစ္စလေးများကြောင့် ငါ ဒေါသထွက်နေသလားဟု တွေးပြန်လေသည်။ ဘာကိစ္စမှမရှိဘဲ ဒေါသထွက်နေခြင်းအတွက်မူ ကိုဖြူတ်စသည် သူ့ကိုယ်သူ အတော် စိတ်ဆိုးနေပြီ ဖြစ်သည်။

ခုနက ဆောင့်ချလိုက်သော ကော်ဖီခွက်ကို ပြန်ကောက်ကိုင်ကာ သောက်ကြည့်၏။ ခါတိုင်း ဖျော်သောက်နေကျ အချိုးအစားအတိုင်း ဖြစ်၍ ကော်ဖီ၏အရသာမှာ ပုံမှန်အတိုင်းသာ ဖြစ်နေ၏။ ဘာမှ စိတ်မကျေနပ်စရာ မရှိ။ ထိုင်ရတာ အဆင်မပြေလို့လားဟု ထိုင်ခုံကို နေရာရွှေ့ကြည့်၏။ ဘာမှမထူးခြား။ ထိုင်နေကျခုံတွင် ထိုင်နေကျပုံအတိုင်း ထိုင်ခြင်းဖြစ်၍ ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာ အကြောင်း ရှာမတွေ့ပြန်။ ကိုယ့်အိမ်မှာ ကိုယ့်ဟာကိုယ် နေခြင်းကိစ္စသည် ဘာမှ ဒေါသဖြစ်စရာ အကြောင်းမရှိ။ ထိုအခါ အကြောင်းရှာမရသဖြင့် ပို ဒေါပွလာ၏။ ဝတ်ထားတဲ့အင်္ကျီ အဆင်မပြေတာဖြစ်မယ်ဟု ယူဆကာ အင်္ကျီချွတ်၍ ထောပြောင်နှင့် ပြန်ထိုင်၏။ ဒေါသက မသေ။ ရေသွားချိုးလိုက်ရင် ပြောင်းသွားမယ် ဟု ထင်ကာ ရှူးရှူးရှားရှားနှင့် ရေချိုးခန်းဘက် ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နှာတပွပွနှင့် ရေကို ဆောင့်ကြီးအောင့်ကြီး ချိုး၏။ ရေချိုးနေစဉ်အတွင်းလည်း ဘာမှဒေါသဖြစ်စရာ မရှိဘဲ ငါ ဘာကို ဒေါသဖြစ်နေသလဲဟု တွေး၏။ အဖြေကား မရ။ အဖြေမရသော် စိတ်ဆိုးပြန်၏။ မျက်နှာကို မျက်နှာသုတ်ပဝါနှင့် ရေသုတ်စဉ် မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲငုတ်စိများကို သတိပြုမိကာ မုတ်ဆိတ်နှုတ်နေရသော် နာ နာသွားသဖြင့် ဒေါသပြေသွားလောက်သည်ဟု အတွေးရ၍ မွေးညှပ်သွားယူကာ ဝရံတာ ပြန်လာထိုင်၍ မုတ်ဆိတ်နှုတ်နေ၏။

တစ်ပင် နှုတ်လိုက် တစ်ခါ နာသွားလိုက်နှင့် နာလာသော် ဘာအကြောင်းမှမရှိဘဲ ဒေါသထွက်သဖြင့် ကိုယ့်ကိုယ်ကိုယ် နာအောင်လုပ်နေရလေခြင်းဟု တွေးမိကာ ပို ဒေါပွလာပြန်၏။ သို့သော် မုတ်ဆိတ်ကို ပေ၍ နှုတ်မြဲ နှုတ်နေ၏။ မုတ်ဆိတ်ကုန်သော် ကုန်ရကောင်းလားဟု စိတ်ဆိုးပြန်ကာ ချိုင်းမွေးဆက်နှုတ်၏။ ချိုင်းနှစ်ဖက်လုံး စပ်ဖျဉ်းဖျဉ်းဖြစ်၍ ပြောင်သွားသော် ကုန်ပြန်ပြီဟု ဒေါပွကာ ခြေသလုံးမွေးများ ဆက်နှုတ်နေပြန်၏။ ခြေသလုံးမွေးများသည်ကား မုတ်ဆိတ်မွေး ချိုင်းမွေးထက်ပိုများသည့်အပြင် ရှုပ်ယှက်ခတ်နေသည် ဖြစ်ရကား တစ်ပင်စီရှာ၍ နှုတ်သည်ရှိသော် ကြာတော့ မခံနိုင်။ မုတ်ဆိတ်ရော၊ ချိုင်းရော၊ ခြေသလုံးရော တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်း ဖြစ်လာလေရာ ကိုဖြုတ်စ ဒေါသငယ်ထိတ်တက်ဆောင့်လေပြီ။ အကြောင်းမရှိဘဲ ဒေါသထွက်လာရာမှ ဘာကြောင့် ဒေါသထွက်ကြောင်း အကြောင်းရင်းကိုရှာရင်း တစ်ကိုယ်လုံးလည်း အမွေးများ ပြောင်မတတ် ရှိပြီ။ တစ်ကိုယ်လုံးလည်း စပ်ဖျဉ်းဖျဉ်းဖြစ်နေပြီ။ အလကားနေရင်း ရေလည်း နှစ်ခါ ထပ်ချိုးမိပြီ။ ဘာကြောင့် စိတ်ဆိုးနေမှန်းလည်း အခုထိ ရှာမတွေ့သေး။ ကိုဖြုတ်စမှာ မွေးညှပ်ကို ပေါက်ချကာ ထိုင်ရာမှ ထလေ၏။ အိပ်ခန်းထဲသွားကာ ဗီရိုကို ဆောင့်ဖွင့်လျက် အဝတ်လဲ၏။ ထို့နောက် ဆောင့်ကြီးအောင့်ကြီးနှင့် တံခါးသော့ခတ်ကာ ကိုဖြုတ်စ အပြင်ထွက်သွားလေတော့၏။

လမ်းပေါ်ရောက်သော် မှောင်နေပြီ ဖြစ်၏။ မိုးရွာထားသည်ဖြစ်၍ ပလက်ဖောင်းပေါ်တွင် ရေကွက်များ ဟိုတစ်ကွက် သည်တစ်ကွက်တင်နေ၏။ အကြောင်းမရှိဘဲ စိုစိုစွတ်စွတ် အပြင်ထွက်လာရလေခြင်းဟု





စဉ်းစားမိသော် ဒေါပွလာပြန်ကာ ရေကွက်များကို တမင်တကာ လိုက်ဆောင့်နင်းရင်း လျှောက်၏။ ဆောင့်နင်းလိုက်သဖြင့် ရေကွက်များမှ ဖွက်ရေများ သူ့ပုဆိုးစင်ကာ စိုရွှဲလာသော် စိုရကောင်းလားဟု ဒေါပွပြန်၏။ ဤအတွင်း အကြောင်းမရှိဘဲ စိတ်ဆိုးနေသော သူ့ကိုယ်သူ ရူးများနေသလားဟု တွေးပြန်၏။ ရူးစရာလား ဟု အဖြေရသော် ကိုယ့်ကိုယ်ကိုယ် အရူးထင်ရကောင်းလား ဟု ဒေါပွပြန်၏။ တဆောင့်ဆောင့်နှင့် ပလက်ဖောင်း တစ်လျှောက် လျှောက်လာရင်း လမ်းဘေးခွေးငယ် တစ်ကောင်ကို ရင်ဆိုင်တွေ့လေသည်။

ခွေးငယ်မှာ အစာဟုထင်ရသော တစ်စုံတစ်ရာကို ချီကာ ခပ်မှန်မှန် ပြေးလာ၏။ အစာရ၍ ပျော်လာပုံလည်း ရ၏။ ဤသည်ကို မြင်သော် ကိုဖြုတ်စမှာ ဒေါပွ၏။ လူက စိတ်ဆိုးနေတဲ့အချိန်မှာ ခွေးကပျော်နေစရာလားဟု အတွေးပေါက်သွားသော် ခွေးနောက်သို့ အတင်းပြေးလိုက်လေ၏။ ခွေးမှာ ဘုမသိဘမသိနှင့် ပြေးလေ၏။ ကိုဖြုတ်စက နောက်မှ အတင်းလိုက်၏။ လမ်းဘေးခွေးတို့၏ အတွေ့အကြုံ ရင့်ကျက်မှုအရ ပြေးနေကျဖြစ်သည့်အပြင် လူခြေလှမ်းနှင့် ခွေးခြေလှမ်း မမျှလေရကား ခါတ်တိုင် ဆယ့်လေးငါးတိုင်မျှ ရောက်သော် ကိုဖြုတ်စမှာ မောကြီးပန်းကြီး ပြတ်ကျန်ခဲ့၏။ ခွေးမှာမူ ဆက်ပြေးသွားလေသည်။

မောကြီးပန်းကြီး ကျန်ခဲ့သဖြင့် ကိုဖြုတ်စ ဒေါပွလာကာ ခွေးကို ကျိန်ဆဲ၏။ လမ်းသွားလမ်းလာများ ကိုဖြုတ်စကို ကြည့်သွားကြလေသည်။ အမူးသမားဟုလည်း ထင်သွားကြ၏။ ကိုဖြုတ်စလည်း ဘာဟုတ်သည့် ခွေးတစ်ကောင်နောက်သို့ ကမူးရှူးထိုး ပြေးလိုက်မိ၍ လူတွေက အမူးသမား ထင်ကြသည်ကို ရိပ်မိသော် သူ့အဖြစ် သူရှက်၍ ဒေါသထွက်လာပြန်၏။ ဘေးဘီကြည့်သော် ဘီယာဆိုင်တစ်ဆိုင် တွေ့လေသည်။ ဆိုင်ထဲတွင် လူများ မူးကာ ပျော်နေကြ၏။ အချို့ဝိုင်းများထား ဟားဟားနှင့် ရယ်နေကြ၏။ ဒေါသထွက်နေသော ကိုဖြုတ်စမှာ ဤသည်ကို မြင်ကြားလေသော် ဆိုင်အတွင်း စွတ်ရွတ်ဝင်သွားလေတော့၏။

လွတ်နေသော စားပွဲ တစ်လုံးတွင် ဝင်ထိုင်၏။ စားပွဲထိုး[illegible] ...မေးသော် ဒီလောက်တောင် ဟစ်ဆိုင်လုံး ဘီယာသော[illegible]



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ရေသန့်ဘူးနဲ့ ဖန်ခွက်ပေးစမ်း ဟု အရွဲ့တိုက်ကာ ခပ်မာမာ တောင်းလေ၏။ စားပွဲထိုးလေးလည်း ခေါင်းကုတ်လျက် ထွက်သွားကာ ကိုဖြူတ်စမှာသည်များကို လာချပေး၏။ ကိုဖြူတ်စမှာ စိတ်ဆိုးဆိုးနှင့် ရယ်မောနေကြသော လူများကို ကြည့်၍ ရေတစ်ဘူးပြီး တစ်ဘူး သောက်နေ၏။ ဆိုင်ထဲမှလူများမှာ ကိုဖြူတ်စကို သတိမထားမိ။ သူတို့ဟာသူတို့ စားလိုက်သောက်လိုက် ရယ်လိုက်မောလိုက် အိမ်သာထသွားလိုက်နှင့် ရှိကြ၏။ ထိုသည်ကိုမြင်သော် ကိုဖြူတ်စ ဒေါပွလာပြန်၏။ သူတို့ အိမ်သာသွားပေမဲ့ ငါ မသွားဘူးဟု တင်းခံနေ၏။ သို့သော် နောက်ဆုံး ရေလေးဘူးကုန်သော် အိမ်သာမသွားဘူးဟု တင်းခံနေသော်ငြား အိမ်သာသွားကိုသွားမှဖြစ်တော့မည့် အခြေအနေ ရောက်လာ၏။ သို့သော် စိတ်တိုနေသည်ဖြစ်ရာ ဤဆိုင်မှအိမ်သာတွင် အပေါ့မသွားဘဲ ငါ့အိမ်ကအိမ်သာမှာ ငါပြန်သွားမယ်ဟု ရွဲ့ကာ ပိုက်ဆံရှင်း၍ ပြန်ထွက်လာလေသည်။

ပလက်ဖောင်းပေါ် ပြန်ရောက်၍ အိမ်ဘက်သို့ ပြန်လျှောက်လာသော အခိုက်အတန့်များတွင်မှ ကိုဖြူတ်စသည် သူ့ကိုယ်သူ အလွန်တရာ စိတ်ဆိုးနေပြီ ဖြစ်၏။ အကြောင်းမရှိဘဲ ဒေါသထွက်လာ၍ ဘာကြောင့် ဒေါသထွက်ရကြောင်း လိုက်ရှာရင်း သူသည် မဟုတ်ကဟုတ်က အဓိပ္ပာယ်မရှိသော အလုပ်များကို လုပ်ခဲ့မိပေပြီ။ အလကားနေရင်း စိုစွတ်သော လမ်းပေါ်လျှောက်ရ၏။ ခွေးနောက် ပြေးလိုက်ရ၏။ ဘီယာဆိုင်ထဲ ရေဝင်သောက်ရ၏။ အဓိပ္ပာယ်မရှိသော ကိစ္စများကို လျှောက်လုပ်ရကောင်းလားဟု ဒေါပွကာ ပြန်လာစဉ် ကိုဖြူတ်စမှာ ရပ်ကွက်လူကြီးနှင့် လမ်းတွင်တိုးလေ၏။

ရပ်ကွက်လူကြီးမှာ ကိုဖြူတ်စ ဘာဖြစ်နေသည်ကို မသိ။ ပြုံးကာ နှုတ်ဆက်၏။ စိတ်ဆိုးနေသော ကိုဖြူတ်စကမူ ရပ်ကွက်လူကြီးသည် သူ့ကို အလကားနေရင်း လာ လှောင်ပြောင်နေသည်ဟု ထင်၏။ ထိုအခါ လွန်စွာ ဒေါသထွက်လာလေသည်။ သို့သော် ကိုဖြူတ်စသည် သူတပါး ထိခိုက်နာကျင်အောင် တစ်ခါတစ်ရံကမှ မလုပ်ခဲ့ဖူးသူ ဖြစ်လေရာ ဘာလုပ်ရမှန်း မသိ။ ရပ်ကွက်လူကြီးမှ ကိုဖြူတ်စ ပြန်ပြီလားဗျဟု မေး၏။ ကိုဖြူတ်စမှ တင်းမာသော မျက်နှာထားနှင့် ရပ်ကွက်လူကြီးနား ကပ်သွား





ပြီး 'ဒီမှာ ခင်ဗျား ကျွန်တော့် မျက်နှာကို လက်သီးနဲ့ ထိုးစမ်းဗျာ၊ ကျွန်ုပ် သိပ်ဒေါသထွက်နေတယ်' ဟု ပြောလေသည်။

ရပ်ကွက်လူကြီးမှာ အံ့သြကာသွား၏။ ထို့နောက် အခြေအနေအား သဘောပေါက်သွားပုံနှင့် ခေါင်းတဆတ်ဆတ် ညိတ်၏။ ပြီးမှ ကိုဖြူတ်စ ပခုံးအား လက်နှင့် ခပ်ဆဆ နှစ်ချက်သုံးချက် ပုတ်၍ 'ခင်ဗျား မျက်နှာကို ကျွန်တော်က အလကားနေရင်း လက်သီးနဲ့ ထိုးစရာလား ဗျာ၊ ကျုပ်က စိတ်ဆိုးနေတဲ့လူမှ မဟုတ်တာ၊ ကိုဖြူတ်စလည်း မသောက်စဖူး များသွားပေသကိုးဗျ' ဟု ပြောရင်း ဆက်သွားလေ၏။

' စိတ်ဆိုးနေတဲ့လူ '

ကိုဖြူတ်စ ခေါင်းထဲ ဤတစ်လုံးသာ ကျန်ခဲ့၏။

အိမ်ပြန်ရောက်သော် ကိုဖြူတ်စသည် အပြေးအလွှား မှန်သွားကြည့်၏။

မှန်ထဲတွင် မျက်မှောင်ကုတ်လျက် နဖူးကြောများ ထောင်ကာ နှုတ်ခမ်းများကို တင်းတင်းစေ့ပြီး မေးရိုးများ တလှုပ်လှုပ်နှင့် စိတ်ဆိုးနေသော လူတစ်ယောက်ကို ကိုဖြူတ်စ တွေ့လေ၏။

ပထမ ကိုဖြူတ်စ အံ့အားသင့်လေ၏။

တဖြည်းဖြည်းနှင့် ကိုဖြူတ်စ မျက်နှာ ပြုံးလာကာ နောက်ဆုံး တဟားဟား အော်၍ ရယ်နေလေတော့သတည်း။

စိတ်ဆိုးဒေါသထွက်ခြင်းကို မေ့လျော့ထားခဲ့သူ တစ်ယောက် အတွက် စိတ်ဆိုးဒေါသထွက်ခြင်းသည် တစ်ခါတစ်ရံ သူရှိနေသေးကြောင်း ထိုလူကို သတိပေးရန် အဓိပ္ပာယ်မရှိ စိတ်ဆိုးဒေါသထွက်ပြတတ်ကြောင်း ကိုဖြူတ်စ ကောင်းကောင်း သဘောပေါက်သွားလေတော့၏။

စိတ်ဆိုး ဒေါသထွက်နေသောသူသည် အေးလူများ အတွက် အလွန် ရယ်စရာကောင်းလှလေတော့သည်တကား။

The Chic မဂ္ဂဇင်း၊ ဩဂုတ်လ ၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

# တောင်တွေပေါ်မှာ

နှစ်ဆယ့်ငါးပေ ပေငါးဆယ် ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်း အတွင်း ဘဝ၏ အဓိပ္ပာယ် ရှိခြင်းသည် ဖြစ်စေ၊ ဘဝ၏ အဓိပ္ပာယ် မဲ့ခဲ့ ခြင်းများသည် ဖြစ်စေ ရက်စက်ကြမ်းကြုတ်စွာရှိနေခဲ့ကြောင်း 'ကိုယဉ်ချော' တွေ့ရှိခဲ့ချိန်တွင် အရာအားလုံးသည် နောက်ကျခဲ့ပြီး ဖြစ်လေသည်။ ထို့ အပြင် 'မာတာမိခင် ဖွားသန့်စင်သည်' ဟူသော ဓာတာအရ သူ့ကိုပေး ထားခဲ့သော အမည်နာမ 'ကိုယဉ်ချော' ဟူသော ပညတ်သည် သုံးဆယ့် ငါးနှစ်တာ ကာလအတွင်း တစ်နာရီလောက်မျှ သူနှင့် မအပ်စပ်ခဲ့ခြင်းကို လည်းကောင်း၊ ဘဝသည် ဘာမျှအစိုးမရ ဟူသော ကိစ္စကို သူ လက်ခံ ယုံကြည်သလောက် အခြားသူများ လက်ခံယုံကြည်ခြင်း လုံးလုံးမရှိသည် ကို ကိုယဉ်ချော ရှာဖွေ တွေ့ရှိခဲ့ခြင်းသည် လည်းကောင်း၊ သူ့အနီးအပါး ထံမှ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားခဲ့ကြလေကုန်သော လူတို့သည် ပီပြင်သော 'လူဖြစ်နေမှု' တစ်ခုခုကိုမျှ ခိုင်မာစွာ ဆုပ်ကိုင် ထားခဲ့ကြခြင်း မရှိသော အကြောင်းကိုသော်လည်းကောင်း ကိုယဉ်ချော ရှာဖွေ တွေ့ရှိခဲ့လေ၏။ အများသောလူတို့မှာ ကိုယဉ်ချောသည် စိတ်ကျ ရောဂါ ခံစားနေရသော ဝေဒနာသည် တစ်ဦးဟု ယူဆကြကုန်၏။ ကို ယဉ်ချော စိတ်ကျခြင်း မရှိပါ။ ထို့အတူ အလွန်အမင်း စိတ်တက်ကြွနေ ခြင်းလည်း မရှိပါ။ ကိုယဉ်ချောမှာ ဤအတိုင်း နေထိုင်သူသာ ဖြစ်လေ သည်။ ကိုယဉ်ချောမှာ သူ့အလုပ်သူ လုပ်ကိုင်နေသူသာ ဖြစ်လေ၏။ ထာဝ နှစ်ဆယ့်ငါးပေ ပေငါးဆယ် ကျယ်သော အခန်းတစ်ခုတွင် ကိုယဉ်ချော



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်နေလေသည်။ ပို၍တိကျစွာ ဆိုရသည်ရှိသော် ကိုယဉ်ချော သည် ခွေးတစ်ကောင်၊ ကင်ဆာရောဂါတစ်ခုနှင့် အတူ ဤတိုက်ခန်း တွင် နေထိုင်နေခဲ့ခြင်း ဖြစ်၏။ နောင် လေးငါးနှစ်အကြာ ကိုယဉ်ချော သေဆုံးပြီးသွားသည့်နောက်၌ ဤတိုက်ခန်းသည် လည်းကောင်း၊ ဤ ခွေးငယ် နှစ်နှစ်သားလေးလောက်သည် လည်းကောင်း မည်သို့ ဖြစ် ပျက်သွားကြမည်ကို ဘယ်တုန်းကမှ ကိုယဉ်ချော တွေးပူခဲ့ခြင်း မရှိပါ။ အကြောင်းမှာ ကိုယဉ်ချောသည် ခါးပိုက်နှိုက်တစ်ယောက် ဖြစ်သော ကြောင့် ဖြစ်ပါ၏။

## ‘တောင်တွေပေါ်မှာ သေချင်တယ်’

လူကောင်းသူကောင်းဟု အမည်ခံကြလေသော ဘယ်လို လူ တစ်ဦးတစ်ယောက်ကမှ ခါးပိုက်နှိုက် တစ်ယောက်၏ စကားကို အလေး အနက်ထားကြမည် မဟုတ်ပါ။ ကိုယဉ်ချော ပြောခဲ့ဖူးပါသည်။ သို့သော် မည်သူ ကြားနိုင်ပါသနည်း။

## ‘တောင်တွေပေါ်မှာ .........’

အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအတွက် မည်သူမဆို သင်ကြားရပါ၏။ ကိုယဉ်ချော သင်ကြားခဲ့ပါသည်။ သူသင်ကြားမှုသည် ဝဲ လွဲချော်နေလေသလား။ အသက်မွေးရန် ကြံရွယ်လေသော လုပ်ငန်း သည်ပင် မှားယွင်းနေခဲ့လေသလား။

စာမေးပွဲပေါင်းများစွာကို ကိုယဉ်ချော အောင်မြင်ခဲ့ပါသည်။ ကိုယဉ်ချောတွင် မိတ်ဆွေမရှိပါ။ ခါးပိုက်နှိုက်ကောင်းတစ်ယောက် အတွက် မိတ်ဆွေကောင်းရှိရန် မည်သည့်အခါမှလည်း လိုအပ်မည် မဟုတ်ပါ။ ကိုယဉ်ချောသည် ခါးပိုက်နှိုက်ကောင်း တစ်ယောက် ဖြစ်ခဲ့ပါသည်။ ထို့ အတူ လူသူအများနှင့် ဆက်ဆံ၍ မရသော လူတစ်ယောက်လည်း ဖြစ် ခဲ့လေသည်။ လူအများ၏ အသုံးစကားအရ ‘လူဖြစ်ရှုံး’သော ကိစ္စသည် ကိုယဉ်ချောထံတွင် အလိုအလျောက်လာဖြစ်၍ နေလေသည်။ ထိုသို့ဖြင့် လူအချင်းချင်းအပေါ် ချစ်ခြင်းမေတ္တာသည် ကိုယဉ်ချောထံမှ ကွယ်





ပျောက်သွားခဲ့လေတော့၏။

ကိုယဉ်ချောထံတွင် ကိုးကွယ်ယုံကြည်မှု မရှိပါ။ အဘယ်ကြောင့် ဆိုသော် ကိုးကွယ်ယုံကြည်မှု ရှိကြသူများထံမှ ခါးပိုက်နှိုက်ခြင်းသည် သာမန်ထက် ပိုလွယ်ကြောင်း အတွေ့အကြုံများအရ ကိုယဉ်ချောသိရှိ ပြီးသောကြောင့် ဖြစ်၏။

ကိုယဉ်ချောထံတွင် ချစ်ခင်ရင်းနှီး ယုံကြည်ခြင်း မရှိပါ။ ရှင်း ရသည်ရှိသော် ချစ်ခင်ရင်းနှီး ယုံကြည်ခြင်းသည် ခါးပိုက်နှိုက်တစ်ယောက် အတွက် လိုချင်သောအရာကို နှိုက်ယူရန် လွန်စွာ လွယ်ကူသောကြောင့် ဖြစ်လေ၏။

ထိုသို့ဖြင့် ကိုယဉ်ချောသည် တိရစ္ဆာန်များကို ပိုယုံကြည်လာခဲ့ လေသည်။ ပြောစရာရှိသော အများကြီး အနက်မှ ဘာမှမပြောရသေးခင် တွင်ပင် ကိုယဉ်ချော ကင်ဆာ ဖြစ်လေသည်။

သူနေသော နိုင်ငံတွင် နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပွားနေ ခိုက် ကိုယဉ်ချော ကင်ဆာ ဖြစ်လေသည်။ ကိုယဉ်ချော ကင်ဆာဖြစ်ခြင်း သည် နိုင်ငံရေးနှင့် မဆိုင်ပါ။ သို့သော် သူ ခွေးငယ်တစ်ကောင် ခါးပိုက်နှိုက် မွေးမြူလိုက်၏။ ခွေးတစ်ကောင်လုံးကို မည်သို့ ခါးပိုက်နှိုက်လိုက်သည် ကို ကိုယဉ်ချောသာ သိပေမည်။ သူ ကင်ဆာဖြစ်နေပြီကို သူကိုယ်တိုင် သိပြီးသောအချိန်တွင်မှ ဘာကြောင့် ခွေးငယ်တစ်ကောင်ကို ခါးပိုက်နှိုက် မွေးမြူလိုက်ရသော အကြောင်းရင်းကို ကိုယဉ်ချော ရှင်းပြခဲ့ခြင်း မရှိပါ။

## ‘တောင်တွေပေါ်မှာ သေချင်တယ်’

ကိုယဉ်ချော အမြဲ ပြောခဲ့သောစကား ဖြစ်၏။ သို့သော် မည်သူ မျှ ဂရုမစိုက်ကြပါ။ ခါးပိုက်နှိုက်တစ်ယောက်၏ စကားကို လူချင်းဘူ သော်ငြား မည်သူမျှ အလေးအနက်ထားမည် မဟုတ်သည်ကို လူတိုင်း သိရှိနိုင်ပါသည်။

ကိုယဉ်ချော သေဆုံးသွားပါပြီ။ အများ သိပြီးသည့်အတိုင်း ကင်ဆာဖြင့် သေသွားခြင်း ဖြစ်ပါ၏။

ကိုယဉ်ချော သေသွားချိန်တွင် သူ သေချင်သော တောင်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ထက်တိုးများ ဖြစ်နေလေခဲ့၏။

ကိုယဉ်ချော သေသွားခဲ့ချိန်တွင် သူနေခဲ့သော နိုင်ငံတစ်ခုတွင် နိုင်ငံရေး အပြောင်းအလဲများ များစွာ ဖြစ်နေခဲ့၏။

ကိုယဉ်ချော ခါးပိုက်နှိုက်ယူခဲ့သော ခွေးငယ်မှာ အသုဘချစဉ်တွင် အရှာ၏။

ကိုယဉ်ချော တောင်တွေပေါ်မှာ မသေနိုင်ခဲ့ပါ။

ထို့အတူ ...

ခါးပိုက်နှိုက်တစ်ယောက် သေဆုံးသွားခြင်းအတွက် မည်သူမျှ ဝမ်းနည်းမည် မဟုတ်သည်ကို တစ်သက်လုံး မယဉ်ခဲ့ မချောခဲ့သော ကိုယဉ်ချော ကောင်းကောင်း နားလည်သွားခဲ့မည်ကို ကျွန်တော်တို့ အားလုံး နိုင်ငံရေးအရ ကိုယဉ်ချော ကိုယ်စား နားလည်ပေးပြီးသား ဖြစ်ပါသည်။

တောင်များသည် ဤအတိုင်း ရှိနေပါလိမ့်မည်။

သို့သော် ...

တောင်များအား ခါးပိုက်နှိုက်ရန် ကြံစည်ခဲ့သူတစ်ဦး ဖြစ်သော ကိုယဉ်ချောကား လောကမှ ပျောက်ကွယ်သွားခဲ့ပြီး ဖြစ်လေသည်။

The Chic မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၁၁



# ပိုင်ဆိုင်မှု ကျိုးပေါက်ခြင်း

အမေတို့ကလည်း ပြောရမှာ ခက်ပါတယ်တော်။ မလာပါစေနဲ့ မပတ်သက်ပါနဲ့လို့ ပြောလို့လည်း မရ။ ကာယကံရှင် ကိုယ်တိုင်က မယူချင်ပါဘူးဆိုလည်း မရ။ ကျုပ် လစ်ရင် ယူထားလိုက်ကြတာပဲ။ ပြီးတော့ ပြောသေးတယ်။ လူမှုရေး နင် နားမလည်ဘူးလား ဆိုပဲ။ လူတစ်ယောက်က လူတစ်ယောက်ကို လိုချင်တာ တစ်ခုခု မရှိဘဲ အလကား လာပေးတာမ်းမနေဘူး ဆိုတာကို မသိချင်ယောင်ဆောင်နေကြတာလေ။ မသိချင်ယောင်ဆောင်နေကြတာတောင် မဟုတ်ဘူး ထင်ပါတယ်တော်။ သိသိကြီးနဲ့ အချင်ယောင်ဆောင်နေကြတာ ဖြစ်မှာပါ။ ကိုယ့်မိဘဆွေမျိုး ပြောရလည်း မကောင်းပါဘူး။ ဒီလူကြီး လာ လာနေတာ ကျုပ် မကြိုက်ပါဘူး ဆိုတာ ဘယ်သူမှ အဖက်မလုပ်ကြဘူး။ အားလုံးက မသိချင်ယောင်ဆောင်ပြီး လက်ခံနေကြတာကလားရယ်။ ဒီအိမ်မှာ ကျုပ်လုပ်ကျွေးနေတာပါ။ အိုးနဲ့အိမ်နဲ့ တစ်ဝမ်းတစ်ခါး လောက်အောင်စားရရင် ပြီးပြီ ရောပေါ့ရယ်။ ဘာတွေများ ထပ်လိုချင်နေကြသေးတာတုံး။ ပြော မပြောချင်ဘူး။ စိတ်ကူးတည့်ရာ ထ ထ လုပ်ကြတာက အမြဲ။ ပြီးတော့လည်း ဘယ်တစ်ယောက် ဘာဖြစ်လာလို့တုံးတော်။ ရှင်းရလင်းရပြီးတော့ ဆို ကျုပ်ကိုပဲ မျက်နှာငယ်နဲ့ လာ လာတည်ပြီး ငိုကြီးချက်မ လုပ်လိုက်ကြ။ ကျုပ်မှ မကယ်ရင် ငရဲကြီးရှစ်ထပ် ချက်ချင်းကျမလို ပြောလိုက်ကြ။ ကျုပ် အခါခါပြောတယ်။ ကျုပ် ရာကျွေးတာ ငြိမ်ငြိမ် ထိုင်စားကြမ်းပါလို့။ အခုလည်း ငတ်နေကြတာမှ မဟုတ်တာ။ ကျုပ် ရှာကျွေး



www.burmeseclassic.com

www.burmeseclassic.com



နေတာ လောက်ငရုံရှိနေတာပဲ။ ထမင်းဖိုးပေးနိုင်ပေမဲ့ အရက်ဖိုး ထီဖိုး လောင်းကစားဖိုးတော့ ကျုပ်လည်း မပေးနိုင်ဘူးတော်ရေ့။ အဲဒါကိုပဲ ဆင်းရဲတယ် ထင်နေရင် ကျုပ်လည်း မတတ်နိုင်ဘူးတော်။ လူမျိုး တစ်ရာ တစ်ပါးကြားထဲ လုပ်ကိုင် ရှာဖွေစားနေရတာများ သူတို့က လွယ်လွယ် မှတ်များနေကြသလား မသိ။ ကိုယ့်မှာ ဆင်းရဲလို့ အနှိမ်ခံရ၊ ဒီကြားထဲ အလုပ်အကိုင် မကောင်းတိုင်း ကိုယ်အသုံးမကျလို့ ဆိုပြီး အဆူအပူ ခံရ တာက ရှိသေးတယ်။ တစ်နေ့တစ်နေ့ ဘယ်လိုလုပ်ကိုင် ရှာဖွေစားနေရ တယ်ဆိုတာ အိမ်ကလူတွေ ဘာမှမသိဘူး။ မသိလို့ ငြိမ်ငြိမ် ထိုင်စားနေ လား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ ကိုယ်က တောက ပြောင်းလာပြီး မြို့ပြမှာ ကုတ်ကပ်နေရတာ။ ပါးစပ်ပေါက် ခုနစ်ပေါက်လောက်ကို ရှာကျွေးနေရတာက တစ်ယောက်တည်း။ အလုပ်ကလေး မြဲနေရှာလို့ ထမင်းဝအောင် စားနေရတာ အားမရဘူး။ ပြောရရင် မကောင်းပါဘူး တော်။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းမှ နာရင် ကြိတ်ခံလို့ ရသေးတယ်။ အခုများတော့ နေ့လား ညလား ဖုတ်သွင်းရထား လာစိုက်မယ့်ပုံနဲ့ နေ တတ်ကြလေရဲ့။ စားရတဲ့ ထမင်း မျိုကျကြလေရဲ့။ အံ့ပဲ အံ့ပါရဲ့တော်။ အလုပ်ပြီးလို့ ကျုပ် ပြန်လာရင်တောင် ကျုပ် အတွက် စားစရာ ထမင်း မရှိတဲ့ညက အကြိမ်ကြိမ်။ တကယ်ပါ။ ကျုပ်အိမ် ကျုပ် ဘာပြောရမှန်း တောင် မသိဘူး။

ရာဇဝင် ပြန်လှန်ရရင် ကျုပ်တို့က တောကပါ။ တောက တော သား ထုံးစံအတိုင်း မြို့မှာ သွားနေရရင် ဟန်ကျမယ် ထင်ကြတာချည်းပဲ။ မြို့တက်သွားကြပြီ ဆိုတဲ့စကား တောမှာတော့ ရုပ်ပါစတားပေါ့။ မြို့တက် နေနိုင်တာကိုပဲ တာဝတ္တိံသာရောက်သလို ထင်နေကြတာ။ အမှန်မှာ တောနဲ့မြို့က သိပ်ထူးလှတာ မဟုတ်ဘူးရယ်။ ဘယ်သူခွဲထားမှန်း မသိ လို့သာ တောတွေ မြို့တွေ ပြောနေကြတာ။ ကိုယ့်နေရာကိုယ် တာဝန် ကျေပွန်အောင်နေရင် ဘယ်မှာ နေနေပါတော်။ တစ်ဝမ်းတစ်ခါးတော့ ရ သလိုနေလို့ ရသပေါ့။ ဒါပေမဲ့ မဟုတ်ကြဘူး။ အိမ်ကမိသားစု ပြောပါ တယ်။ မြို့တက်မယ် တကဲကဲလုပ်ပြီး ရှိတာတွေ ရောင်းလို့ချလို့ ပြင်ကြ ဆင်ကြ။ အဲဒီတုန်းက တစ်မျိုးလုံး ပျော်ကြ ရွှင်ကြပေါ့။ ကျုပ် မှတ်မိတာ





ရှိသေးတယ်။ တစ်ယောက်စ နှစ်ယောက်စလား 'နင်တို့ ကောင်းစားရင် ငါတို့ကို မမေ့နဲ့နော်' တဲ့။ မြို့ရောက်တာနဲ့ ကောင်းစားမယ်လို့ ထင်ကြ သကိုး။ ကျုပ် အပြစ်လည်း မကင်းလှဘူးဆိုတာ ကျုပ် ဝန်ခံပါတယ်။ ကျုပ်အထင် မြို့ရောက်ရင် လူဆင့်လူတန်း မီပြီ ထင်ခဲ့သကိုး။ မြို့ပြကို ဘာမှတ်သလဲဆိုတဲ့ကိစ္စ ကျုပ်မှ မသိတာကိုး။ မြို့လည်းရောက်ရောတော်။

ဘယ်လိုမှ တစ်သက်လုံး ထင်မထားတဲ့ကိစ္စတွေ သွားကြုံတော့ တာကိုးတော့။ ကျုပ်လေ …အားငယ်လိုက်တာမှ မပြောနေပါနဲ့။ ဘယ်သူ မှလည်း အဖက်မလုပ်ကြဘူး။ ကိုယ့်ဟာကိုယ် များလှပြီ ထင်ထားတဲ့ ငွေလေးလည်း မြို့ရောက်မှ ဘာမှ မလုပ်နိုင်မှန်း သိရတယ်။ မျက်စိ သူငယ် နားသူငယ်နဲ့ ဘာလုပ်လို့လုပ်ရမှန်း မသိဘဲ နောက်ဆုံး နေစရာ အခန်းလေး တစ်ခန်း ငှားနေရတယ်။ အိမ်ကလူတွေကတော့ တစ်နေ့ သိကြားမမှာပဲ ဆိုပြီး ထင်နေကြပုံပဲ။ အပြင်က မြို့ပြလူတွေနဲ့ ထွက်ရင် မဆိုင်ရဲကြတော့ ဘာအလုပ်မှ ထွက်မရှာကြဘဲ အိမ်ထဲမှာ အချင်းချင်း နိုင်ရာနိုင်ရာ မဲရင်းနေကြလေရဲ့။ အဲဒီလိုနဲ့ ကျုပ် ခေါင်းလျှော်ဆိုင်တစ်ခု မှာ အလုပ်ရတယ်။ တောက်တိုမယ်ရပါ။ ကိုယ်က ငတ်နေပြီ ဆိုတော့ လည်း လုပ်ရတာပါပဲ။ အဲဒီလိုနဲ့ပဲ အဲဒီလူကြီးနဲ့ ရင်းနှီးပတ်သက်မိတာ။

ပထမတော့ မကြာခဏ လာတဲ့ ဖောက်သည်ပေါ့။ ပြောရုံ ဆိုရုံ ဆက်ဆံရုံပေါ့။ နောက်တော့ ကျုပ်ကို သိသိသာသာ အရေးပေးလာတယ်။ အဝတ်အစားတွေ ဘာတွေ ဝယ်ပေးတယ်။ နောက်တော့ အိမ်ကလူတွေ သိသွားရော။

အမေတို့ကလည်း အိမ်မှာနေနေပြီးတော့ လူတိုင်းကို ယုံနေတာပဲ။ အဲဒီလူကြီး လာတိုင်း ဝမ်းသာအားရပေါ့။ သူက လာတိုင်း တစ်ခုခုဝယ် လာတာကိုး။ ပြောလို့လည်း မရပါဘူး။ ကျေးရူးကြွေးတွေက တင် တင် လာရော။ တစ်ရက်ကျ သူမွေးနေ့ဆိုပြီး ကျုပ်ကို ချိန်းတယ်။ [illegible] ထားတာ တစ်ကြောင်း၊ လူတွေ အများကြီးပါတာ တစ်ကြောင်းဆိုတော့ ကျုပ်လည်း သွားပေးမိတာပေါ့။ တောကလာတဲ့ ကျုပ်အဖို့ [illegible] မူးတတ်တဲ့အရည် မခွဲတတ်ဘူးလေ။ အဲဒီလိုနဲ့ပဲ …

အခု ဒီစာရေးနေတာ ကျုပ် ဆေးရုံပေါ်ကပါ။ ကျုပ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်း မရှိတော့ဘူး။ အဲဒီလူကြီးလည်း ရှာမတွေ့တော့ဘူး။ ကား ပါကင် မှောင်မှောင်ထဲမှာ လဲနေတဲ့ ကျုပ်ကို တွေ့လို့ တခြားလူတွေက ဆေးရုံ လိုက်ပို့ကြတာ။ ကျုပ် သတိပြန်ရတော့ ကျုပ်ကျောက်ကပ်တစ်ခြမ်း မရှိတော့ဘူးတဲ့။ အမေကတော့ ထုံးစံ အတိုင်း ငိုနေတာပါပဲ။ ကျုပ်ကတော့ ကျောရရုံ မဟုတ်ဘူး။ ကျောက်ကပ်ရရုံ ကြိတ်ခံလိုက်ရပြီ။ ကျုပ် ဘယ်သူ့မှ အပြစ်မတင်ချင်တော့ပါဘူး။ တရားတဆောင် ဖြစ်ရအောင် လည်း ကျုပ်မှာ ပိုက်ဆံမှ မရှိတာ။ သတင်းစာ ဂျာနယ်တွေက လာမေးကြ တယ်။ ကျုပ် ဘာပြောရမှန်း မသိဘူး။ ကျုပ် အလုပ်ရှင်က သူ့ဆိုင် နာမည်ပြောရင် ကျုပ်ကို အလုပ်ပေးမလုပ်တော့ဘူးတဲ့။ ဆေးရုံစရိတ်က သူခံထားတာ။ လစာလည်း ပေးထားတာ။

စကားမစပ် ပြောပြရဦးမယ်။

ကျုပ်က နဂိုကတည်းက မိန်းမစိတ်ပေါက်နေတဲ့ ယောက်ျားတစ်ယောက်တော့။

ရှင်တို့လည်း သတိထားကြဦး။

အပျိုစင်မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၂



# ကိုရှိန် Virus

ပြဿနာကား အခြားမဟုတ်။ ဤလိုခေတ်မျိုးတွင် ကိုရှိန် မွေး မလာခဲ့လျှင်။ သို့မဟုတ် ဤလိုကဲ့သို့သော ကိစ္စမျိုးကို ကိုရှိန်သည် စိတ်ဝင်စားတတ်သူ တစ်ဦး မဟုတ်ခဲ့လျှင်။ သို့တည်းမဟုတ် တစ်ကမ္ဘာ လုံးဆိုင်ရာ World Wide Web ၏ Protocol များ အလွန်တရာ မတိုးတက်နေခဲ့လျှင် ကိုရှိန်ကြုံရသော ပြဿနာမျိုးကို ဤကမ္ဘာတွင် မည်သူမျှ ကြုံကြရမည် မဟုတ်ချေ။ သို့သော် ဖော်ပြပါ အကြောင်းခြင်းရာ များ အားလုံး တိုက်ဆိုင်သွားသဖြင့် ကိုရှိန်သည် ပြဿနာ တက်လေတော့ ၏။

ကိုရှိန်သည် လူပျိုကြီးတစ်ဦး ဖြစ်၏။ ကိုရှိန် လူပျိုကြီးလာဖြစ် နေသော ခေတ်ကား ရှင်းမှကြိုက်သောခေတ် ဖြစ်တော့၏။ အားလုံး ခပ်ရှင်းရှင်း နေထိုင်မှ ကမ္ဘာ့လူတန်းစားတွင် ခေတ်မီ၏။ အခြားမကြည့် နှင့်။ လူတွေ နာမည်ပေးရာတွင်ပင် ရှည်လျား ဆန်းပြားသော နာမည်များ မည်သူမျှ မမှည့်ကြတော့။ ထိုသို့မှည့်လျှင် ခေတ်ဟောင်းလူသားတည်း။ ထို့ကြောင့် ကိုရှိန့်နာမည်သည် 'ရှိန်' တစ်လုံးသာ ရှိနေခြင်း ဖြစ်၏။ ဤသည်မှာ ကိုရှိန် ကံကောင်းသည်။ တစ်ဦးတည်းသောသား ဖြစ်သော ကြောင့်သာ ရှိန်တစ်လုံးနှင့် နေခွင့်ရနေခြင်း ဖြစ်၏။ မောင်နှမနှစ်ယောက် ရှိလျှင် ရှိန်ထီး၊ ရှိန်မ။ တစ်နည်းအားဖြင့် ရှိန် (M)၊ ရှိန် (F)။ အစ အားလုံးမှည့်၏။ ညီအစ်ကို လေးယောက်ရှိလျှင် ရှိန် (၁) (၂) (၃) (၄)။ အစဉ်လိုက်သာ တပ်၏။ ဤသည်က ကိုရှိန့်တို့ခေတ်၏ ခေတ်မီ အညွှန်းပေး



www.burmeseclassic.com

www.burmeseclassic.com



နည်း ဖြစ်တော့သည်။ ခေတ်မီသော ချစ်တီး အချို့ဆိုလျှင် 'ချစ်တီး' နှစ်လုံးမှည့်ရမည်ကိုပင် အောက်သည်ထင်ကာ တီး (၁)၊ တီး (၂) နှင့် မှည့်ထားတတ်၏။ ထိုသို့ဖြင့် တီး (၃၄၇၁) တို့ ဘာတို့ ရှိနေသောခေတ် ဖြစ်၏။ သူတို့ချင်းတွေ့လျှင် ရှေ့က 'တီး' တစ်လုံးပင် ပျောက်ကာ နံပါတ်သာ ခေါ်တော့၏။ ကိုရှိန်မှာ ကံကောင်းလွန်း၍ ကိုရှိန်ဖြစ်နေခြင်း ဖြစ်သည်။ အမည်နာမကိစ္စထား၍ ရောက်နေကြသောခေတ်အား အကြမ်းပုံလောင်းပြရသော် ဤသို့ ဖြစ်၏။

သိပ္ပံကိစ္စများကို အားလုံး ငြီးငွေ့သွားကာ တစ်ကမ္ဘာလုံး ဝိဇ္ဇာလမ်း ပြောင်း လိုက်စားနေကြကုန်၏။ ဘိုးတော်ကြီး၊ ဘိုးတော်လေး၊ မယ်တော်ကြီး၊ မယ်တော်လေး ဖြစ်လိုကြသူများ ကမ္ဘာအနှံ့အပြား ဖြစ်၏။ ခိတ္တဗေဒ အပါအဝင် ဝိဇ္ဇာဘာသာရပ်များ ကမ္ဘာတွင် ဖက်ရင်ဖြစ်လျက် ရှိ၏။ ကဗျာလမ်းဖြင့် ဝိဇ္ဇာဖြစ်နေသူ၊ ဝတ္ထုလမ်းဖြင့် ဝိဇ္ဇာဖြစ်နေသူများ မခြားရှိ၏။ စာပေဝိဇ္ဇာ၊ ဂီတဝိဇ္ဇာ၊ ပန်းချီ ပန်းပု ဝိဇ္ဇာများကား ဆေးဝိဇ္ဇာ၊ စမဝိဇ္ဇာများနှင့် ရင်ပေါင်တန်းကြ၏။ စိတ်ညှို့နိုင်သော အတတ်လောက်တော့ လူတိုင်း တတ်သောခေတ် ဖြစ်၏။ ထို့ကြောင့် ဘယ်သူ့ကို ဘယ်သူကမှ ညှို့၍မရ။ သရေကျနေသော ခေတ်တည်း။ ဤတွင် ခေတ်မီလူပျို့ကြီးများနည်းတူ ကိုရှိန်မှာလည်း စိတ်လောက်တော့ ညှို့တတ်သော်ငြား မိန်းမမရဘဲ ရှိနေရှာ၏။ မိန်းမ မရသဖြင့် အဖော်ရစေရန် Internet တွင် ခေတ်ထလျက်ရှိသော ဆိုင်ကိုလော်ဂျီ အသင်းတစ်ခုသို့ ဝင်ထားကာ တစ်ကမ္ဘာလုံးမှ သူကဲ့သို့ Member ဝင်ထားသူများနှင့် ပျင်းလျှင် သွား သွားတွေ့ကာ စိတ်အကြောင်း ဖလှယ်ကြ၊ ဆွေးနွေးကြ၏။ ဤတွင် ကိုရှိန်ကိစ္စ စလေတော့၏။

တစ်ရက် ကိုရှိန်မှာ အားသဖြင့် သူ Member ဝင်ထားသော ဗြိတိန် Psycho Net Club တစ်ခုသို့ဝင်ကာ Video Contact ရှာစဉ် အဘွားကြီးတစ်ယောက်နှင့် တွေ့၏။ ထိုအဘွားကြီးကား မက္ကဆီကန် မကြီး ဖြစ်၏။ စုန်းမကြီးပါ ဟု သူ့ကိုယ်သူ မိတ်ဆက်၏။ ကိုရှိန် အထင်မကြီး။ ကဝေလောက် ထားပါဟု ပြန်ပြောရာ အဘွားကြီး ဒေါ်ပွကာ Web Cam မှတစ်ဆင့် ကိုရှိန်အား မှုန်တစ်ချပ်ထောင်ပြလိုက်၏။ ကိုရှိန်





လည်း ဘာမှန်းမသိ။ မှန်အား အူကြောင်ကြောင်နှင့် ကြည့်၏။ မှန်ထဲ သူ့ကိုယ်သူသာ တွေ့နေလေသည်။ ခဏကြာသော် ပျင်းလာကာ အဘွားကြီးအား နှုတ်ဆက်၍ ထွက်လိုက်၏။ သူ့စိတ်ထဲ မည်သို့မျှမနေ။ သို့သော် အဘွားကြီး ပြောလိုက်သောစကားတော့ သိပ် ဘဝင်မကျ။ အဘွားကြီးက ဤမှန်သည် မှန်သက်သက် မဟုတ်။ Virus တစ်မျိုးဖြစ်သည် ဟူ၏။ သို့သော် ကိုရှိန်မှာ သရိုးသရီမျှပင် မခံစားရ၍ မည်သို့မျှ သဘောမထားဘဲ သူ ကြိတ်ပိုးနေသော စားပွဲထိုး ကောင်မလေးတစ်ယောက် ရှိရာ ကော်ဖီဆိုင်သို့ သွားလေသည်။

မှန်များဖြင့် ကာရံထားသော ကော်ဖီဆိုင်မှာ လူအတန်ငယ် ရှင်းကာနေ၏။ ကောင်မလေးသည် ခါးစည်းလေး စည်းကာ စားပွဲများကို သုတ်နေ၏။ ကိုရှိန်မှာ နိပ်ပယာဟု ယူဆကာ ဆိုင်တွင်း ဝင်သွား၏။

ကိုရှိန် ဝင်လာသည်ကို မြင်သော် ကောင်မလေးမှာ ပြုံးကာပြ၏။ ကိုရှိန်လည်း ကောင်မလေး သုတ်နေသော စားပွဲတွင်ပင် ဝင်ထိုင်ကာ ကောင်မလေးအား ရယ်ပြရင်း Manu Screen ကို ဖတ်၏။ ကောင်မလေးမှာ အနားတွင် ပြုံးကာရပ်နေ၏။ ကိုရှိန်လည်း ဒီနေ့ ဘာသောက်ရကောင်းမလဲဟု စဉ်းစားနေစဉ်

'ဟဲ့ နှာဘူးကြီး'

ကိုရှိန် လွန်စွာ လန့်ကာသွား၏။ ကောင်မလေးအသံ ပီပီသသကြီးကို အနီးကပ်ကြားလိုက်ရ၍ ပထမ မယုံ။ ကောင်မလေးအား အံ့ဩစွာ မော့ကြည့်၏။ ကောင်မလေးမှာ သူ ဘာမှမသိသလို အမူအရာဖြင့် ပြုံးကာ 'အစ်ကို ဒီနေ့ ဘာသောက်မလဲ' ဟု ရိုရိုသေသေ မေး၏။ ကိုရှိန် ဇဝေဇဝါ ဖြစ်ကာ Manu Screen ပြန်ဖတ်နေစဉ်

'ဟဲ့ အကောင်ကြီး … ဟဲ့ ရှိန် နင့်ကို ငါခေါ်နေတယ်လေ တဏှာရူးကြီးရဲ့၊ တစ်နေ့တစ်နေ့ ငါ့ရှပ်အင်္ကျီ ကြယ်သီးပြုတ်နေမနေ လာလာကြည့်နေတဲ့ ယစ်ထုပ်ရဲ့'

ရှိုင်းလှချေတကား။ ကောင်မလေးအသံ အနီးတစ် ကြားနေရ၏။ ငါ့တောင် ခေါ်တာများ ရှိန်ဆိုပဲ။ ဒီတစ်ခါ ဖျွှယ်သောတ၏ နေသော မော့ကြည့်သော် ကောင်မလေးမှာ သူ့ဘာမှ လုပ်လိုက်ပုံမရိုက်တုံ မေး



www.burmeseclassic.com

www.burmeseclassic.com



သောမျက်နှာနလေးနှင့် ကိုရှိန်ကို ပြော၏။ အကိုကြီး ဒီနေ့နေမကောင်းဘူးလား သော်လည်းကောင်း၊ ဘာဖြစ်နေတာလဲ သော်လည်းကောင်း။ သဲသဲကွဲကွဲ မကြားလိုက်ခင် အသံ ထပ်ပေါ်လာ၏။

'ဟဲ့ ငရှိန် ဟဲ့ ငတုံးကြီး … အဲဒီကောင်မကို ကြည့်မနေနဲ့၊ ပြောနေတာ ငါဟဲ့ … နှာဘူးရဲ့၊ ငတုံးရဲ့'

ဤတစ်ခါတွင်တော့ အသံလာရာ ကွဲပြားလေပြီ။ ရပ်နေသော ကောင်မလေးထံမှ မဟုတ်။ ကောင်မလေး၏ မျက်နှာချင်းဆိုင်ထံမှ။ ကြည့်လိုက်တော့။

'ဟိုက် မြတ်စွာဘုရား ကယ်တော်မူပါ'

ကိုရှိန် တစ်ကိုယ်လုံးရှိ အမွေးများ ထောင်ထသွားသလို ခံစားလိုက်ရ၏။ ဆိုင်ကို ကာရံထားသော မှန်တွင် ကောင်မလေး၏ မျက်နှာချင်းဆိုင် ထင်နေသော ပုံရိပ်မှာ ခါးထောက်ကာ ကိုရှိန်အား စူးစူးဝါးဝါး ကြည့်နေ၏။ တစ်ခုခု ထပ်ပြောတော့မည့် ပုံစံ။ သားမှာ တကယ်ရပ်နေသော ကောင်မလေးကို ကြည့်ရာ အမူအရာမပျက်။ ကိုရှိန်ကိုသာ စိုးရိမ်မကင်းသောမျက်နှာနှင့် ကြည့်လျက် ရှိ၏။ ဖျတ်ခနဲ အတွင်းမှာ ကိုရှိန် သတိထားမိလိုက်တာ ရှိ၏။ မှန်ထဲမှ ပုံရိပ်၏ မျက်လုံးသည် ရက်စက်ကြမ်းကြုတ်လှ၍ ပကတိ ရပ်နေသော ကောင်မလေး၏ မျက်ဝန်းများမှာ စိုးရိမ်နေသလို။ ဒါ ဒါဆိုရင် …။ ကိုရှိန် ရှေ့တည့်တည့်တွင် ရှိသော ဆိုင်ကို ကာရံထားသည့် အဝေးမှ မှန်ချပ်တွင်ပေါ်နေသော ကောင်မလေး၏ သားတစောင်း အနေအထား ပုံရိပ်ကို မရဲတရဲ ကြည့်လိုက်ရာ။ ပထမတွင် ကောင်မလေးရပ်နေသော အနေအထားအတိုင်း တွေ့ရပြီး ချက်ချင်း ပုံရိပ်မှာ ကိုရှိန်ဘက် လှည့်လာကာ လက်ထဲကိုင်ထားသော အဝတ်စကို ကြာမူပါပါ လွှင့်ပစ်လျက် လှန်စွာ မြူဆွယ်လိုသော မျက်နှာထားနှင့်

'နောက်ဆုံးတော့ တွေ့သွားပြီပေါ့လေ၊ ယောကျ်ားတွေဟာ ဒီလိုပါပဲ၊ တို့က နှစ်ခုလပ် သိလား၊ ယူက အပျိုထင်နေလို့လား ကိုရွှေအိုးကြီးရဲ့၊ ဟီ ဟီ တို့ဘဝကို ကယ်တင်မယ့် ကယ်တင်ရှင် သူဌေးသားကြီးပေါ့ ဟုတ်လား'

ကိုရှိန် မရတော့။ ဝုန်းခနဲ ထိုင်ရာမှ ထလေရာ သားတွင် ရပ်နေ





သော ကောင်မလေးမှာ တုန်ကာ သွားရာ၏။ ကိုရှိန် ဟန်မဆောင်နိုင်။ လက်များကို ဆန့်တန်းကာ မှန်များကို ညွှန်ပြလျက်

'နင် နင့်အရုပ်တွေ မ မဟုတ်ဘူး၊ နင့်ပုံရိပ်တွေ နင် … နင်'

ကောင်မလေးမှာ ထိတ်လန့်တကြား အံ့သြစွာ ကိုရှိန်အား ကြည့်လျက်

'ဘာ ဘာလဲ အစ်ကို'

မှန်ချပ်များကို လိုက်ကြည့်ရာ၏။ မှန်ချပ်တိုင်းတွင် တကယ်ရှိနေသော ကောင်မလေး၏ ထိတ်လန့် ကြောက်ရွံ့နေသည့် ပုံရိပ်များ။ ထို့အပြင် အရောင်ပြန်နိုင်သော ပစ္စည်းတိုင်းတွင် ထင်နေသည့် ကောင်မလေး၏ ပုံရိပ်များ။ ကိုရှိန် မယုံကြည်လွန်းစွာ တစ်နည်းအားဖြင့် အားကိုးလွန်းစွာ သူ ကျောပေးထိုင်နေသည့် ကောင်မလေး ပုံရိပ်ထင်နေသော အဝင်အထွက် မှန်တံခါးအား အလန့်တကြား လှည့်အကြည့်

'ဟင့် ဟင့် … ကျွန်မကို ကယ်နိုင်တဲ့ လူတစ်ယောက်ယောက်ရှိမယ်ဆိုရင် ဟင့် အဘဘုရားသခင်ကို သမီး တောင်းပန်ပါတယ်၊ ဒီလောကက ဟင့် … အနိုင်ကျင့်တတ်သူတွေရဲ့လက်က ဝေးရာကို သမီးကိုခေါ် ဟင့် … ခေါ်သွားပေးပါ'

ထိတ်လန့်လျက်ရှိသော ကောင်မလေး၏ ပုံရိပ်နေရာတွင် ကော်ဖီဆိုင်၏ နောက်ဖေး အဝင်အထွက်တံခါးနား ဒူးကလေးများ ပိုက်ကာ ငိုယိုလျက်ရှိသော ကောင်မလေး၏ ပုံရိပ်တစ်ခု။

ကိုရှိန် ရပ်တည်နိုင်စွမ်း ရှိခဲ့မည်ဆိုပါက အာဂယောကျ်ားတစ်ဦးဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆရန်သာ ရှိတော့သည်။ ဤခေတ် ဤကာလတွင် ကိုရှိန်လို အမြင်အကြား ပေါက်သွားသော ဝိဇ္ဇာ အဘယ်မှာ ရှိမည်နည်း။ လမ်းတကာကြားသို့ ကိုရှိန် ပြေးသွား၏။ သို့သော် ပုံရိပ်များမှာ ထပ်၍ ထပ်၍ တိုးပွားလာကြကာ ကိုရှိန့်နားတွင် များစွာသော တစ်ယောက်ထဲ၏ ပုံရိပ်များ ထူထပ်သိပ်သည်းစွာ တူရောထပ်လျက်ရှိ၏ ကိုရှိန်သွားခဲ့သော လမ်းများတိုင်းတွင် ရှိနေနှင့်ပြီးသော ရောင်ပြန်မှန်နှင့် အခြားသော ကရိယာများ။ ကိုရှိန် ရူးသွားခဲ့ပါ၏။

မှန်ပါသည် မိတ်ဆွေ။ ခရစ်နှစ် (၂၀၀၃) တွင် လင် ကြုံတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ရသော မှန်များကို ရိုက်ခွဲနေသည့် အရူးတစ်ယောက်မှာ ကိုရှိန် ဖြစ်ပါသည်။ သူသည် ရိုးရှင်းစွာ ရူးသွပ်သွားသူ တစ်ယောက် သက်သက်သာ ဖြစ်ပါသည်။ အကယ်၍ သင်သည် အရူးကိုရှိန်ကို တွေ့ခဲ့ပါက သူ၏ လက်ထဲသို့ ဘယ်သောအခါမျှ လက်ကိုင်ကြည့်မှန် တစ်ချပ် ထည့်ပေးရန် မစဉ်းစားမိဖို့ ကျွန်ုပ် အနူးအညွတ် တောင်းပန်အပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုရှိန်သည် ကျွန်ုပ်၏ မိတ်ဆွေရင်းချာတစ်ဦး ဖြစ်သောကြောင့်ဟူသည့် အကြောင်းပြချက်တစ်ခုကြောင့်သာ ဖြစ်ပါသည်။

ဟားခလုတ်၊ အမှတ်(၁)၊ ၂၀၁၀



# ဗိုးသမား ဆုံးမနည်း တစ်မျိုး

'သတ် ဒိ ချိ ရင် ထွက် ရာ ဂ့် လိုက် ကွ အော့ ... ကျုပ် လူတွေကို ပေါ ဒါ မှတ် ဖူး နော် ...ဒီ ရမ်း ဒဲ က အော့ ... မြင်း ဂျား လို ခွေး ကို ပေါ နေ ဒါ'

အနည်းဆုံး ခုနစ်ထပ်ရှစ်ထပ် အမြင့်ရှိသည့် ကန်ထရိုက်တိုက်များ တန်းစီတည်ရှိသော လမ်းကြားတစ်ခုတွင် ဖြစ်၏။ အချိန်မှာ ရှားစွာ မနောက်ကျသေး။ ည ဆယ်နာရီခွန်းခွန်းသာ ရှိသေး၏။ အလှည့်ကျ ထုံးစံအရ လျှပ်စစ်မီး မလာသေးချိန်ဖြစ်ရာ လမ်းထဲတွင် မှောင်၍ နေ၏။ ရုတ်တရက် ဟိန်းကာ ထွက်လာသော လမ်းမပေါ်မှ အသံကျယ်ကြီး တစ်ခုကြောင့် အချို့တိုက်ခန်းမှလူများ ဝရံတာသို့ အလန့်တကြား ထွက်ကြည့်ကြကုန်၏။ တွေ့ရသည်ကား ဝတ်ပုံစားပုံ သန့်သန့်ပြန့်ပြန့်ပင် ရှိငြား ရေချိန် အတော် လွန်လာပုံရသော ဗိုးသမား တစ်ယောက် ဖြစ်၏။ ထိုလူသည် သူ့ကိုယ်သူ အတန်တန် ထိန်းနေရရှာ၏။ တစ်လှမ်း နှစ်လှမ်း လျှောက်လိုက် လမ်းပေါ်တွင် စီတန်းရပ်ထားသော ကားများကို မှီထောက်ချက်ထိန်းလိုက်၊ ပါးစပ်မှ ဗလုံးဗထွေး ကြုံးဝါးကာနေလိုက်နှင့် မှီကာ အာလေးလျှာလေးသာမက အာလုံးလျှာလုံးပင် ဖြစ်နေပြီဖြစ်ရာ သူအော်နေသည်ကို အတော် နားထောင်ရ၏။

'ထွက် ရာ ဂ့် ရိုက် စမ်း ဘာ .. မှီ ရေ ထ ငါ လိုက် ...ပ် ဒဲ့ ကောင်၊ ငါ့ အ တဲ ရေး နဲ့ ငါ ရော လာ ဒါ တောတ် ...န်း နိုတ် ရှဲ တဲ့ ကောင် ...တတ် တိ ချိ ရာ လ ထွား အော့ ထို ...ရောင်း စေး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ ရှက် ကွဲ ထား ဒါ ကွ၊ ရာ ခဲ့ စမ်း၊ ဖက် ကို ရိုး ပစ် မယ်၊ ကျုပ် လူ တွေ ကို မ ပေါ ဘူး နော်၊ မီး ထိပ် မှာ ဖူ နေ တဲ့ ဒီ ရမ်း ထဲ က ခွေး ကောင် ကို ခေါ် နေ ရာ …အော့'

ဤတွင် ထွက်ကြည့်နေကြကုန်သော လူများ အတန်ငယ် သဘော ပေါက်ကြလျက် ရယ်သူ ရယ်ကြကာ ပြန်ဝင်သူများ ဝင်သွားကြ၍ အချို့မှာမူ ယမန်နေ့ညနေက အဖြစ်အပျက်ကို သတိရကာ ပြုံးကြရကုန်၏။

ယမန်နေ့ ညနေက လမ်းထဲမှ လူများ အတော် သတိထားမိကြသော ကိစ္စတစ်ခု ဖြစ်ခဲ့၏။ လူရွယ် တစ်ယောက်သည် သူ့ရည်းစားဖြစ်ပုံရသော ကောင်မလေးတစ်ဦးနှင့် တွတ်တီးတွတ်တာ ပြောကာ ဤလမ်းထဲသို့ လျှောက်၍ ဝင်လာကြ၏။ လမ်းလယ်ခန့် ရောက်သည်ရှိသော် ရုတ်တရက် ဘယ်ကပေါ်လာမှန်း မသိသော အနက်နှင့်အဖြူကျား ခွေးတစ်ကောင်သည် လူရွယ်တစ်ဦးတည်းကိုသာ အတင်း ထိုးဟောင်ကာ လိုက်၍ဆွဲလေ၏။ ဟန့်၍ ခြောက်၍လည်း မရ။ ဤတွင် ခွေးကြောက်ပုံရသော လူရွယ်မှာ ကြောက်ကြောက်နှင့် ထွက်၍ပြေးရာ သူ့ပုဆိုးကွင်းသွေနင်း၍ လုံးထွေးကျရာမှ မတော်ရာ ပေါ်ရှာရလေတော့၏။ ဖြတ်သွားဖြတ်လာ အချို့သာမက သူ့ကောင်မလေးပါ ရယ်မိကြလေရာ လူရွယ်မှာ ရှက်လှသည် ဖြစ်ရကား နီးရာဆိုက်ကားတစ်စီးပေါ် ခုန်တက်ကာ အသော့နှင်ရရှာလေ၏။ လိုက်ကိုက်သော ခွေးမှာမူ လူရွယ် ချော်လဲသည် မှစ၍ ဘယ်ရောက်သွားသည်ပင် မသိတော့။ ဤကိစ္စကို ယနေ့ည အမူးချ၍ ပြန်လာ စိန်ခေါ်နေခြင်း ဖြစ်တော့၏။

'ရာ ရိုက် ရှမ်း ဘာ အော့ …ငါ မှတ် မိ ဒ ကွ နော်၊ ခွေး မ တား ခွေး … မင်း မ လာ မ ချင်း ငါ မ ကွား ဘူး၊ ဒီ နား မှာ ဖစ် တာ … အော့ ဒီ နား မှာ ကို ဖစ် ထား တဲ့ ကိတ် ရ ကွ … အော့'

ဖိုးသမားသည် ခွေးဆွဲခံထားရသော နေရာမှ တိုက်တစ်တိုက်အောက်တွင် ရပ်ကာ ဖျစ်တောက် ဖျစ်တောက်နှင့် အော်နေ၏။ ဆယ်မိနစ် ဆယ့်ငါးမိနစ်နှင့် မပြီး။ နာရီဝက် တစ်နာရီလည်း မပြီး။ လက်သီးလက်မောင်းတန်းကာ ခွေးဝဲစားတစ်ကောင်ကိုသာ အတွင် စိန်ခေါ်နေတော့၏။ လမ်းထဲမှ လူများမှာလည်း အမူးသမားနှင့် ဖက်၍ မပြောချင်ကြသော





ကြောင့် မည်သူမျှ ထွက်၍ မဟန့်ဘဲ ဘာသိဘာသာ ရှိကြကုန်၏။ ဖိုးသမားမှာလည်း မောလျှင် ခဏနားလိုက်၊ ပြန်ထစိန်ခေါ်လိုက်နှင့် ရှိ၏။ ဤသို့ဖြင့် သန်းခေါင်နီးကာ လူအများ နားငြီးလာကုန်တော့၏။ ဖိုးသမားသည် များစွာ အော်ဟစ်နေသည် မဟုတ်ပြား တိုက်မြင့်ကြီးများ ရံထားသော လမ်းကြားတွင် အော်နေသည်ဖြစ်ရာ သူ့အသံမှာ ပဲ့တင်ရိုက်လျက် ဟိန်းကာ ထွက်နေ၏။ အချိန်မှာလည်း ညနက်လာပြီဖြစ်ရာ တိတ်ဆိတ်လာသည်နှင့်အမျှ ဖိုးသမားအသံ တစ်သံသာ ပြတ်တောင်း ပြတ်တောင်းနှင့် ညံနေတော့၏။ ဤတွင် မထင်မှတ်သော အဖြစ်တစ်ခု ဖြစ်လာလေသည်။

'ဒီ ခွေး မ ရာ ငါ မ ကွား ဘူး အော့ …ဘယ့် နှယ် ကွာ … ခွေး ကြောက် ပါ ဒယ် ရှို မှ၊ ရည်း စား ရှေ့ တောက် ရမ်း ရိုက် ရွဲ ရ ဒယ် ရို့ အော့ …ခွေး တား ရာ ရေ ကွာ'

'ဗွမ်း'

'ဟာ …'

ဘယ်အထပ် ဘယ်အခန်းမှ အားရပါးရ လောင်းချလိုက်သည် မသိ။ ဖိုးသမား တစ်ကိုယ်လုံး ရေများနှင့် ရွှဲရွှဲစိုသွားလေတော့၏။

'ဘူ ရဲ ကွ၊ ရေ နဲ့ ရောင်း ဒါ၊ ဒီ မှာ ရှို ကုန် ဘီ၊ ပတ် တနာ ဘဲ'

ပြန်ဖြေသံတစ်ခွန်း မကြားရ။ ဖိုးသမားမှာလည်း မော့ကြည့်လျှင် ပက်လက်လဲမှာ သူ့ကိုယ်သူ သိသဖြင့် မော့၍မကြည့်။ ပွစိပွစိနှင့်သာ ရှိ၏။

'ငါ ဟာ ငါ ခွေး ရှိန် ခေါ် ဒါ၊ ရေ နဲ့ ရောင်း ဒ လား၊ အား ရုံး ရှို ကုန် ဘီ၊ လေ ဒေ ဘာ ဒေ ဖတ် ပြု ကုန် ဒေါ့ မယ်၊ ဘူ ရဲ ကွ ဟော'

တိတ်ဆိတ်လျက်ပင် ရှိ၏။ ဖိုးသမားမှာ ကြွက်စုတ် ရေနစ်ထား သလို ရှိ၏။

'တော် ဘီ၊ ပန် မယ်၊ ရေ ဖတ် တော့ မ ခံ ဘူး ခွေး မ တား ခွေး၊ ငါ နောက် နေ့ ပန် လာ ကို ရာ မယ်၊ တောက်'



www.burmeseclassic.com

www.burmeseclassic.com



ပွစိပွစိ ပြောကာ တရွေ့ရွေ့နှင့် ထွက်သွားရှာလေတော့၏။ မိုးသမားသည် တူးခါးအောင် မူးနေပြား သူ့ကိုယ်သူ လေဖြတ်မှာတော့ သတိရသေးသား။ ပြန်၍ သွားကာ နောက်နေ့များတွင်လည်း ပေါ်မလာတော့။ လမ်းထဲမှ လူအများကား အမူးသမားအား ရေလောင်း ဆုံးမလွှတ်လိုက်သူကိုသာ ကျေးဇူးတင်လျက် နေကြကုန်တော့၏။

နံနက်ခင်းသတင်းဂျာနယ်၊ ဇန်နဝါရီလ၊ ၂၀၁၀



# စဉ်းစားခြင်းအနုပညာ

စဉ်းစားစရာတွေ အများကြီး ရှိနေသော လောကတွင် လူတိုင်းနီးပါးသည် သိပ်စဉ်းစားတွေးခေါ်ချင်စိတ် မရှိကြောင်း သူ တွေ့ရှိသည်မှာ သိပ်မကြာသေးပါ။ အဘယ်ကြောင့်ဆိုသော် ' Why ' ဟူသော သိုးဆောင်းစကား၊ မြန်မာအနေနှင့် သူ တတ်သလို ပြန်ရလျှင် 'ဘာကြောင့်' ဟူသော စကားတစ်လုံးကို သူရှာဖွေ တွေ့ရှိသည်မှာ သိပ်မကြာသေးသောကြောင့် ဖြစ်ပါ၏။ ဤကိစ္စမှာ မနေ့တနေ့ကဟု ပြောလျှင်ရသော လွန်ခဲ့သည့် တစ်နှစ် နှစ်နှစ်ကျော် ကာလကမှ သူ အမှုမဲ့အမှတ်မဲ့ ရှာဖွေတွေ့ရှိခဲ့သည့် ငယ်သူငယ်ချင်း တစ်ယောက်၏ ပြဿနာငယ်တစ်ခုကို အဖြေရှာကြည့် ကြည့်ကြရာမှ အစပြုကာ သူ့ထံတွင် အခြေတည်လာသော ရိုးစင်းလှသည့် အနုပညာ တစ်ခုသာ ဖြစ်ပါသည်။ လူတို့သည် 'ဘာကြောင့်လဲ' ဟူသော အမေးကို သုံးလေးငါးခါ ဆက်မေးလျှင် ဆယ်ယောက်တွင် ကိုးယောက် မကြိုက်ကြကြောင်း သူ တွေ့ရှိသည်မှာ သိပ်မကြာသေးပါ။

'ဘာမှ သိပ်စဉ်းစားမနေနဲ့၊ လုပ်စရာရှိတာသာ လုပ်၊ သူ့[illegible] သလို ဖြစ်မှာပဲ'

သူ့ မျက်စိရှေ့မှာပင် တဖြည်းဖြည်း မွဲသွားသော စိတ္တ[illegible] အသိတစ်ယောက်၏ လက်သုံး စကားတစ်ခုကို သူ ဖေါ်[illegible] ထိုအဓိပ္ပာယ်မျိုးဆန်ဆန် စကားများသည် သတ္တိကောင်း ရုပ်[illegible] မျိုးဟု အများစု ယူဆ ယုံကြည်နေကြသည်မှာလည်း [illegible]တွင် သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် စဉ်းစားစရာဖြစ်နေခဲ့သည်မှာ ကြာပါပြီ။

'လျှောက်တွေးနေရင် ဘာမှ လုပ်ဖြစ်မှာ မဟုတ်ဘူး'

လုပ်သင့်တာထက် လုပ်ချင်တာ လုပ်လိုက်သည်က ခုနှစ်ဆယ်ရာနိုင်နှုန်း ဖြစ်နေသော သူ့အသိ လုပ်ငန်းရှင်တစ်ယောက်၏ လက်သုံးစကား။ မစဉ်းစားချင်၍ ကာကွယ်နေသည်ဟု သူ မြင်စပြုလာသည်မှာ အတော်ကြာခဲ့၏။

'သိပ်စဉ်းစားချိန် မရှိပါဘူးဗျာ'

လုပ်စရာကိုင်စရာများနှင့် တွေးတောစဉ်းစားခြင်းကို ဖုံးကွယ်ထားတတ်သော သူ့မိတ်ဆွေ ဆိုက်ကားသမားသည် လွန်ခဲ့သောနှစ်လက ကားတိုက် သေဆုံးသွားခဲ့ပြီး ဖြစ်၏။ ထို သေဆုံးမှုမှာ မားလွယ်ခုတ် လမ်းပြောင်းပြန် တစ်ခုထဲသို့ ရုတ်တရက် နှင်းအဝင်တွင် တစ်စုံတစ်ရာကို ကျော်တက်လာသော ကားတစ်စီး၏အရှိန်သည် သူ့ဆိုက်ကားသွားနိုင်သော အရှိန်ထက် ပို၍မြန်နိုင်သည်ကို သူ မစဉ်းစားခဲ့သောကြောင့် ဖြစ်ပါ၏။ ထို့ထက် ပိုပြောရလျှင် အကာကွယ်မဲ့သော ဆိုက်ကားနင်းသူတစ်ဦးသည် သံထည်အပြည့်နှင့် ပြုလုပ်ထားသည့် လုံခြုံသော ကားတစ်စီးပေါ်က လူထက် နေရာတကာတွင် အကာအကွယ်မဲ့ အခံဘက်က သက်သက်သာ ဖြစ်နေသော အခြေအနေတစ်ခုကို မတွေးထားခဲ့သောကြောင့် ဖြစ်ပါ၏။ ထို ဆိုက်ကားသမား မိတ်ဆွေ၏ အသုဘကို သူ လိုက်ပို့သောနေ့က မိုးများ သည်းထန်စွာရွာနေခဲ့ပြီး ကွယ်လွန်သူ ဆိုက်ကားဆရာ၏ သူငယ်ချင်း ဆိုက်ကားဆရာများမှာ ဘီအမ်ဟီးနိုးကားတစ်စီးပေါ်တွင် ရှိနေခဲ့ကြသည့် ကိစ္စကို သူ စဉ်းစားနေခဲ့ပါသည်။ သူ စဉ်းစားမရသည်မှာ တစ်နေရာတွင် ရေ့မှ အတင်းဖြတ်ဝင်သော ဘဝတူ မြို့နယ်တွဲ ဆိုက်ကားဆရာ တစ်ယောက်အား ဘီအမ်ပေါ်မှ ဆိုက်ကားဆရာက အမှတ်တမဲ့ ပြောလိုက်သောစကား ဖြစ်ပါ၏။

'မအေ ..နယ်၊ ကားများ ဘာမှတ်နေလဲ မသိ' ဟူ၏။ ထိုနေ့က သူ တွေးစရာ အတော်များများ ရခဲ့၏။ သူ တွေးတော စဉ်းစားနေခဲ့ကြောင်းကိုတော့ မည်သူမျှ မသိခဲ့ကြပါ။

'ဦးနှောက်ကို မရှိဘူး'





သူတပါး အမှားလုပ်မိ၍ တစ်စုံတစ်ရာ ဒုက္ခရောက်သွားတိုင်း ကျန်သူများ ပြောတတ်ကြသောစကားကိုပါ သူ လေ့လာဖြစ်ခဲ့၏။ နောက်ဆုံး သူကြားခဲ့ရသည်မှာ ဈေးသည်မိန်းမကြီး တစ်ဦးထံမှ ဖြစ်လေသည်။ ဘဝတူ ဈေးသည်တစ်ယောက် လောင်းကစား ခံ့မင်လွန်းရာမှ အရင်းပါ ပြုတ်သွားသော အဖြစ်ကို ပြန်လည် ပြောပြရင်း မှတ်ချက်ချလိုက်သော အထက်ဖော်ပြပါ စကားကို သူ ကြားခဲ့ရခြင်း ဖြစ်သည်။ (ထိုစကားပြောခဲ့သော မိန်းမကြီးသည် မကြာမီတွင် အလိမ်ခံလိုက်ရ၍ အရင်းပြုတ်သွားလေသည်)

'လူတွေဟာ မစဉ်းစားချင်ကြဘူးကွ'

ဤအတိုင်း သူ့အား တထေရာတည်း ပြောခဲ့ကြသူ သုံးဦးတိတိကို သူ မှတ်မိနေခဲ့၏။ အငြိမ်းစားပါမောက္ခကြီး တစ်ဦး၊ သော့ပြင်သမားတစ်ဦးနှင့် အတော် အောင်မြင်နေသော စီးပွားရေးသမား တစ်ဦးတို့ ဖြစ်၏။

အငြိမ်းစားပါမောက္ခကြီး အတွက်တော့ စဉ်းစား၍ ပြန်လည်ရေးသား ဖော်ပြခြင်းသည် ဘဝဖြစ်ခဲ့ကာ ငြိမ်းချမ်းစွာ နောက်ဆက်တွဲ ဆတ်ရန်စကား မရှိခဲ့။

'နည်းနည်းစဉ်းစားကြည့်လိုက်ရင် အလုပ်ပိုတွင်တာပေါ့၊ လျှောက်ထုရိုက်နေစရာ မလိုတော့ဘူး'

သော့ပြင်သမား အတွက်တော့ စဉ်းစားခြင်းသည် အမျိုးအစားစုံလင်လှသော သော့တံနှင့် သော့ခလောက်များ အတွက်သာလျှင် ဖြစ်ခဲ့လေ၏။

'သိပ်မစဉ်းစားဘဲ လောဘထွက်တဲ့လူများလေ ငါ့အတွက် ထိုက်လေပဲ သူငယ်ချင်းရ'

မုဆိုးမဟုတ်ပါဘဲ ထောင်ချောက်များ ထောင်ရခြင်းကို ဝါသနာပါသလို ကျွမ်းကျင်လှသော သူငယ်ချင်း စီးပွားရေးသမား၏ တွေးတောစဉ်းစားခြင်းသည် ထောင်ချောက်များကို ကျော်လွှားနိုင်ခြင်း အတတ်ပညာလား။ သတိကောင်းခြင်းသည် အမှားနည်းခြင်းကို ဦးတည်သော ခြေလှမ်းများလား။ သူ့အတွက် စဉ်းစားစရာများ ရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မလုပ်ရသေးခင်မှာ လူတိုင်း အတက်ကြွဆုံးကွ၊ အဲဒီအချိန် လိမ်မယ်ဆို လိမ်လို့အကောင်းဆုံးပဲ၊ စိတ်ကူးထဲ ဖဲရိုက်ပြီး အနိုင်ကြီး နိုင်နေကြတာကိုးကွ၊ မကောင်းတာ ဘာမှမမြင်ကြတော့ဘူး၊ မကောင်းတာတွေ ဖြစ်လာနိုင်တာတွေကို ဘယ်သူမှ မစဉ်းစားချင်ကြဘူးလေ၊ ငါတို့ လုပ်ပေးစရာ တစ်ခုပဲ ရှိတယ်၊ သိပ်မစဉ်းစားဖြစ်အောင် မြန်မြန်လောပေးလိုက်ရုံပဲ၊ တို့လူမျိုးမှာက စဉ်းစားအကွက်ချပြီး လုပ်တတ်တဲ့ လူစား အတော်ရှားတယ်ကွ၊ နောက်ပြီး ရှိသေးတယ်'

'လူတွေဟာ မစဉ်းစားချင်ကြဘူးကွ'

ထိုစကားနှင့် အစပြု၍ ထိုစကားနှင့် အဆုံးသတ်ကာ ရှည်လျားစွာ ရှင်းပြခဲ့ဖူးသော သိန်းပေါင်းများစွာ ချမ်းသာနေခဲ့ပြီး ဖြစ်သည့် သူငယ်ချင်း စီးပွားရေးသမား အကြောင်းကိုလည်း သူ စဉ်းစားနေခဲ့၏။ မနေ့ကမှ သူ ဗီဒီယိုတစ်ကား ကြည့်၏။

'နင်စဉ်းစားစမ်း၊ သေဖို့ တန်ရဲ့လား၊ အို ဘာပဲဖြစ်ဖြစ် သေမှ အေးမှာပဲ'

မင်းသမီးငယ်သည် ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချကာ သတ်သေကြောင်း၊ ထိုကိစ္စသည်အချစ်အတွက် ဖြစ်ကြောင်း ဒါရိုက်တာက ရိုက်ပြလေသည်။ မင်းသမီးငယ်သည် သာမန်အရပ်သူ တစ်ယောက်သာ ဖြစ်၍ ကြိုးတိုက်မှ ကြိုးကွင်းနှင့် ချည်ပုံတုပ်ပုံ တထေရာတည်း တူအောင် မည်သို့မျှ လုပ်နိုင်ခဲ့မည် မဟုတ်ကြောင်းကိုတော့ ဒါရိုက်တာသည် လုံးဝ စဉ်းစားခဲ့ခြင်း မရှိခဲ့ပါ။ မင်းသမီးငယ် အသုံးပြုသော ကြိုးကွင်းသည် တကယ့်ကြိုးတိုက်မှ ကြိုးကွင်းနှင့် အရွယ်အစား၊ အမျိုးအစား၊ ပုံသဏ္ဌာန်၊ ချည်တုပ်ထားပုံများ တထေရာတည်း တူညီနေခဲ့လေသည်။ သို့သော် ဤကိစ္စသည် သူ့အတွက်တော့ ချဲ့ထွင် စဉ်းစားရင်း တစ်လောကလုံးကို ကုန်မတတ် ဖြစ်နေတော့၏။

မည်သည့်လောကတွင်မဆို ကိုယ့်လုပ်ရပ်နှင့် ကိုယ့်ကိုကိုယ်ရော ကိုယ့်လုပ်ငန်းကိုပါ သတ်သေနေကြသူများ မရှား။ ထို့ပြင် ကိုယ့်ကိုကိုယ် ဖွပ်သောကြိုးကွင်းသည်ပင် သဘာဝကျ မကျ မသိ။

'လူတွေဟာ မစဉ်းစားချင်ကြဘူးကွ'





" Why " ဆိုသော စကားလုံးကို သုံးလေးငါးခါ ဆင့်၍ မေး တတ်လာသော နောက်ပိုင်းတွင် သူ့ကို လူတွေက ရှောင်ချင်ချင် ဖြစ်လာကြကြောင်းကိုတော့ သူ သတိထားမိလေသည်။ ထိုကိစ္စကို ယနေ့တိုင် သူ စဉ်းစားလျက်။

ကမ္ဘာကြီးသည် အလွန်ရိုးရှင်းစွာ လည်ပတ်လျက် ရှိလေ၏။
" Why "
ဘာကြောင့်များ ဖြစ်ပါသနည်း။

Fashion Image မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားတစ်ယောက်၏ ချစ်သူ

'မနက်ဖြန်ကျရင်လည်း ငါတို့ ဒီလို နေကြရအောင်နော်'

ကုန်လွန်သွားခဲ့ပြီးသော နေ့များ အားလုံးအတွက် ကျွန်တော့်တွင် ပြောရန် စကားတစ်ခွန်းမျှ မရှိပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ယောက်ျားတစ်ယောက် ဖြစ်၍ ဖြစ်ပါသည်။ အသေးစိတ် ဆိုရသော် ယောက်ျားစစ်စစ်တစ်ယောက် ဖြစ်လိုသော၊ ဖြစ်နိုင်အောင် ကြိုးစားကြည့်၍နေသော သာမန် 'လူ' တစ်ဦး ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

'ချစ်သူ' ဟု ခေါ်ဝေါ်သုံးနှုန်းသော၊ တစ်နည်းအားဖြင့် လူတကာ သုံးစွဲနေသော်ငြား မည်သူမျှ နားမလည်နိုင်ဟု ကျွန်တော် ယူဆသည့် တစ်စုံတစ်ရာသော ခံစားမှုနှင့်ဆက်စပ်ရာ ဖြစ်သော 'ချစ်ခြင်း' သဘော တရားတွင် ပါဝင်ပတ်သက်နေလျက်ရှိသူ လူတစ်ဦးနှင့် အချိန်တိုင်း အတူ တကွ ရှိနေခွင့်ရခဲ့သူ လောက၌ ရှားနိုင်ပါသည်။ တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက်၊ တစ်သောင်း တစ်သိန်း တစ်သန်း တစ်ယောက် ......။ ကျွန်တော် ဆက်တွေးရန် လိုမည် မထင်ပါ။ သို့သော် ချစ်သောသူ နှင့် အတူနေထိုင်နိုင်ခွင့် ရခဲ့ခြင်းသည် ကျွန်တော်၏ဘဝ ဖြစ်ပါသည်။

မိတ်ဆက်ပေးဖို့ လိုအပ်သည်ဟု အထင်ရှိခဲ့လျှင် ကျွန်တော် သည် ခံစားမှုကို ဦးစားပေးသော ဖျော်ဖြေရေး လုပ်ငန်းတစ်ခုမှ လူတစ်ဦး သာ ဖြစ်ကြောင်း။ စားဝတ်နေရေးအတွက် 'အချစ်' ဆိုသော ဝေါဟာရ ကို ခေါင်းစဉ်တပ်လျက် တကယ် အသက်ပေါ်သော ဇာတ်ကွက်များနှင့် ရပ်တည်နိုင်လျှင် ရကြောင်း။ 'အချစ်' ဆိုသော အကြောင်းအရာကို

www.burmeseclassic.com



တကယ် မသိပါဘဲလျက် ထုတ်လုပ် အောင်မြင်နေကြသော လူအများ အကြား အချိန်မရွေး ဝင်ဆံ့နိုင်ခဲ့သော်ငြား လုံးဝ မလုပ်ခဲ့ကြောင်း။ 'အချစ်' ဆိုသောစကားလုံးနှင့် နီးနွယ်ပတ်သက်သော အကြောင်းအရာ များကိုပင် တမင်ရှောင်ရှား ကြိုးစားဖန်တီးခဲ့ရကြောင်း၊ 'ချစ်ခြင်းမေတ္တာ' နှင့် 'အချစ်' အကြောင်းကို ဤ ဝတ္ထုမကျ ဆောင်းပါးမကျသော စာ တစ်ပုဒ်ထဲတွင်မှ လွဲ၍ မည်သည့်အခါ ကာလတွင်မှ ကျွန်တော် သုံးစွဲ ခဲ့ခြင်း မရှိကြောင်း၊ 'အချစ်စစ်' ဆိုသော စကားလုံးကို ဘဝနှင့်အရင်းခံ ၍ တစ်ပါးသူ ပြောလာသမျှ ကြားမိတိုင်းတွင် ပြုံးမိကြောင်း၊ သတင်း ဆန်သော အရေးအသားများကို ပြောင်းလဲဖတ်ရှုလိုသည်ဆိုက ဤနေရာ တွင် 'အချစ်' အကြောင်း သတင်းပေးခန်း ရပ်တန့်ပါသည်။ ဆက်၍ မဖတ်လိုသော် စာမျက်နှာများ ကျော်လိုက်ပါ။ စာမျက်နှာများ မဖြုန်းတီး မိဟု ယူဆသော် ကျွန်တော်သည် ကျွန်တော်၏ 'ချစ်ခြင်း' အကြောင်း ကို စာမျက်နှာ သုံးလေးရွက်မျှ ဖြုန်း၍ ရေးပြချင်ပါသည်။

ကျွန်တော် 'ချစ်သူစစ်'ကို တွေ့ရှိခဲ့ပါသည်။ စက္ကန့်ပိုင်းအတွင်း မှာပင် ကျွန်တော်၏ ဘဝတစ်ခုလုံးကို ပေးခဲ့ပြီး ဖြစ်ပါသည်။ ဤကြီးမား သော အဖြစ်တစ်ခုမှာ 'နင် ဘာစားနေလဲ' ဆိုသော တိုပြတ်ပြတ် စကား တစ်ခွန်းမှ အစပြုခဲ့ကြောင်း ကျွန်တော် ဝန်ခံရန် အသင့် ရှိပါ၏။ တစ်စုံ တစ်ရာ ပြန်၍ ဖြေခဲ့သလား။ ထိုအခြေအနေတုန်းက ကျွန်တော် ရင်ခုန် နေခဲ့ကြောင်း ပြောပါရစေ။ ကျွန်တော်သည် လူယောကျ်ားလေးတစ်ဦး မျှသာ ဖြစ်ပါသည်။ ဤနောက်တွင် နေ့ရက်များစွာ ရှိနေနှင့်မှန်း ကျွန်တော် မသိခဲ့ပါ။

ချစ်သူသည် ကျွန်တော့်ကို ယုံကြည်ခဲ့ပါသလား။ တန်ဖိုးထား ခဲ့ပါသလား။ အများကြီး တွေးခဲ့ရပါသလား။ အခြားသူများနှင့် စကား တွေ ပြောခဲ့ရပါသလား။ အရာရာကို ခံစား နားလည်ပေးခဲ့ရပါသလား။ သာမန် မဟုတ်သော ကျွန်တော်၏ အသက်မွေးဝမ်းကျောင်း ကိစ္စများ အပေါ် အယုံအကြည်ရှိပေးခဲ့ရပါသလား။ ချစ်သူကို ချစ်လှပါကြောင်း တစ်ခွန်းမှ မပြောခဲ့ဖူးသည့် ယောကျ်ားလုလင်ငယ် တစ်ယောက်ကို နား လည် ခွင့်လွှတ်ပေးခဲ့ ရပါသလား။ ကံကောင်းထောက်မစွာသော ဘဝ





ပေါင်းများစွာထဲမှ ပို၍ ထူးခြားစွာ ကံကောင်းထောက်မလျှက် ချစ်သူ သည် ကျွန်တော့်ထက် နေရာတကာတွင် အဆပေါင်းများစွာ သာလွန် သော လူတစ်ယောက် ရှိနေနိုင်သည် ဟူသော အတွေးကို ပယ်ဖျက်ထား ကျွန်တော့်အား လက်ခံခဲ့ပါ၏။ ဘဝတွင် နေသာသောနေ့ထက် ပို၍ ကောင်းသော မည်သည့်ဥပမာမျိုးနှင့်မဆို ကျွန်တော် ရင်ဆိုင် ငြင်းထယ် နိုင်ပါသည်။ အတ္တကြီးစွာ ဆိုသည်ဟု ပြောစေ။ အသက်ထိတွေးထား ချစ်ခဲ့ပြီးသော ချစ်သူတစ်ဦးမှ ထိုထက်မလျော့သော ချစ်ခြင်းမေတ္တာ ရှိ ကြောင်း ကျွန်တော် သိခွင့်ရခဲ့သောနေ့က ကျွန်တော် ငိုပါ၏။ ထို့နောက် 'ချစ်သူ' မှလွဲ၍ ဘဝတွင် အရာရာ ဘာမှမရှိတော့ပါ။ အမှန်ကို ဝန်ခံ ပါ၏။ ဤအားသည် ကိလေသာဟု သမုတ်အပ်ငြား ကျွန်တော့်အတွက် လောကဓံသည် ဘာမျှမဟုတ်။ ကျွန်တော် နိမ့်ပါးစွာ ရုန်းကန်ခဲ့ရငြား အင်အား ရှိလေပြီ။

ကျွန်တော်တို့ ဂုဏ်ယူစွာ လက်ထပ်ခဲ့ကြပြီ။ ဆန်မရှိသောနေ့များ၊ အနိမ့်ခံရသော နေ့များ၊ မပြေလည်သောနေ့များ။ လူတိုင်းအတွက် လိုအပ် သော 'ပိုက်ဆံ' ဆိုသည့်ကိစ္စ မရှိသောနေ့များ၊ ကောင်းချင်ယောင် ဆောင်ကာ ဆိုးခဲ့သောလူများ၊ နားလည်မှု လွဲမှားစွာ အခြေအတင် ဖြစ် ခဲ့ခြင်းများ ...။ ဒေါသ၊ ယောကျ်ားတစ်ယောက်၏ မာယာ၊ လိမ်လည်ခြင်း မတင်မကျများ၊ ဖြစ်သလို နေ့ရက်များ၊ နိမ့်ပါးစွာ ဆက်ဆံရခြင်း၊ ဖြစ် သလို မဖြစ်သလို၊ အမျိုးတွေတဲ့ ၊ ညဘက် စိတ်မောစွာ အိပ်စက်ရခြင်း သူ့သူ့ကိုယ်ကိုယ် ခံစားမှုများ။

ပင်ပန်းနေခဲ့သလား ချစ်သူ ...။
ချစ်ခြင်းနဲ့ တို့တွေ ရင်ဆိုင်နိုင်ပါဦးမလား ...။

'မယား' ဆိုတဲ့စကားကို 'ချစ်သောသူ'တစ်ယောက်အတွက် ကျွန်တော် ဘယ်သောအခါမှ စိတ်ရောကိုယ်ပါ အသုံးပြုရတော်ခြင်း မရှိ ခဲ့ကြောင်း သောင်းထိုက်ဝဋ္ဌာက ကြားစေဟု သီချင်းတွေစာတွေထဲ ထည့် ရေးခဲ့ခြင်း မရှိပါ။ ပြင်းထန်သည်ဟု ယူကြစေ။ ကျွန်တော်၏ ချစ်ခြင်း မေတ္တာ လူတကာနှင့် သက်ဆိုင်ခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အားဖြင့် လူတစ်ယောက် ဖြစ်ခဲ့ခြင်းကြောင့် ကျွန်တော်၏ ချစ်သူမှာ အလုပ် တစ်စုံတစ်ရာ လုပ်ရရှာခဲ့၏။ 'အသဲ ပင်ပန်းနေသလား'။ မဟုတ်သေးဘူး။ 'အသက် ပင်ပန်းနေသလား'လို့ တိတိကျကျ မေးရမှာလေ။ ကိုယ့်အသက်ရော ကိုယ့်ဘဝရော တစ်ခုလုံး ပေးထားသားနဲ့။ ကျွန်တော်၏ ပျော့ညံ့နုံနမှုများ သုံးရာခြောက်ဆယ့်ငါးရက်တွင် ရက်သုံးရာလောက် ရှိခဲ့ဖူးသည်။ ကျွန်တော် မပင်ပန်းပါ။ ချစ်သူနှင့်အတူ ရှိပြီးသော ယောကျာ်းတစ်ယောက် အတွက် ရက်စက်သောလောကသည် ပြုံးပြရုံလောက်သာ ရှိပါ၏။ သိပ် အသုံးအနှုန်းနုတဲ့ စာတွေ ရေးနေပါလား။ မသုံးရင်နေတော့ဗျာ။ ခင်ဗျားမဖတ်ခင် ကျွန်တော့်ချစ်သူ အရင်ဖတ်ရတာပါ။ သူ မကျေနပ်ရင် ပြင်လိမ့်မယ်။ ခင်ဗျားတို့ အလုပ် မဟုတ်ဘူး။ အလို ...။ ယောကျာ်းတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာမှာ ဒေါသတွေ ရောပြွမ်းနေပါလား။

ကိုယ့်မိန်းမကိုယ် ဒီလောက် အနားမှာ ထားပြီး တစ်ချိန်လုံး တတွဲတွဲ နေ နေရလား။ မပျင်းဘူးလား ငါ့ကောင်ရာ။ ခဏ နေစမ်းပါဦး။ ခင်ဗျားတို့က ချစ်ခြင်းမေတ္တာကို ဘယ်လောက်နားလည်လို့လဲ။ ကိုယ့်ချစ်သူနဲ့ကိုယ် အတူတူ ရှိနေတာ ဘာမနာလို လာဖြစ်နေလဲ။ ခင်ဗျားယူထားတဲ့ မိန်းမ အချိန်တိုင်း ခင်ဗျားနား ကပ်ချင်လို့လား။ သွားစမ်းပါဗျာ။ သိန်းရာထောင်ချီတဲ့ အလုပ်တွေပဲ ရှိပစေ။ ခင်ဗျားနဲ့ ကျွန်တော် သိပ်အလုပ်ဖြစ်နိုင်ပုံ မရဘူး။ အိမ်ထောင်သည် ယောကျာ်းတစ်ယောက်ဟာ ဒီစကားမျိုး ပြောသင့်ရဲ့လား။ ကိုယ်ချစ်တဲ့သူကို အကောင်းဆုံးသော အခြေအနေမှာ လူတိုင်းထားချင်တာပဲ။

ကဲ ... အလုပ်တွေ လက်လွှတ်ပြီ။ လူတွေ၊ အလုပ်တွေ၊ နေထိုင်နေရတဲ့ အသိုင်းအဝိုင်းတွေ။ ကျွန်တော် မတရားသဖြင့် ချစ်သူအပေါ် ဒေါသ ပေါက်ကွဲမိတတ်လာတယ်။ ဘယ်လောက် မကောင်းလှတဲ့လူတွေနဲ့ လောကလဲ ပြော ...။ 'အချစ်' ဆိုတဲ့ကိစ္စ လူတိုင်းပြောနေကျ။ ကြားရတာ နားရည်များတောင် ဝလို့နေရဲ့။ ဒါပေမဲ့ တစ်ခု ကျွန်တော် မေ့နေတယ်။ လူတွေက ကိုယ့်ကိစ္စကိုယ်ပဲ တွေးကြသကိုး။ ဒီစာတစ်ကြောင်းမှာပဲ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြုပြင်နေထိုင်လိုက်ဖို့ ဆုံးဖြတ်





လိုက်ပြီ။ ကိုယ့်ချစ်သူ ကိုယ့်အနားမှာ ရှိနေမှတော့ ဘာက ပိုအရေးကြီးစမ်းလို့လဲဗျာ။ ဒီလို အခွင့်အရေး ရဖို့ရာ ရှားသားကလား။ ကျွန်တော်ကလည်း ခွတော့ကျသားဗျာ။ ဖျော်ဖြေရေးသမား လုပ်စားနေပြီး ကိုယ့်ချစ်သူမပါရင် လုံးဝ မဖျော်ဖြေဘူးဆိုတော့။ ဒါကြောင့်လည်း ကျွန်တော် အလုပ်မဖြစ်တာနေမှာ။ အလုပ်သိပ်မဖြစ်လည်း ဂရုတော့ စိုက်လှတာမဟုတ်ပါဘူးလေ။ ခင်ဗျား ကျွန်တော့်ကို မသိပါဘူး။ ဒါပေမဲ့ ခင်ဗျားနာခေါင်းရှုံ့လိမ့်မယ်။ ရှုံ့ရင်လည်း ကျကျနန ရှုံ့လိုက်ပါ။ ဒါ ကျွန်တော်ရေးမိတဲ့ အချစ်အကြောင်းပဲ။ ယောကျာ်းတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ချစ်ရုံပဲ ချစ်နေဖို့ လိုတာပါ။ ချစ်သူက ကိုယ့်ကို ပြန်ချစ်တယ်ဆိုတာက ကျွန်တော့် အမြင်တော့ မထင်ထားတဲ့ ထီ ပေါက်သလိုမျိုး။ ကျွန်တော်ကတော့ ထီပေါက်ပြီးသား။ သူများ ဂရုစိုက်ဖို့ မအားဘူးဗျာရေ။

ဒီစာဖတ်တော့ ကျွန်တော့်ချစ်သူက ပြုံးရှာတယ်။ နင့်စိတ်ထဲမှာ တကယ်လည်း မရှိဘဲနဲ့ လျှောက်ရေးပြန်ပြီတဲ့။ နှုတ်ခမ်းဖူးဖူးလေးတွေ မဲ့ပြီး ပြောတာပါ။ ကျွန်တော် ဘယ်ခံမလဲ။ ကိုယ့်ချစ်သူတစ်ယောက်လုံးကိုတောင် ကိုယ်နဲ့ အနီးဆုံးနေရာမှာ ရှိနေနိုင်အောင် ကြိုးစားပမ်းစား လုပ်ခဲ့ရတဲ့ အကောင်ဟာ။

ယောကျာ်းတစ်ယောက်ရဲ့ ချစ်သူဆိုတာ ကျွန်တော့်ဒဿနမှာ ဒီအတိုင်း ကြည့်နေရရင်ကို ချစ်စရာကောင်းလွန်းနေတယ်လို့ ယုံကြည်ထားတဲ့ဟာ။ ကျန်တဲ့ ယောကျာ်းတာဝန်တွေက ကျွန်တော် ကျေရမှာပေါ့။ ကျွန်တော့်ချစ်သူရဲ့ နဖူးဖောင်းဖောင်းလေးကို ဖွဖွလေးနမ်းပြီး ကျွန်တော် ပြောလိုက်တယ်။

' မနက်ဖြန်ကျရင်လည်း ငါတို့ ဒီလို နေကြရအောင်နော် '

Fashion Image မဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀



www.burmeseclassic.com

www.burmeseclassic.com

# မြို့ပြသင်္ကြန်ဟောကိန်း

မြန်မာ သက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၅) ရက်၊ ခရစ်နှစ် ၂၀၀၉ ခုနှစ်၊ ဧပြီလ (၁၄) ရက်၊ အင်္ဂါနေ့ မြန်မာ စံတော်ချိန် နံနက် စက်နာရီ ၃ နာရီ ၁၅ မိနစ် ၃၆ စက္ကန့် အချိန်တွင် ဘာနုရာဇာ မည်သော တနင်္ဂနွေဂြိုဟ်မင်းကား စင်ရွှေနီအဆင်းနှင့် တူသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် ဂဠုန်ကို စီး၍ လက်တစ်ဖက်ကား သန်လျက်၊ လက်တစ်ဖက်ကား တံစဉ့်ကိုကိုင်ကာ မြောက်မှသည် အရှေ့တောင်ထောင့်သို့ ဝင်ခြင်းဖြင့် သင်္ကြန်ကျခြင်း မြောက်လေသည်ရှိသော် ...

ကမ္ဘာပေါ်တွင် အများသူငါ လူတကာတို့ထက် ထူးရှ ထော့ပ် ကြကုန်သော တို့မြန်မာအများသည် နှစ်သစ်ကူး အခါသမယတိုလည်း သူတကာအများထက် ကဲစွာ တရှည်တလျား လေးငါးရက် ဆော်ချော် ကြလျက် တစ်ယောက်ကိုတစ်ယောက် ရေများနှင့် ဆွဲပက်၍ ရယ်မော် စက်စက် ပျော်ကြကုန်အံ့။

သင်္ကြန်တွင်းကာလ အကြို၊ အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်ဟူ၍ လူတကာအများ စမူဆာကုလားဝါမတျော် မွေးကတည်းက ကဲစရာကာလ ဟူ၍ သိကြသည့် မြို့ပြသင်္ကြန်အကြောင်း စာကြောင်းတွက်ချက် အထင်နှင့်မှန်း၍ ရမ်းသမ်း အဟောအမွတ်ထိုရှိသည်ကား ...

အကြိုနေ့မတိုင်ခင် တစ်ရက် နှစ်ရက်ထဲက သင်္ကြန်အကွက်တု



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ရည်ရွယ် ပျော်နှင့်ကြလျက် ကမ္ဘာ့ဟိုတယ်ရုံးခန်း ဝန်ထမ်းများအကြား တွင် လည်းကောင်း၊ အင်္ဂလိပ်စာ ကွန်ပျူတာ စုံစီနဖာ သင်တန်းပေါင်း များစွာကြားတွင် လည်းကောင်း တစ်ဦးကိုတစ်ဦး ကြိုတင်၍ ရေလောင်း ကြလျက် စိတ်ကူးတည့်ရာ မုန့်အများ လုပ်ကိုင်၍ စားကြခြင်းအားဖြင့် အချိန်ဖြုန်းလျက် ရှိကြကုန်အံ့။ ထို့နောက်တွင်ကား ...

ဤနေရာမှ ဟိုနေရာ၊ ဟိုနေရာမှ ဤနေရာ သင်္ကြန်ကာလကြီး အတွင်း ခရီးပြင်းနှင်ချင်ကြကုန်သူ အများကား ကားလက်မှတ်ကြပ်ခြင်း ဒုက္ခသည် လည်းကောင်း၊ ဟိုတယ်အခန်းများ Booking ပြည့်နှင့် ထားပြီးသော ဒုက္ခသည် လည်းကောင်း ထောင်းလမောင်းကြေအောင် နှိပ် စက်ခြင်း ခံကြရကုန်အံ့။

ထို့ပြင် တခြား ခရီးယာယီမများဘဲ အများလည်းကဲ ငါလည်းကဲ ဟု ကိုယ့်မြို့ကိုယ့်ရပ် ကိုယ့်ရွာထဲတွင်သာ ကဲချင်ရာကြသူများအတွက် ကား ...

မြို့ကြီးပြကြီး အများ၌ သူများထက် အရင် ပင်ကိုရှုပိုးဖြင့် အမျိုး မျိုး ကြံဆကာ ဟန်ကျပန်ကျ မဏ္ဍပ်များ ထိုးနှင့်ပြီးကြကုန်သူများသည် ဤဤထိုထို အလှူလှူသော ကိစ္စဝိစ္စများကို နေပူကြဲတဲ အတွင်းအပြင် ဆောင်ရွက်ခဲ့ကြစဉ်က မျက်နှာမရခဲ့ကြသလောက် သင်္ကြန်နား နီးလာလေ မဏ္ဍပ်ရှင်များ မျက်နှာကြီးလာလေ ဖြစ်အံ့။

ထိုမှတပါး အနီးသော မဏ္ဍပ်များကား နင်လားငါလား များပြား သည် ဖြစ်ရကား သူများထက်ထူးမှ မဏ္ဍပ် မျက်နှာပန်းလှသည် ဖြစ်၍ အပြိုင်အဆိုင် ဆောင်ရွက်ကြရသည်တွင် ဤမဏ္ဍပ်က ဟိုအဆိုတော်နှင့် ဟိုဒီဂျေ၊ ဟိုမဏ္ဍပ်ကား ဤဒီဂျေနှင့် ဟိုမင်းသမီး ဟူ၍ အသီးသီးအသက် ငှားရမ်းကြလျက် မဏ္ဍပ်ကြော်ငြာ လှည့်ကြကာ မြို့ကောင်ပေါက်တစ်သိုက် ၏ အိတ်ထဲမှ ပိုက်ဆံများကို နှိုက်လျက်သာ ရှိကြကုန်အံ့။

ဤသည်မှတပါး တောင်တောင်အီအီ မဏ္ဍပ်ဟူသမျှ တစ်နေရာ ထဲတွင်သာ ကဲရ၍ ဟန်မကျဟု ယူဆကာ တစ်မြို့လုံး ပတ်သွား၍ သောင်းကျန်းလိုကြသူများ ကားအငှား ထွက်ကြကာ ကလေးလူကြီး ဥ သေးဥမွှား ခွေးဝဲစားပါမကျန် အကုန်ခေါ်တင်ရန် စီမံကြကုန်အံ့။





ထိုသို့အားဖြင့် ရုတ်ရုတ်သဲသဲ သင်္ကြန်ထဲ တကယ် ဆောက်ကြ ကုန်ပြီ ဆိုလျှင်မူကား မြင်လေရာ တစ်မြို့လုံး သိမ်းကြုံး အသေလွတ် လိုက်ရသော် ...

ဒီအတိုင်း ပျော်ရသည်ကို အားမရ၍ အရက်ထသောက်သူများ အရက်မူးကြကုန်အံ့။ နည်းနည်း သောက်လျှင် နည်းနည်းမူး၍ များများ သောက်လျှင် များများမူးကာ မဟားတရားသောက်လျှင် သေချာပေါက် မှောက်ကုန်ကြပြီး သင်္ကြန်ကာလကို ဘာမှန်းမသိဘဲ ကျော်ဖြတ်ရလတ္တံ့။

ယောကျ်ားလေး မွေးထားသူများကား ငယ်လျှင် ရေပြွတ်ဖိုးကုန် ကျ၍ ကားမတိုက်အောင် တဟဲ့ဟဲ့နှင့် စောင့်ရှောက်ကြရကုန်အံ့။ ကြီး လျှင်မူကား မဏ္ဍပ်ဖိုး ကားဖိုး ကုန်ကျခံကြရ၍ ဒင်းတို့ အိမ်ပြန်မရောက် သေးသမျှ ရန်များဖြစ်ကြမလား၊ မူးပဲလဲနေကြမလား၊ ရဲစခန်းကပဲ ဖုန်း ဆက်မလား၊ ဆေးရုံကပဲ ဖုန်းလာမလားနှင့် ထင်ရာတွေး၍ ပူကြရကုန်အံ့။

မိန်းကလေးမွေးထားသူများကား ငယ်သော် မထောင်းတာ၊ ကြီး သော် အတော်ပျာယာခတ်အောင် ကိုယ်တိုင်လိုက်၍ ထိန်းကြရကုန်အံ့။ ဤတွင် ကိုယ့်အရွယ်နှင့် ကိုယ့်သမီးအရွယ် ဘယ့်နှယ်မျှ စပ်ဟပ်မရ၍ နားငြီးခြင်း၊ မျက်စိနောက်ခြင်းများ ကျကျနန ခံကြရကုန်အံ့။

အပျိုကြီး လူပျိုကြီးများကား သင်္ကြန်ကို မှီး၍ ရည်းစားရအောင် ကြံကြအံ့။

အပျိုငယ် လူပျိုငယ်များကား ရှိရင်းစွဲ ရည်းစား ကိုယ့်ဘေး ထားလျက် ဟိုတစ်ယောက် မိုက်သည် ဒီတစ်ယောက် ချောသည် လုပ်မိ တတ်ကြသဖြင့် စကားများခြင်း၊ စိတ်ကောက်ခြင်း၊ ဗိုက်ခေါက်ဆွဲလိမ်ခြင်း မှအစ ထုကြရိုက်ကြ သတ်ပုတ်ကြနှင့် ဖြစ်ချင်တိုင်း ဖြစ်လျက်သာရှိ ကြကုန်အံ့။

ဟိုမရောက် ဒီမရောက်အရွယ် အိမ်ထောင်သည်များသည်ကား ရှုပိုးထိုးချင်လှသော်လည်း မရဲတရဲ ရှိသဖြင့် လူပျိုကြီးပုံစံတော သင်္ကြန် နှင့် ခပ်တန်းတန်း နေနေရာမှ နောက်ဆုံးမနေနိုင်ဘဲ တော်သလိုကျ၍ ကဲကြကုန်အံ့။

အိမ်ထောင်ဖက်ကို ပတ်၍ အရပ်ထဲထွက်သလိုလိုနှင့် နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



နေခန်း ခြေတိုအောင် သရမ်းကြသူများကား နေလောင်ထားသော ပြာနှမ်းနှမ်း အသားအရေကို အကြောင်းပြု၍ လင်မယား ရန်ဖြစ်ကြကုန်အံ့။ ထိုသည်မှတပါး အနှစ်ချုပ်ရသည် ရှိသော် …

သကြိန်ကာလအတွင်း တော်ရုံ ပျော်ကြသူများ ကျေနပ်အားရကုန်အံ့။ မီးပွင့်အောင် ကဲကြသူများ ဂီလာန အဖြစ်များအံ့။ ကုသိုလ်ပြုသူများ ကုသိုလ်ရကြ၍ အကုသိုလ် ပြုသူများ အကုသိုလ် သာမက ရုံးရောက်၊ ဂတ်ရောက်၊ အချုပ်ကျ၊ ဆေးရုံရောက် စသဖြင့် ရှိအံ့။ အေးအေးဆေးဆေး ရေပက်ကြသူများ ဣန္ဒြေရရ ပျော်ကြ၍ မဟားတရား လုပ်ကြသူများ အရိုက်ခံရအံ့။

အိမ်မှနေလျှင် ပျင်းအံ့။ အပြင်ထွက်လျှင် ရေစို၍ နေပူခံရအံ့။ လူတိုင်း၏ လုပ်ငန်းကိုင်ငန်းများ ခေတ္တ ဆိုင်းငံ့ကုန်အံ့။ လမ်းပေါ်မှ လူအများ ပါးစပ်ထဲရှိရာ လျှောက်အော်ကြကုန်အံ့။ သာမန်အချိန် ထစ်ခနဲဆို ထဆဲတတ်သူများပင် သကြိန်ကာလအတွင်း အရာရာ စိတ်မဆိုးဘဲ စပ်ဖြဲဖြဲသာ ရှိကြကုန်အံ့။ အများစုကား ရေစိုသည်ကို အကြောင်းပြု၍ ခွက်ပုန်းချကြကုန်အံ့။ သကြိန်ကာလအတွင်း မျက်မှန်ပျောက်၊ နာရီပျောက်၊ ဟန်းဖုန်းပျောက်၊ ပိုက်ဆံအိတ်ပျောက်၊ ရည်းစားပျောက်၊ နှမပျောက်၊ နောက်ဆုံး သမီးပါပျောက်သွားသည်များကို အတော်များများ ကြုံရကုန်အံ့တည်း။

ဤကား နှစ်တစ်ရာအတွက် ကြိုတင်လျက် ဟောစာတမ်းထွက်သော ဖြစ်မြဲဓမ္မတာ ဘာသာဘာဝ သကြိန်ကာလ မြို့ပြဟောကိန်းအစစ်တည်း။

နံနက်ခင်းသတင်းဂျာနယ်၊ ဧပြီလ၊ ၂၀၀၉



# နတ်သမီး

လူတိုင်း ဘာကြောင့်မှန်း မသိဘဲ နတ်သမီး အလွန်တရာ ဖြစ်ချင်နေကြသော ကာလသို့ ရောက်လေ၏။ နတ်သမီးဖြစ်လျှင် ဘာဖြစ်မှန်းသိသိ မသိသိ နတ်သမီးဖြစ်လျှင် ခေတ်မီသည်ဟု ယူဆသော ကာလဖြစ်လေ၏။ အပျိုမလေးများ အားလုံးသည် နတ်သမီး ဖြစ်နိုင်သည် ဟူသော အစွဲအလန်းမှာ အားလုံးအတွက် ရာနှုန်းပြည့် ယုံကြည်ထားကြသောကိစ္စ ဖြစ်လေ၏။ အပျိုမလေးများ သာမက တစ်မုဆိုး ကိုးခုလတ် တစ်လင်ကွာ မိန်းမများသည်ပင် ငါတို့များ မိုက်လှလို့ လင်တွေ ယူမိသည်။ ခွေးသားများအား မယူမိပါက ငါတို့အားဖြင့်လည်း နံပါတ်တစ် စွဲသော နတ်သမီးများ ကေန်မုချ ဖြစ်လာရချေမည်တကားဟု ယူကြုံးမရ တွေးကြလေသည်။ နတ်သမီးဖြစ်လိုသော အကြောင်းခြင်းရာ၏ ပကတိသဘောကား ဤသို့တည်း။

အခါတပါး၌ မိန်းမတစ်ယောက်သည် ကံအားလျော်စွာ နတ်ပြည်သို့ ရောက်သွားသော ဟူ၏။ ကံအားလျော်စွာ ရောက်လာလေသော လူပြည်မှ မိန်းမအား နတ်တို့ အံ့အားသင့်ကြသော ဟူ၏။ နတ်တို့သည် လူပြည်မှ ရောက်လာသော မိန်းမအား ဝိုင်း၍ ကြည့်ကြကုန်၏။ ထိုမိန်း[illegible] အာဂပေတည်း။ အရှက်နည်းလှသည် ဖြစ်လေရာ သူ့ဟာသူ ဘယ်နေရာ၌ ရောက်နေမှန်း မသိ။ ဝိုင်း၍ ကြည့်နေကြကုန်သော နတ်[illegible] သူ မမြင်ရ။ မမြင်ရသည့်အတွက် သူ့ဟာသူ တစ်ဦးတည်း [illegible] ဟု ထင်ရကား လုပ်နေကျ အလုပ်များကို သူ့ဟာသူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

' ....................... '

နတ်များ အံ့အားသင့်ကြကုန်၏။ အချို့နတ်များ 'အဘား' အော်ကြ၏။ မချင့်မရဲရှိသော နတ်များကား မရှား ရှိလေသည်။ နတ်ပြည်ဆိုသည်မှာကား လုံခြုံသော ကိုယ်ရုံများဖြင့် နတ်သမီးများမှာ လှပဖွာရှိကြ၏။ အတွင်းသရုပ်ကို မမြင်ရ။ ဣန္ဒြေရကြလှ၏။ ယခု ရောက်၍လာသော ဤမိန်းမကား ထိုသို့မဟုတ်။ သရုပ်သဏ္ဌာန် လုံးလုံးပေါ်လေ၏။ နတ်များစိတ်ထဲ မရိုးမရွ ရှိကြလေပြီ။ ဤသည်ကို နတ်တန်ခိုးဖြင့် စင်းစင်းသိလေသော နတ်ဘိုးအေကြီးမှ နတ်များအားခေါ်ကာ မေးလေ၏။ အသင်နတ်တို့သည် အဘယ်သို့ ဖြစ်၍ကုန်သနည်းဆိုသော် နတ်များ လျှောက်၍ထားကြကုန်၏။

အလွန်တရာ ဘုန်း ကံ ကြီးလှသောအားဖြင့် နတ်ဖြစ်၍ နေကြသည့်အလျောက် အသင်နတ်မင်းကြီးသည် နတ်၏မျက်စိအားဖြင့် မြင်လိုသမျှ မြင်ရသည်ကို ကျွန်ုပ်တို့ သိထားကြပါသည်။ ဤသည် အခုတလောတွင် လူမိန်းမတစ်ဦးသည် ဤမည်သောနတ်ပြည်သို့ အမှတ်မှား၍ ရောက်လာငြားသည်ရှိချေရာ သူ လုပ်နေသမျှ နေနေသမျှ ကိစ္စအားလုံးသည် နတ်တကာတို့အတွက် သက်သက် အဆန်းချည်းသာ ဖြစ်နေသည်ဖြစ်ရကား တစ်မျိုးတစ်မည်အားဖြင့် သင့်ရာဘုံအား ပို့ပေးစေချင်ပါကြောင်း၊ ဤမိန်းမသည် နတ်သမီးအများတို့ အတုသို့ခိုး၍ အကျိုးနည်းစေနိုင်သော ကိစ္စများအား အားပါးတရ လုပ်ကိုင် နေထိုင်လျက် ရှိပါကြောင်း၊ အဆိုတင်သွင်းရာပါ မိန်းမသည် ထင်မည်ကျော်ကြား လူကြိုက်များလောက်သော ကိစ္စများကို လုပ်ကိုင် နေထိုင်ပြနေရာမှ အာရုံမှောက်မှားလေသော ပုရိသ တစ်ကောင်ကောင်အား ဒင်းအား စွဲရင်းရှိပါက တစ်ခါတည်း တလစ္စဲဖြစ်အောင် ကြံ၍ ဘဝတွင် အဆင်ပြေပြေအမျိုးအဆွေတွေနှင့်တကွ ခုန်ချနေထိုင်ကာ ထိုပုရိသဘဝတွင် မခွာတမ်းသရိုးကိုင်နေထိုင်ရန် ကြံလျက်ရှိသည် ဖြစ်ရာ လူ့ဘုံနန်းဘဝတွင်သာမတနတ်ပြည်တွင်ပါ ကြောက်စရာ ဖြစ်ပါကြောင်း၊ ထိုမိန်းမအား နတ်မင်းကြီး





နှင့်တကွ အားလုံးပေါင်း ဆုံးမ၍ သူ့ထိုက်ရာပြည် သူ ပြန်ပို့ကာ သူ့ဘာသူ ဖြစ်ချင်ရာဖြစ် နတ်စစ်သည်ရဲမက်တို့ ကိလေသာ မကာစ်အောင် လုပ်ဆောင်စေလိုကြောင်း ရှည်လျားစွာ လျှောက်ထားကြလေကုန်ရအား နတ်မင်းကြီးမှာ သက်ပြင်း တချချ ရှိရှာလေသည်။ နဖူးကြောကြီးများ ထောင်ထအောင် အတော်ကြာ စဉ်းစားလေပြီးမှ အမှန်တွေးရသော် ဤကိစ္စသည် အတော် မလွယ်လှကြောင်း၊ ဘယ်လိုအခြေအနေက လာသည်မသိစေကာမူ နတ်ပြည်ရောက်အောင် တက်၍လာနိုင်သည်ကပင် အဆဖြစ်၍နေပြီဟု ယူဆရကြောင်း၊ ဘာမှလည်း အသိဉာဏ် မပြည့်ဝ၊ မျက်နှာနှင့် ခန္ဓာအလှလေးတစ်ခု အရင်းပြုရုံနှင့် နတ်ပြည်အထိ တက်လာကာ နတ်သမီးလိုလို လာနေထိုင်ပြနေသည်ကပင် အတော်လွန်နေလှပြီ ယူဆရကြောင်း၊ သို့စေသော်ငြား နတ်တန်ခိုး လူကိုတိုးမပေါက်လှသော ထိုမျိုးများ ရှိတတ်သည် ဖြစ်လေရာ အနှီ ဘယ်ကပေါ်လာမှန်း မသိသော မိန်းမအား နတ်တို့ကသာလျှင် ကိုယ့်ဟာကိုယ် တော်ရာ ကြည့်ကျက်ရှောင်နေသည်ကသာ ကောင်းမည် ဖြစ်၍ ထိုမိန်းမအား သွား၍ မပတ်သက်ကြရန်သာ ဆုံးဖြတ်သည်ဟု လေးလေးပင်ပင် မိန့်လေ၏။

သို့သော် မနေနိုင်သော နတ်အချို့ သွားပတ်သက်ကြသဖြင့် အနှီမိန်းမမှာ နတ်စည်းစိမ် ပြည့်လျက်သာ ရှိပြန်လေတော့၏။ ဤသို့အားဖြင့် .......

လူတိုင်း ဘာကြောင့်မှန်းမသိဘဲ နတ်သမီး အလွန်တရာ ဖြစ်ချင်နေကြသော ကာလသို့ ရောက်လေ၏။

ပေါ်ပြူလာဂျာနယ်၊ ဧပြီလ၊ ၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com

# အချိန်စားခြင်း

၂၄နာရီ ရှိတယ်ဗျာ။ အိပ်ချိန်က ရှစ် ကိုးနာရီ လောက်ဆိုတော့ ဆယ့်ငါး ဆယ့်ခြောက်နာရီလောက် တစ်နေ့ တစ်နေ့ ကျန်တာပေါ့။ ဒီကြားထဲ ထမင်းစားတာတို့၊ ရေချိုးတာတို့နဲ့ နုတ်လိုက်ရင် (ယောင်ပေယောင်ပေလုပ်နေချိန်တွေပါ အပါ) တစ်နေ့ တစ်နေ့ ကျန်တော့မှာ ဆယ့်နှစ်နာရီလောက်ပဲ အချိန်ရတာ။ လူကြီးတွေက ပြောတယ်။ မင်း မငယ်တော့ဘူးတဲ့။ အလုပ်ကလေးဘာလေး လုပ်ဖို့ ကောင်းပြီတဲ့။ အသက်က ဆယ့်ခုနှစ်နှစ်ထဲ ရောက်နေပြီတဲ့။ ဆယ့်ခုနှစ်နှစ်ထဲသာ ရောက်ချင်လို့ ရောက်လာတာ။ ကျွန်တော် စဉ်းစားကြည့်တယ်။ တစ်နေ့ တစ်နေ့ ကျန်တော့မှာ အချိန်ကို မရှိတာဗျ။ ဘယ်အချိန် အလုပ် သွားလုပ်ရမှန်းကို မသိတာ။ စဉ်းစားကြည့် ကျွန်တော် တွက်ပြမယ်။ (စဉ်းစားကြည့်ဆိုတာလည်း စကားအဖြစ်သာ ပြောတာပါဗျာ၊ ကျွန်တော့်ဘဝမှာ ဘာကိုမှ တစ်ခါမှ မစဉ်းစားဖူးဘူး၊ ခေါင်းစားလို့)

မနက်နိုးလာတယ်ဗျာ။ မီးဖိုထဲသွားပြီး အုပ်ဆောင်းလှန်၊ ဟိုတာဒီဟာ ရှိတာနှိုက်စား။ ပြီးရင် အိမ်သာ တက်ရသေးတယ်။ အိမ်သာတက်ပြီးရင် သွားတိုက် မျက်နှာသစ်။ အဲဒီမှာတင် တစ်နာရီလောက် ကုန်သွားပြီ။ ပြီးရင် အမေ့ဆီ ဖြစ်ဖြစ်၊ အဖေ့ဆီ ဖြစ်ဖြစ်၊ တွေ့ရာ အိမ်ကလူတစ်ယောက်ယောက်ဆီက ဖြစ်ဖြစ် ရသလောက် မုန့်ဖိုး တောင်းရသေးတယ်။ ကျောင်းဖွင့်တဲ့ရက် ကျောင်းသွား။ ကျောင်းပိတ်တဲ့ရက်တွေတော့လည်း ချက်တင်ပြေးထိုင်ရ၊ Facebook ပြေးကြည့်ရနဲ့ အဲဒီမှာတင်

www.burmeseclassic.com



နေ့တစ်ဝက်ကျိုးရော။

နေ့တစ်ဝက်ကျိုးတော့ ထမင်းဆာရောဗျ။ အားရပါးရ စားပြီးတော့လည်း နာရီဝက်လောက် ထမင်းလုံး စီရသေးတယ်။ အစာမကြေမှာစိုးလို့။ ထမင်းလုံးလေးစီရင်း တစ်မှေးလောက် မှေးလိုက်ဗျာ။ ကောင်းကကောင်းနဲ့။ ဒီလိုပဲ ညနေစောင်းသွားရော။

ညနေစောင်းတော့လည်း မအားရပါဘူးဗျာ။

ဟိုကောင် လာခေါ်၊ ဒီကောင် လာခေါ်နဲ့။ အပြင်ထွက်တယ်ဆိုတာကလည်း ဒီခေတ်က နည်းနည်း ပြင်ဆင်မှ။ ဂျယ်လ်လေး ဘာလေး ရှိုင်းဦးမှ။ မလုပ်ရင် အချင်းချင်းကြား အောက်သေးသဗျ။ အဲဒီလိုနဲ့ ဟိုသွား ဒီသွား ဟိုဆိုင်ထိုင် ဒီဆိုင်ထိုင်။ ပြီးတော့ မှောင်သွားရော။

မှောင်တာနဲ့ ပေါ်လာပါပြီဗျာ။ ဂိမ်းဆော့မယ့် ကောင်တွေ။ တစ်ကောင်မဟုတ် တစ်ကောင် လာကိုခေါ်တာ။ ဆိုင်ရောက်လို့များကတော့ အိမ်ပြန်ရင် ညဆယ်နာရီ အစောဆုံး။ အဲဒါကြောင့် ကျွန်တော်ပြောတာပေါ့။

'ဘယ်မှာလဲ အလုပ်လုပ်ဖို့ အချိန်'



# ဗိုက်ခေါက်ကို အလစ်မပေးနှင့်

ကျွန်ုပ် စာရေးဆရာ ပိန်မဲသည်ကား အမည်သညာ တွင်လာခဲ့သည့်အတိုင်း တစ်သက်လုံး ပိန်၍ တစ်သက်လုံး မည်းလာခဲ့သူ ဖြစ်၏။ ဤတွင် ဝနေလျှင် ပိန်ချင်၍၊ ပိန်နေလျှင် ဝချင်သော အလိုမကျ တတ်သည့် လူ့သဘာဝအတိုင်း ကျွန်ုပ် ငပိန်သည် ဝလာလျှင် ပို၍ ကြည့်ကောင်းမြင်ပျော် ရှိလေမည်ဟု ယူဆ၍ ဝနည်းဝဟာန် အသွယ်သွယ်ကို အနယ်နယ် အရပ်ရပ်မှ ကြားဖူးနားဝများပါ မကျန် အတန်တန် စုဆောင်း၍ ဝရာဝကြောင်း ကြိုးစားခဲ့ဖူးလေ၏။ ကျွန်ုပ်မှာ ဝင့်နာကာနာကဲ့သို့ ငပိန်တစ်ကောင် အဖြစ်နှင့်သာ အရိုးထုတ်ရန် ဇာတာပါခဲ့သည်လား မဆိုနိုင်။ ဆေးစုံနည်းစုံ ကြိုးစားခဲ့ပြား ဤနေ့အထိ ငပိန်တစ်ကောင်အဖြစ်နှင့်သာ ရှိ၏။

သို့ရာတွင် တစ်ခု အမြတ်ရခဲ့သည်ကား …

ကျွန်ုပ်သည် လူဝများကို လေးစား အားကျကာ ချဉ်းကပ် စနည်းနာ နည်းအဖြာဖြာ စုဆောင်းခဲ့ဖူးသည့် အလျောက် ကိုယ်တိုင် ဝလော်သော်ငြား၊ လူဝအများ၏ အတွင်းသဘောထားကို အများအပြား သိလာရကား မျက်မှောက်ခေတ်တွင် ပိန်မှ လှသည် ယူဆသော နမငယ်[illegible] ရှောင်ရှားနိုင်ကြစေရန် ရည်သန်၍ လူဝများ၏ သဘောထားကို [illegible] အားဖြင့် ရေးသား တင်ပြလိုက်ရပေတော့၏။

လူ့ခန္ဓာကိုယ်သည် စ၍ ဝချင်လာပလားဟော့တု [illegible] ဝသောကိစ္စမှာ ဗိုက်သားပြင် တစ်ဝိုက်မှ စလေတော့[illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ခေါက် ထွက်လာ၏။ ဒုတိယသော် ဗိုက်ပူသော အဆင့်သို့ ရောက်၏။ ထို့နောက်တွင်ကား ပူရာမှ ရွှဲ၍ ရွှဲရာမှ လုံးဝန်းဖောင်းကားသွားအောင် သူ့ဟာသူ ဆက်၍ အပတ်တကုတ် ကြိုးစား လုပ်ဆောင်လေတော့၏။

ဗိုက်မှစ၍ အုတ်မြစ်ချ ဝပြီးလျှင်ကား ကုပ်ပိုးနှင့် ကျောပြင်များ ကြီးထွား ဖုထစ်ခြင်းသည် လည်းကောင်း၊ မျက်နှာနှင့် မေးစေ့အောက် တစ်ဝိုက် တစိုက်မတ်မတ် ဆူဖြိုးလာခြင်းသည် လည်းကောင်း၊ လက်မောင်း လက်ဖျံ ပေါင်တံ ခြေသလုံးတို့ တရှန်းရှန်း တလှုပ်လှုပ် ဖွံ့လာဖောင်းလာခြင်းသည် လည်းကောင်း သိပ်မကြာမြင့်လှသော ကာလအတွင်း ဆက်တိုက် ဖြစ်ပွားလာကုန်ပေတော့၏။ ဤတွင် လူဝတစ်ယောက် ဘဝသို့ အစစ်အမှန် ရောက်ရလေတော့၏။

လူဝတစ်ယောက် ဘဝသို့ ပြောင်းလဲစ ကာလတွင် လူသည် နှစ်မျိုးနှစ်စား ကွဲ၏။

ပထမ တစ်စားမှာ ပိုဝလာမှာ ကြောက်၍ စိတ်ကူးတည့်ရာ လျှောက်လုပ်ရင်း တားမနိုင် ဆီးမရ လွှတ်ဝသွားတော့မှ စိတ်လျှော့လိုက်ရသော အစားနှင့် နဂိုကတည်းက ဝချင်လည်းဝဟာဟု လွှတ်ထားလိုက်သောအစား ဖြစ်၏။ ဝသွားပြီးလျှင်သော်ကား စိတ်ပိုင်းဆိုင်ရာတွင်ပါ ပြောင်းလဲသွားလေတော့၏။

လူသည် ဝလာသော ကာလမှ စ၍ ကိုယ့်ကိုယ်ကိုယ် အလွန်သက်ညှာလေ၏။ အထိုင်အထ လေးလံလှသည် ဖြစ်ရကား အအိပ်အနေများကာ အသွားအလာ အလှုပ်အရှား နည်းသွား၏။ ဖျတ်လတ်သွက်လက်မှု လျော့ပါးလာရကား အိမ်တွင်သာ အနေများ၍ အစားပိုလာတော့၏။ ထို့ကြောင့် ပိုဝလာ၏။ ပိုဝ၍ ပိုညှာ၊ ပိုညှာကာ ပိုဝနှင့် သံသရာလည်သွားတော့၏။

အစားအသောက်အားဖြင့် ဝသွားလေသောလမ်း၌လည်း နှစ်မျိုးကွဲ၏။

မကြာခဏ တစွတ်စွတ် စားနေခြင်းနှင့် တစ်နေ့လျှင် သုံးလေးနပ်သာစားခြင်း၊ တစ်ခါတွယ်လျှင် ဖလုံ့ပါချ၍ အားရပါးရ ခွတုပ်တာတ်ခြင်း နှစ်မျိုး ဖြစ်၏။





အဓိကအားဖြင့်ကား လူဝအများသည် စိတ်ကို လွန်စွာ အလိုလိုက်တတ်ကြကုန်၏။

မဝတဝ အခြေအနေတွင် ဝလာတယ်နော်ဟု အပြောခံရပါသော သိပ်နာသလောက် ဝသွားပြီးလျှင်ကား ဘာလာပြောပြော ဘယ်လိုမှ သဘောမထားတော့ဘဲ ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်လျှော့လိုက်တော့၏။ ဤတွင် လှသည် ဖြစ်စေ၊ မလှသည် ဖြစ်စေ ကိုယ့်အတွက် အလွန်တာရှပေါ့ပါး ပွယောင်းသော အဝတ်အထည်များကိုသာ ရွေးချယ် ဝတ်ဆင်တော့၏။ အရသာ ရှိသည်ဟု ယူဆသမျှ အားရပါးရ စားတော့၏။ ဆိုက်ကားဆရာ နင်းပြေးသွားသည် ဖြစ်စေ၊ ဘတ်စ်ကားသမား ကိုယ့်မြင်၍ မောင်းပြေးသွားသည် ဖြစ်စေ၊ လူထူထူကြား တိုးဝှေ့သွားရသော အခါမျိုး၌ ကိုယ် တိုး၍ လွင့်သွားသူများ ပြုံစုကြသည်ဖြစ်စေ ဂရုမစိုက်တော့။ ဘယ်တတ်နိုင်မလဲဟု ခပ်ပေါ့ပေါ့ ထားလိုက်တော့၏။ ထိုသည် သာမက သက်သောင့်သက်သာ အဖြစ်ဆုံး နေရာထိုင်ခင်းမျိုးနှင့် သက်သောင့်သက်သာ အဖြစ်ဆုံး ကိုယ်နေဟန်ထားမျိုးကိုသာ ရွေးချယ်နေထိုင်လေတော့၏။ ဤအခြေရောက်လျှင်ကား ဂိတ်ဆုံးပြီဟုသာ သဘောထားလိုက်ရုံ ရှိတော့၏။ ကိုယ်လုံးကိုယ်ပေါက် လှလှပပ သူများဖြစ်နေတာတွေ့လည်း မနာလို မဖြစ်၊ အားမကျတော့။ ဖက်တီးခေါ်ခေါ်၊ ဝက်ဗုတ်ခေါ်ခေါ်၊ ဆင်ခေါ်ခေါ်၊ ရေမြင်းခေါ်ခေါ် မကြားယောင်သာ ပြုတော့၏။ ဗိုက်ဆာလျှင် လည်းကောင်း၊ အိပ်ချင်၍ မအိပ်ရ၊ မထချင်လည်း ထရသော်လည်းကောင်း လွန်စွာ စိတ်ဆိုးလေတော့၏။ တစ်နေ့တစ်နေ့ ကိုယ့်ကိုယ်လုံး ကိုယ် သယ်နေရသည်ကိုလည်း ဒုက္ခဟု မမြင်တော့၊ ကြည့်ပျော်ရှုပျော် မရှိတော့၍ မှန်တွေဘာတွေလည်း သိပ်မကြည့်ဖြစ်တော့ဘဲ ပြင်ပြင်ဆင်ဆင်လည်း မနေတော့။ ဦးနှောက်တွင်း၌လည်း အဆီများ စုခဲလာသည်ဖြစ်၍ ဘာကိုမှ သိပ်မတွေးချင်တော့ဘဲ လွှတ်၍သာ ထားလိုက်တော့၏။

စင်စစ်အားဖြင့်ကား ဝလွန်းခြင်း ဖြစ်စေ၊ ပိန်လွန်းခြင်း ဖြစ်စေ ရှိသင့်သော သက်တမ်းကို တိုစေနိုင်သည်ချည်းသာ ဖြစ်၏။

မဝတဝ အခြေအနေသည် လွန်စွာ အရေးကြီး၏ ထိုအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် အချက်ပေး ခေါင်းလောင်းသံ မြည်လာချိန် ဖြစ်၏။ သတိနှင့် နေနိုင်မှ တော်ကာကျမည် ဖြစ်၏။ ကျွန်ုပ်နှင့် ပေါင်းဖော်မိခဲ့သော လူဝကြီးများ အားလုံးသည် မဝတာဝ ဖြစ်ခဲ့ဖူးသောအတိတ်ကို လွန်စွာလွမ်းဆွတ်တမ်းတလျက် ပြောပြခဲ့ကြကုန်သော အချက် ဖြစ်၏။

နိဂုံးချုပ်ရသည် ရှိသော် လူချင်ပချင်၊ အသက်ရှည်ရှည် နေချင်ကြကုန်သော ကျုပ်နှမအများ ကိုယ့်ဗိုက်ခေါက်ကို ကိုယ် မပြတ်စောင့်ကြည့်နေရန်မှာ လွန်စွာ အခရာကျသော အချက် ဖြစ်၏။

လူတွင် ဝခြင်း၏ အစမှာ ဗိုက်ခေါက်ကသာ ဖြစ်ကြောင်း ကောင်းကောင်း စပ်စုထားသော ကျွန်ုပ်၏ ဗဟုသုတကို မျှဝေ ရေးသားလိုက်ရတော့သတည်း။

အယ်ဒီစင် မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၀



# ၁၃။

'အင်း …ဟင်း ဟင်း …ကျွတ် ကျွတ်'

'ကို ..ကိုသံဗျင် သတိထားဦးလေ၊ အရမ်း အခံရဆိုးနေလား'

'တစ် …တစ်ချက် တစ်ချက် တော်တော် ဆိုးတယ်ကွာ၊ ဟင်း ဟင်း …'

'ဝေဒနာပဲ ကိုသံဗျင်ရယ်၊ သတိတရားလေး လက်မလွှတ်စေနဲ့၊ သားသမီးတွေလည်း အနားမှာ ရှိတယ်၊ သိလား'

ဒေါ်မျှင်မှာ ဆို့လာသော အသံကို အတန်တန် ထိန်းကာ ဖျောင်းဖျ နေရှာလေ၏။ သူ့ယောက်ျား အကြောင်း သူ သိ၏။ ဝေဒနာ ဒဏ်ရာ အနာတရဆို တစ်သက်လုံး နည်းနည်းမှ မခံနိုင်ရှာခဲ့။ သူ့ယောက်ျား ဦးသံဗျင်မှာ ယခု အသက် ခြောက်ဆယ်တိုင်အောင် အထိ နာစည်းနှင့် လိုက်အောင် သန်မာကြံ့ခိုင်ခဲ့သည် ဖြစ်၍လည်း အသည်းအသန် ရောဂါ ဝေဒနာ ခံစားခဲ့ရသည်ဟူ၍ တစ်ခါမှ မရှိခဲ့။ ဝေဒနာ ရောဂါတို့ ကြောက် ၍လည်း ဦးသံဗျင်မှာ ကျန်းမာရေးကို သာမန်ကာလျှံကာ [illegible] ကျကျနနနှ လိုက်စားဆင်ခြင်ခဲ့သူကြီး ဖြစ်၏။ မနက်တိုင်း လမ်းလျှောက် မပျက်။ အရက်သေစာ မသောက်စား။ ကွမ်းမျှပင် ဝါးခဲ့သူမဟုတ်။ [illegible] တုတ်ခိုင်ခိုင်နှင့် တစ်သက်လုံး ကျန်းမာလာခဲ့သူ ဖြစ်၏။ [illegible] ချေပြီ။ ဤ မနက်အိပ်ရာကအထ ဗိုက်ထဲက နာလှသည်။ [illegible] ရုတ်တရက်ကြီး လှုပ်မျှပင် မလှုပ်။ မေးလို့လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွင်တွင် ညည်းကာနေရှာလေ၏။

ဒေါ်မျှင်ခမျာ သူ့ယောက်ျားကို ကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့၏။ ဝေဒနာ ဆေးဝါးနှင့်ဝေးကာ နေလာခဲ့ကြသူများဖြစ်၍ ဦးသံဗျင် ဘာဖြစ်နေမှန်းလဲ ဒေါ်မျှင် မသိ။ ခံစားနေရသမျှ မေးကြည့်သော်ငြား ကာယကံရှင်ကလည်း သဲသဲကွဲကွဲ ဘာမှမပြောနိုင်ရှာ။ ဝမ်းဗိုက်ထဲမှ အဆမတန် နာလှသည်ဟူ၍သာ ပြောရှာ၏။ ပရုတ်ဆီလေး ပွတ်ပေး၍ တတ်သလောက် မှတ်သလောက် ဘုရားစာ တရားစာကလေးများ ရွတ်ဖတ်ပေးကြည့်၏။ သို့သော် ဘုရားတရားသံ ကြားမှ လူနာမှာ ပို၍ ကြောက်လာသည်ထင့်။ အစက စကားမေး ရသေးသော်လည်း နောက်ပိုင်း စကားပင် ပြန်မပြောတော့။ တဟင်းဟင်းသာ ညည်းကာနေလေ၍ ပို၍ စိတ်ပူပန်လာကာ မွေးထားသော သားသမီးလေးယောက်အား ဖုန်းဆက် အကြောင်းကြားရလေတော့၏။

သားသမီးများမှာလည်း တစ်သက်လုံး သန်မာလာခဲ့သော သူတို့ဖခင်ကြီး ကောက်ခါငင်ခါ ဘာရောဂါနှင့် အသည်းအသန် ထဖောက်သည်မသိ၍ ရှိသမျှအလုပ် ပစ်ကာ ပြေးလာကြရှာကုန်၏။ အသက်မျှ မီပါ့မလားဟုပင် ပူပင်သူ မရှား။ အားလုံး တက်သုတ်နှင်ကာ လာကြရှာကုန်၏။ ပြေး၍သာ လာကြရသည်။ အငယ်မ တစ်ယောက်မှလွဲလျှင် အားလုံးကား ကုန်သည်မျိုးရိုးဖြစ်၍ ဆေးဝါးကိစ္စ နားမလည်။ အနားမှာသာ တလည်လည်နှင့် ပြောဆို အားပေးလျက်သာ ရှိလေသည်။ အကြီးဆုံးသားမှာ အဖေ့နား လာကာ အားပေး၏။

'ဖေဖေ စိတ်အေးအေးထားနော်၊ ဘာမှမပူနဲ့ သိလား၊ သားတို့အားလုံး အနားမှာ ရှိတယ်'

ဦးသံဗျင်ခမျာတော့ မျက်လုံးတစ်ချက် ဖွင့်ကြည့်ကာ ခေါင်းလေးသာ ယောင်ယောင်ညိတ်ပြရှာ၍ တဟင်းဟင်းနှင့် ပြန်မှိန်းနေ၏။ အစ်ကိုကြီးမှ ညီလတ်နှင့် ညီမလတ်ကိုသာ လက်ကုတ်ခေါ်ရာ တော်ရာသွား၍ တိုင်ပင်ကြလေ၏။

'ဖေဖေ ဘာဖြစ်နေတယ်ထင်လဲ မိလတ်၊ ငါတော့ အစာအိမ်ထင်တာပဲ၊ တလောကလည်း ဗိုက်ကယ်ကယ်နေတယ် ပြောတယ်'





ညီလတ်၏အမေးအား ညီမမှ ပြန်မဖြေခင် အစ်ကိုကြီးမှ ဝင်၍

'အစာအိမ်တော့ မဖြစ်နိုင်ဘူး ထင်တယ် ညီညီ၊ ဖေဖေက တို့သိတဲ့အတိုင်း အစားအသောက် သိပ်မှန်တာ၊ ဖြစ်ခြင်းဖြစ် အသည်းပဲ ဖြစ်မယ်၊ ဗိုက်ကြီးလည်း နည်းနည်း ရောင်များနေသလားလို့'

'အို အစ်ကိုကြီးကလည်း …အသည်းဆိုတာ အရက်သောက်မှ ဖြစ်တတ်တာဆို၊ ဖေဖေက အရက်မပြောနဲ့ ဘီယာတောင် ဘယ်တုန်းကမှ သောက်တာမှ မဟုတ်တာ၊ အူလမ်းကြောင်းကင်ဆာလား မသိ'

'ကင်ဆာဆိုတာ တဖြည်းဖြည်းမှ ဆိုးလာတာမျိုးဆို မိလတ်ရဲ့၊ ငါ့အထင် အူအတက်များ ပေါက်သလားလို့'

'မဟုတ်သေးပါဘူးလေ၊ အူအတက်ပေါက်တာက ဘယ်ဘက်ဆိုလား ညာဘက်ဆိုလား တစ်နေရာတည်းကပဲ နာတာဆို၊ အခု ဖေဖေက နေရာအနှံ့ နာနေတာဆိုတော့'

'ကိုကြီးကလည်း ဘာတစ်ခုမှ မသေချာဘူး၊ အူအတက်ဆိုလည်း ဆေးရုံ မြန်မြန် ပို့ကြရအောင်၊ ဒီအတိုင်း ခံနေရတာထက်စာရင် ဆေးရုံ တင်လိုက်တာ ပိုမကောင်းဘူးလား'

'အေး အဲဒါကောင်းတယ်'

'ဟ နေကြဦး၊ ဆေးရုံဆေးခန်းဆိုရင် မငယ်ပါမှ ကောင်းမှာပေါ့၊ ငါတို့က ဘာမသိ ညာမသိ ဘယ်ဆေးရုံတင်ရမှန်း မသိ'

'ကိုကြီး ပြောတာ ဟုတ်တယ်၊ တော်ကြာ ဆေးရုံမှားတင်မိလို့'

'ဩော် ကိုလတ်ကလည်း ဆေးရုံမှားတင်မိတယ်ရယ်လို့ ရှိမလား'

'ဟာ နင်တို့ကလည်း အရေးထဲ ငြင်းနေသေးတယ်၊ ဘယ်မှာလဲ မငယ်၊ ဖုန်းဆက်ထားတယ် မဟုတ်လား'

'ဆက်ထားတယ်၊ သူ့သား ကျောင်းကဝင်ခေါ်ပြီး လာနေပြီတဲ့'

'အေး အဲဒါကောင်းတယ်၊ ဖေဖေက သူ့မြေးကို သိပ်ချစ်တာ မသကာ ဖိတ်စဉ်မသွားခင် တွေ့သွားတာပေါ့၊ မငယ်က ဆရာဝန်ဆိုတော့ တို့ထက် ပိုနားလည်မှာ မိလတ်'

'ဟုတ်ကဲ့ အစ်ကိုကြီး'

'သွား လိုမယ်ထင်တာလေးတွေ ထုပ်ပိုး ပြင်ဆင်ထားနှင့်ဦး



www.burmeseclassic.com

www.burmeseclassic.com



အနေကိုတော့ အသိမပေးနဲ့ဦး၊ အခြေအနေ ကြည့်ပြီး ငါပြောမယ်၊ သူတို့

*ဟ ဆေးရုံဆေးခန်းဆို သေမလောက် ကြောက်တာ'*

'ဟုတ်ကဲ့ အစ်ကိုကြီး'

'ဟော ... ကားသံကြားတယ်၊ မငယ် လာပြီ ထင်တယ်'

ပြောနေကြစဉ်အတွင်း အငယ်ဆုံးနှမလေး မငယ်မှာ သားလေးကို လက်ဆွဲကာ မျက်စိမျက်နှာပျက်လျက် ကပျာကယာ ဝင်လာပြီး

'ဖေဖေ ဘယ်လိုနေသေးလဲ'

'လာ လာ အခန်းထဲရောက်မှပြော'

သုတ်သီးသုတ်ပျာ ဝင်သွားကြ၍ အခန်းထဲရောက်သော် တစ်စုံတစ်ဦးမှ မဟန့်တားလိုက်နိုင်ခင်မှာပင် ငါးနှစ်သားကလေးငယ်မှာ သူ့အဘိုးကို တွေ့ရာ ဝမ်းသာအယ်လဲနှင့် သူ့ထုံးစံအတိုင်း ဗိုက်ပေါ်ခုန်တက်လေ၍

'ဟဲ့ ... ဟဲ့'

'ဘိုးဘိုး'

'အောင်မလေးသေပါပြီဗျ'

'ဘု'

'အဲ ...'

ကလေးကို ဆွဲသူဆွဲ၍ မာန်သူမာန်စဉ် ဦးသံဗျင်မှာ ငုတ်တုတ်ထထိုင်ကာ ပြုံးပြုံးကြီးနှင့် ဖနီးအား လှည့်၍

'ကောင်းသွားပြီ မယ်မျှင်ရဲ့၊ လက်စသတ်တော့ လေချုပ်နေတာကိုး၊ ငါ့မြေးကယ်မှ နေရာကျတော့တယ်၊ လာ လာ ... သားသား ဘိုးဘိုးဆီလာ'

ဤတွင်မှ အားလုံး သက်မ ချကြလေကုန်၏။

ဤသို့အားဖြင့် လူကြီးများမှ ရောဂါရှာနေကြဆဲ ကဲလှသော ကလေးငယ် တစ်ဦးကြောင့် လေချုပ်နေသော အဘိုးကြီးတစ်ဦးမှာ





သက်သာရာရလျက် အားလုံး ပြုံးရွှင်စွာ ရှိနေကြလေတော့သတည်း။

နံနက်ခင်းသတင်းဂျာနယ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com

# သူခိုးတက်တဲ့ည

မိုးသည် ပျင်းရိဖွယ်ကောင်းလောက်အောင် တစ်ဖြောက်နှစ်ဖြောက်နှင့် တစိမ့်စိမ့် ရွာနေလေ၏။ ပတ်ဝန်းကျင်မှာ စိုထိုင်းအေးစက်လျက် ရှိလေသည်။ တလောကလုံးမှာ မိုးအေးအေးနှင့် အားရပါးရ အိပ်စက်နေသည့်အလား အားလုံး တိတ်ဆိတ်ကာ နေ၏။ သူသည် မိုးစိုရွှဲနေသည်ကိုပင် ဂရုမစိုက်အားဘဲ ရင် တဒိတ်ဒိတ် ခုန်ကာ ဒူးတုန်နေ၏။ ဘဝတွင် ဤကဲ့သို့ ကိစ္စမျိုး တစ်ခါမှမကြုံဖူး။ အရဲစွန့်ကာ ကြံရန်လာခြင်း ဖြစ်၏။ ပိန်းပိတ်နေသော အမှောင်တွင် လက်မှမီးပါသော နာရီကို ခပ်အုပ်အုပ် တစ်ချက်ကြည့်၏။နံနက် သုံးနာရီခွဲခန့် ရှိပြီ။ ရှေ့သို့ တစ်ချက် လှမ်းကြည့်၏။ တိုက်ခံ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး တစ်လုံးကို အမှောင်ထဲတွင် ပိုးတဝါး တွေ့ရ၏။ ဝရံတာ ...။ သူ့ခေါင်းထဲတွင် မြည်လာသော အသံ ဖြစ်၏။ လေ့လာထားချက်များ အရ အိမ်ကြီး၏ရှေ့ ဝရံတာနှင့် ကပ်လျက်တွင် သရက်ပင်ကြီးတစ်ပင် ရှိ၏။ ထိုအပင်ကြီးမှ တစ်ဆင့် အိမ်ကြီး၏ ဝရံတာပေါ်သို့ အလွယ်နှင့် ရောက်နိုင်လေသည်။ သူသည် ကြောက်ကြောက်နှင့်ပင် ထိုသရက်ပင်ကြီး အောက်သို့ အသာ ချွတ်နင်းကာ သွားလေ၏။ မတတ်နိုင်။ ဤ အခြေအနေမှတော့ ရဲရပေတော့မည်။

သရက်ပင်အောက် ရောက်သော် ဘားဘီကို မလုံမလဲ အတွဲခတ်ရင်း ခဏငြိမ်နေ၏။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ် မှောင်မဲမြဲပင်။ [illegible] ပေါ်သို့ သူ မော့ကြည့်၏။ ဝရံတာကိုလည်း လှမ်းကြည့်၏။ [illegible] သောနယ်တွင်ဖြစ်၍ ကျကျနန ဆောက်ထားသဖြင့် အိမ်ဝရံတာမှာ [illegible]

www.burmeseclassic.com



သာ ဖြစ်သော်လည်း အတော် မြင့်နေ၏။ သို့သော် အကိုင်းအလက်များ စုံလင်စွာနှင့် တုတ်ခိုင်လှသော သရက်ပင်ကြီးမှာ ဝရံတာသို့ တက်ရန် အတွက် လှေကားထိုးပေးထားသလို ရှိနေ၏။ မှန်ရာကို ဝန်ခံရသော် သူသည် အမြင့်ကြောက်တတ်သူ ဖြစ်၍ ငယ်ငယ်ထဲက မာလကာသီးလောက်ပင် တက်ခူးမစားခဲ့ဖူး။ ထို့ကြောင့် သစ်ပင်ဆိုတာကို ဤ အရွယ်ရောက်သည်အထိ ဖြောင့်ဖြောင့်တန်းတန်း တက်တတ်သူမျိုးမဟုတ်။ ယခုတော့ တက်ရပေတော့မည်။ ဟယ် ခုမှတော့ လာစမ်း။ သူ ခါးတောင်း ဖမ်းကျိုက်လိုက်၏။ တစ်ခု ခံသာသည်မှာ သရက်ပင်ကြီးမှာ နင်းစရာ တွယ်စရာ အကိုင်းအလက်များခြင်း ဖြစ်၏။ သက်ပြင်းတစ်ချက်ချ၍ သူ တွယ်တက်လေ၏။

ချော်ချွတ်ချွတ် သရက်ကိုင်းများကို တွယ်ကာ ဖက်ကာ ခွကာ ခိုကာနှင့် ကတုန်ကယင် တက်လာရာ ဝရံတာနှင့် အမြင့်ညီသည့် အကိုင်းအထိ သူ ရောက်လာ၏။ တစ်ခုတော်သည်မှာ မှောင်ကြီးမည်းကြီးထဲမို့ သူ့ကိုသူ ဘယ်လောက် အမြင့်ရောက်နေမှန်း အောက်သို့ ပြန်ငုံ့ကြည့်၍ မမြင်ရ။ ထိုသည်ကပင် အားတစ်မျိုး တိုးသေး၏။ အောက်ကို မြင်ရလျှင် ကြောက်ကြောက်နှင့် ပြုတ်ကျမည် ထင်၏။ သို့သော် ထိုအတွေးကို ချက်ချင်း မောင်းထုတ်လိုက်ပြီး ဝရံတာဘက်သို့ ထိုးနေသော အကိုင်းကြီးပေါ် ကူးကာ တရွေ့ရွေ့နှင့် ဆက်လက် ချီတက်ကာ ဝရံတာပေါ်သို့ ကူးသွားလေသည်။

ချွေးစေးများ ပျံကာနေသဖြင့် ဝရံတာပေါ်ရောက်သော် ဆောင့်ကြောင့်လေး ခဏ ငြိမ်နေရ၏။ ဝရံတာပေါ်တွင်ကား အဝတ်တန်းများ ထမီတန်းများ ရှုပ်ယှက်ခတ်နေအောင် လှမ်းထား၍ အဝတ်စိုများမှ တမာရွက်ပြုတ်စော်လိုလို ဆိုးလှသော အနံ့တစ်မျိုး ထွက်နေလေသည်။ သို့သော် အနံ့အသက်ကို သူ ဂရုမထားအား။ သူ သေချာမှတ်ထားသော ဝရံတာမှ အိမ်ထဲဝင်သော် ညာဘက် ဒုတိယမြောက် အခန်းသို့ သွားရန်သာ စိတ်စောနေ၏။ တုန်နေသော ဒူးများ အတော်ငြိမ်သွားသော် ကုန်းကုန်းကုန်းကုန်းနှင့် ထကာ ထမီတန်းများအား ကျော်ကာ ခွကာ တစ်မျိုး၊ ဖြုတ်ကာ လှိုကာ တစ်မျိုးနှင့် တိုးသွားလေ၏။





ဝရံတာနှင့် အိမ်ထဲအကူးတွင် သစ်သားတံခါးချပ်များ တပ်ထားရာနားသို့ သူ ရောက်သွား၏။ တံခါးကို တစ်ချက် တွန်းကြည့်ရာ စေ့ရုံစေ့ထားသည်သာ တွေ့ရ၍ သဘောကျကာ သူ ပြုံးသေး၏။ ပြီးမှ တံခါးဖွင့်ကာ ဖျတ်ခနဲ လျှိုဝင်လိုက်ပြီး အသံမထွက်အောင် တံခါးကို ပြန်စေ့လျက် တံခါးတွင် ကျောကပ်၍ မတ်တတ်ကြီး သူ ခဏ ငြိမ်နေလေ၏။ အိမ်ထဲဝင်ဝင်ချင်းတွင် အပြင်ကထက် ပိုမှောင်နေ၍ ရုတ်တရက် သူ ဘာမှ မမြင်ရ။ နောက်မှ တဖြည်းဖြည်း မျက်လုံးကျင့်သားရလာကာ အမှောင်ထဲမှ အရာဝတ္ထုများကို ဝိုးတဝါး မြင်လာ၏။ ပရိဘောဂပစ္စည်းများ ဗီရိုများနှင့် နံရံတွင် ချိတ်ထားသော ပြောင်လက်နေသည့် ငှက်ကြီးတောင်ဓားကြီး လေးလက်နှင့် တစ်နေရာတွင် ထောင်ထားသော လှံများ။ သူ ကျောချမ်းသွား၏။ နောက်မှ သိုင်းဆရာကြီး တစ်ယောက်နှင့် သူ့သားသုံးယောက်နေသော အိမ်မှန်း သတိရ၍ ဒါလောက်တော့ ရှိမှာပေါ့ ဟု သူ့စိတ်သူ ပြန်ဖြေ၏။ နားထဲတွင် လေးလေးပင်ပင် ဟောက်နေသံကြီး တစ်ခုကို မှန်မှန် ကြားနေ၏။ အဘိုးကြီး အိပ်ပျော်နေရှာတာပဲဟု သူ တွေးမိသေး၏။ လုပ်စရာရှိတာ အမြန်လုပ်မှဟု သတိရ၍ တံခါးတွင် ကပ်နေရာမှ အိမ်ထဲဝင်ရန် ခွာ၏။ ထိုခဏတွင်

ဝိုးတဝါး လူရိပ်တစ်ခု အိမ်အတွင်းဘက်မှ ချွတ်နင်းကာ ထွက်လာသည်ကို သူ တွေ့၏။ လက်ထဲတွင်လည်း အထုပ်တစ်ထုပ် ဆွဲလျက်သား ပါလာ၏။ ထိုအရိပ်မှာ တရွေ့ရွေ့နှင့် တဖြည်းဖြည်းချင်း သူ ရှိရာ တံခါးနားသို့ လာနေ၏။ သူသည် ရင်တဒိတ်ဒိတ် ခုန်လာဖြစ်၏။ လူရိပ်သည် တဖြည်းဖြည်း သူ့နား နီးကာ လာလေ၏။ သူသည် ထွက်လာသော လူရိပ်ကို ကြည့်နေရင်း စိတ်ထဲ ဘုရားပွဲ လှည့်နေသေးသည်။ လူရိပ် သူ့နားရောက်သည်နှင့် ဆီးပွေ့လိုက်ရင်း

'အသည်းလေး လာ … မောင် ဒီမှာ၊ ပြေးကြစို့'

'အောင်မလေးဗျ'

'ဟိုက် … အထီးကြီးပါလား၊ မင်း မင်း …'

'ခွ'

'ဟ မလုပ် မလုပ်နဲ့လေ၊ ဘယ်သူလဲဟ၊ သူခိုးလား'



www.burmeseclassic.com

www.burmeseclassic.com



'ခွပ်'

'အင့်'

'ဝုန်း ဒိုင်း'

'ဂလုံး ဂလွမ်း'

'ဟော့ အိမ်ရှေ့မှာ အသံကြားသကွ၊ သား သားတို့'

'သူခိုးဗျို့ … သူခိုး သူခိုး'

'မီး မီးဖွင့်စမ်း'

'ဟိုက် နှစ်ကောင်တောင်ကွ'

'ဟော့ မပြေးနဲ့၊ ညီလေး ဝရံတာပေါက်က ပိတ်လိုက်'

'ဘယ်ရမလဲ သူခိုးရာ'

'ဖြောင်း'

'အား'

'မိပြီ၊ နှစ်ယောက်လုံး မလှုပ်နဲ့'

'ကျွန် ကျွန်တော် သူခိုးမဟုတ်ဘူး ခင်ဗျ'

'ဘာ မဟုတ်ဘူးလဲ မိနေမှ'

'အမေ နေ နေဦးဗျ၊ ဒီကောင်တစ်ကောင် ကျွန်တော် တွေ့ဖူးတယ်'

'အေးကွ'

'ဟ … ဒါ အငယ်မရည်းစား လမ်းထိပ်ကကောင်ပဲ'

'အေးဟ အစ်ကိုကြီးရ၊ ဘယ်မလဲ အငယ်မ'

'အငယ်မ အငယ်မ ထစမ်း၊ လာစမ်း ဒီကို'

'ဟောတော့ ကိုကို ဘယ်လိုဖြစ်တာလဲ'

'စာ ‥စာရလို့ လာခိုးတာ၊ ဒီ မအေလွှားသူခိုးနဲ့ တိုးပြီး …'

'ဟော့လူ သူခိုးချင်း စကားကိုကြည့်ပြောနော်'

'ဟာ …နှစ်ကောင်လုံး တော်စမ်း၊ သားကြီး စခန်းကို ဖုန်းဆက်'

'ဟုတ်ကဲ့ အမေ'

သူသည် လူအများ အလယ်တွင် စိတ်ပျက်ပျက်နှင့် ခြေပစ် လက်ပစ်သာ ထိုင်ချလိုက်လေတော့၏။ ချစ်သူမျက်နှာကား အိုနေရှာလေသည်။ သူ့အဖြစ်ကား ဆိုးလေ၏။ မိန်းမခိုးရန် လာစဉ် တကယ့်သူခိုး





နှင့် တိုးရလေခြင်း။ ဘေးမှ သူခိုးကား မိနေကျပုံနှင့် ခပ်တည်တည်ရှိ၏။ သူသည် သူခိုးကိုကြည့်ရင်း လည်ပင်းထညှစ်ချင်စိတ်များ တဖွားဖွား ပေါ်နေ၏။ သို့သော် ဓားမိုးထားသော ယောက်ဖလောင်း သုံးယောက် ကြား ဘာမှတော့ ထမလုပ်ရဲ။ သူ့စိတ်ထဲ သူ ကြိုက်သော ရုပ်ဝင်ပါ တစ်ယောက်၏ သီချင်းစာသားများသာ ပေါ်နေလေသတည်း။

*'ယောက္ခမနေတဲ့အိမ် … ဝရံတာပေါ်က ထမီတန်းကြား … ငါ ဝင်ပုန်း ခိုးဝင် … ချောင်း တဲ့အချိန် … သူခိုးတက်တဲ့ညမှာငါ … သူခိုးနဲ့ငါ နှစ်ယောက်တိုး … ဝုန်းဒိုင်းကြဲ တစ်အိမ်လုံး နိုး ……… တိုက်ဆိုင်လိုက်တာများကွာ ဖေဖော်ဝါရီ ၉ ရက် သူတို့အိမ်ပေါ် သူခိုး တက် စဉ်းစားကြည့်ပါ စခန်းမှူးကြီးရယ် သူတစ်ယောက်ထဲ ခိုးတဲ့ဟာကို ကျွန်တော်နဲ့အတူ ဖောက်တယ် ပြောပြီး မှသာဝါဒ ကျူးလွန်ခဲ့ နှစ်အချိုးတစ်ဆိုတာ မဟုတ်ဘူး ညာတာ တကယ်က တစ်အချိုးတစ် အဲဒါတွေ ဒီမှာ ရှင်းတဲ့အချိန်ကျ အချစ်က ငါ့ကို မသိချင်ယောင်ဆောင် ရစ် ချစ်ခဲ့တာ လေးနှစ် အပြစ်မဲ့စွာ ခွေးဖြစ် တောင်းပန်တယ်ကွာ တလောကလုံး ပေါင်းကြဲလိုက်သလိုပဲ'*

နံနက်ခင်းသတင်းဂျာနယ်၊ နိုဝင်ဘာလ၊ ၂၀၀၈



www.burmeseclassic.com